“ မဟာဝိဇ္ဇာ ဘွဲ့ရ ”

WWW.DHAMMARANSI.COM

လယ်တီပဏ္ဍိတ - ဆရာဦးမောင်ကြီး

စီစဥ်ရေးသားအပ်သော

ကိုမိုးကြိုး ပေးပို့လှူဒါန်းပါသည်ခဗျာ

# ပဋ္ဌာန်း အမေးအဖြေ

[ ရုပ်တရား နာမ်တရားတို့၏ ပစ္စည်း, ပစ္စယုပ္ပန် သဘောအားဖြင့် အကြောင်း အကျိုး ဆက်လက်ဖြစ်ပွားပုံကို အချုပ်အားဖြင့် ရေး သားစီရင်ထားသော စာအုပ်ဖြစ်ပါသည်။ ]

(မူပိုင်)
“ မဟာဝိဇ္ဇာ ”
လယ်တီ ပဏ္ဍိတ ပညာတိုက်
၂၄-စတုတ္ထ သော်မဆင် ရိပ်သာ
ရန် ကုန် မြို့။

ဒီ-ပြား ၅၀

WWW.DHAMMARANSI.COM

စာအုပ်လင့်ပေါင်းစုံ

"မဟာဝိဇ္ဇာ"

လယ်တီ ပဏ္ဍိတ ပညာတိုက်

၂၄-စတုတ္ထ သော်မဆင် ရိပ်သာ

ရန်ကုန် မြို့။

**MAHAWEIZZA PUBLISHING HOUSE,**

No. 24, 4th Thompson Avenue,

Rangoon.

လယ်တီပဏ္ဍိတ

WWW.DHAMMARANSI.COM

## ဆရာဦးမောင်ကြီး

ရေးသားစီစဉ်အပ်သော

# ပဋ္ဌာန်း–အမေးအဖြေ

[ရုပ်တရား, နာမ်တရားတို့၏
ပစ္စည်း, ပစ္စယုပ္ပန်, သဘောအားဖြင့်
အကြောင်း အကျိုး ဆက်လက် ဖြစ်ပွားပုံကို
အချုပ် အားဖြင့် ရေးသား
စီစဉ် ထား သည်။]

(မူပိုင်)
လယ်တီပဏ္ဍိတ ပညာတိုက်
၂၄-စတုဿ သွန်မ ဆင် ရိပ်သာ
ရန်ကုန်မြို့။

No. 1

WWW.DHAMMARANSI.COM

ဂန္ဓမဒစာပုံနှိပ်တိုက်
အမှတ် ၁၄၅- လမ်း ၅၀
ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

# နိဒါန်း။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏ တူတော်အရင်း ဖြစ်တော်မူသော ရဟန်းတော် အရှင် ဦးသုမင်္ဂလ ကိုယ်တော်သည် ၁၂၈၈-ခု နတ္တော်လအတွင်း မုံရွာမြို့ လယ်တီ တိုက်ကြီးမှ မဇ္ဈိမဒေသသို့ဘုရားဖူးရန်, ရန်ကုန်မြို့သို့ ထွက်လာတော်မူခဲ့ရာ အကျွန်ုပ်ထံသို့ ကြွလာတော်မူပြီးလျှင် တိုက်တွန်းတော်မူသည်မှာ........

“ဆရာ ရေးသားသော ဓမ္မစကြာ-အမေးအဖြေ စာအုပ်, အနတ္တ လက္ခဏသုတ် အမေး အဖြေ စာအုပ်, မဟာသတိပဋ္ဌာန် အမေးအဖြေ စာအုပ်များသည် နိုင်ငံအနှံ့အပြား ထွန်း ကား ပျံ့ နှံ့ ပြီး လျှင် သာသနာတော်၏အကျိုး, ဗုဒ္ဓဘာသာမြန်မာအမျိုးသားတို့အကျိုးကို နေ့ရှိသမျှ သည်ပိုးရွက်ဆောင်၍ နေသည်မှာ လွန်စွာ ထင်ရှား လှပေပြီ။ သို့ရာတွင် ကြွင်းကျန်နေသော အချက်တခုကို ထင် မံ ဖြည့်စွက် ရေးသားရန် ဦးပဉ္စင်း တိုက်တွန်းပါရစေ။

ပဋ္ဌာန်း နှစ်ဆဲ့ လေး ပစ္စည်း၏ အမေး အဖြေများကို ဆရာမရေးသားသေးပါ။ ပစ္စည်း,ပစ္စယုပ္ပန်နှင့် တကွ ပဋ္ဌာန်း ကျမ်းနှင့် စပ်လျဉ်း၍ လိုရင်း အရေးတကြီး သိသင့် သိတိုက်သော သဘော

WWW.DHAMMARANSI.COM

အဓိပ္ပါယ် များကို လွယ်လွယ်နှင့် သိကြရအောင် **ပဋ္ဌာန်းအမေးအဖြေ** ဟူသောအမည်နှင့် စာအုပ်ငယ်တခု ပြုလုပ် ရေးသား စေလိုပါသည်။ ထိုစာအုပ်ကိုရေးသား၍ အနှံ့အပြားထွန်းကား သွားစေပါလျှင် လူပုဂ္ဂိုလ်များ၌သာမဟုတ်စာသင်သားရဟန်းတို့၌လည်း ပဋ္ဌာန်းနှင့် စပ်လျဉ်း၍ ဉာဏ်အခြေခံများကို တိုးပွား ရရှိကြပါလိမ့်မည်။ ရေးသားသောဆရာမှာလည်း ဓမ္မဒါနကုသိုလ်နှင့်ပညာအလှူတော်ကြီးများလည်း တိုးပွါးရန်ရှိပါသည်။”

ဤကဲ့သို့ တိုက်တွန်းတော် မူခြင်းကို အ ရင်းပဓာန ဝန်ခံချက်ထားပြီးလျှင် ဤ “ပဋ္ဌာန်း-အမေးအဖြေ” ကို ရေးသားရခြင်းဖြစ်ပါသည်။

ဤ-ပဋ္ဌာန်း အမေးအဖြေ ကျမ်းသည် ငယ်ပင်ငယ်သော်လည်း သရုပ်အဓိပ္ပါယ်ပေါင်း များစွာ ပြည့်နှက်၍ရှိသောကြောင့် ပဋ္ဌာန်းဉာဏ်နှင့် ဆိုင်သောအရာတွင် များစွာအကျိုးထွန်းကားစေနိုင်ပါလိမ့်မည်။ ဤ ကျမ်း ကို လေ့ ကျင့် ခဲ့ ပါ လျှင် ပစ္စည်း, ပစ္စယုပ္ပန်တို့၏ သရုပ်နှင့်တကွ ရုပ်, နာမ်, ခန္ဓာတို့၏ အချင်းချင်း ကျေးဇူးပြုကာ ဆက်သွယ်ကြပုံများကို ထင်ရှားစွာ သိမြင်တော် မူနိုင်ကြပါလိမ့်မည်။

WWW.DHAMMARANSI.COM



ပဋ္ဌာန်း ဒေသနာတော်ကြီး ဆိုသည်မှာ ဗုဒ္ဓသာသနာတော်တွင် လွန်စွာနက်နဲ၍ ခဲခက်သောအနှိုင်းသာရ အစစ်ကြီး ဖြစ်သောကြောင့် သာသနာတော်ကြီးနှင့် ကံအားလျော်စွာ ကြုံကြိုက်ကြသည့်အခါ လူဖြစ်ကျိုးနပ်အောင် မိမိတို့ သဏ္ဍာန်၌ ပဋ္ဌာန်းဉာဏ်မျိုးကို စိုက်ပျိုး ထူထောင်၍ ထားသင့်ကြပေသည်။ ။

ဤ ပဋ္ဌာန်း အမေးအဖြေသည် အလွယ်တကူနှင့် ပဋ္ဌာန်းဉာဏ် ပွင့်လင်းအောင် ရေးသားထားအပ်သော စာအုပ် ဖြစ်လေသောကြောင့် ပဋ္ဌာန်းဉာဏ်မျိုးကို စိုက်ပျိုးတော်မူလိုကြသော ပုဂ္ဂိုလ်အများတို့ အမြဲလက်ကိုင်ထားကာ ရှုစားလေ့ကျင့်တော်မူနိုင်ကြပါစေကုန်သတည်း။ ။

**လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီး၊**

၁၂၇၇-ခု၊ တပို့တွဲလဆန်း ၉-ရက်။

WWW.DHAMMARANSI.COM

# ပဋ္ဌာန်းအဖွင့်နှိုး

## ရောင်ခြည်တော်ဘွဲ့ဂါထာ

{၁} နီလာနီလာ နိစ္ဆရန္တိ၊
ပီတာပီတာစ ရံသိယော။
လောဟိတာ လောဟိတာဝဒာတာ၊
ဩဒါတော ဒါတရံ သိယော။ ။

{၂} တမ္ဗာတမ္ဗာစ မဉ္ဇိဋ္ဌာ၊
ပဘာဿရ ပဘာဿရာ။
ဆဗ္ဗဏ္ဏ ရံသိယော၊
ဌာတု မေ ဘဂဝါ သိရေ။ ။

ပဋ္ဌာနံ၊ နက်နဲထူးဆန်း ပဋ္ဌာန်းကျမ်းကို၊ သမ္မ သတ္တိသော၊ အနုလုံ, ပဋိလုံ, အစုံအဆန်, အဘန့်ဘန့် ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏၊ နီလာ၊ ဆံတော် မုတ်ဆိတ်တော် မျက်ဝန်းတော်တို့ စိမ်းညို့သောအရောင်ဌာနမှ၊ နီလာ၊ ကြာညို၊ နှ ညို ရတနာအညိုကဲ့သို့ စိမ်းတိုရို မြသားသင့်ဖြာ ညိုမှောင်သောရောင်ခြည်တော်တို့သည်၊နိစ္ဆရန္တိ၊ နေအထောင် လအထောင် ဖြာဟုန် နတ်အရောင် ရတနာ နဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကွယ်ကွယ် ဆုံ့ဩဘာဝယ်ယှဉ် အဆန်း

WWW.DHAMMARANSI.COM


တကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။ ပီတာဝ၊ သင်္ဂီရွှေဟော် အရေတော်မှာလည်း၊ ပီတာ၊ မဟာ ကေ့ကား ရွှေစကားနှင့် ရွှေသားရွှေရည် ထိန့်ကြည့် သစ်လင်း ပပ ့ဝင်းကုန်သော၊ ရုံသိယော၊ ဝါရောင် ဝင်းဖျပ် ရောင်ခြည်ခြောက်တို့သည်၊ နိဿရန္တိ၊ နေ အထောင့်၊ လအထောင့် ဖြာဟ္ပာနက်အရောင် ရတ နာနုဝရတ် အရောင်တို့ကို ထိပ်ခေါင်က ပွင့်မိုး၍ ဖြိုးဖြိုး ကြွယ်ကြွယ် အံ့ဖွယ်လျှင် အဆန်း တ ကြွယ် ကွန့်မြူးတော်မူကြလေကုန်၏။ ။

လောဟိတာ၊ အာဘော် ချော်တော် နှုတ်ခမ်း တော်နှင့် ခြေတော်ဘဝါး လက်ဘဝါး စသော ကိုယ်တော်အစိပ်စိပ်မှ၊ လောဟိတာ၊ ခေါင်ရမ်း၊ နှင်းဆီကမ္ဗလာနီနှင့် ကြာနီအလားပတ္တမြားအဆင်း ရှိကုန်သော၊ အာဘာ၊ နီရောင် ဝင်း ဖျပ် ရောင် ခြည်ခြောက်တို့သည်၊ နိဿရန္တိ၊ နေအထောင့်၊ လအ ထောင်ဖြာဟ္ပာနက်အရောင်ရတနာနုဝရတ်အရောင် တို့ကို ထိပ်ခေါင်က ပွင့်မိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဖွယ်လျှင် အဆန်း တကြွယ် ကွန့်မြူးတော်မူ ကြလေကုန်၏။ ဩဒါတာ၊ ငွယ်တော် သွားတော် မျက်ဖြူတော်အစုံဥဏ္ဏာလုံမွေးရှင်တော်ခြောက်မှ၊ ဩဒါ တရုံသိယော၊ စမ္ပါယ်ကြက်ရိုး ဖွန့်ပန်းကုံးနှင့် ငွေ

WWW.DHAMMARANSI.COM

တုံးဘောင်ဆိုင် ပိန်ပန်းဆိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူ နှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ရောင်ခြည်တော်ခေတ်တို့သည်၊ ဩဒါတ်၊ နေအဝေဝင့်လအဆောင် ဖြာဟွာနတ်အရောင် ရတနာနဝရတ်အရောင်တို့ကို ထိပ်ခေါင်ကသွယ်မိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် ဇွံခြဲဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏။ တမှာတမှာ၊ အထက်ဆံဖျားတော်တချောက်မှအောက်ခြေဘဝါးတော်တရိ ထိုထို-ထိုထို ကိုယ်တော်အပိုင်အပိုင်မှ မဉ္ဇိဋ္ဌာစ၊ ခရမ်းသွေးအရောင် မရမ်းသွေး အရောင် တဝေဝေတပြောင်ပြောင် သပြေရောင် အဆင်းကဲ့သို့ ထိန်ဝင်းညိုမောင်းသော ရောင်ခြည်တော်တို့သည်ရှင်း၊ ပဘဿရာစ၊ နတ်မီးအရောင် လျှပ်စည်းအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံ အရောင် ထိန့်ပြောင်ဝင်းလက် ကြက်လျှာပြန့်ပိန်ရောင်ထွက် သကဲ့သို့ စိုးစိုးရက်ရက် ဖြိုးဖြိုးဖြက်သော ရောင်ခြည်တော်တို့သည်ရှင်း၊ ပဘဿရ၊ နေအဝေဝင် လအဆောင် ဖြာဟွာနတ်အရောင် ရတနာနဝရတ်ရောင်တို့ကို ထိပ်ခေါင်ကသွယ်မိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် ဇွံခြဲဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

WWW.DHAMMARANSI.COM


ငေပံ၊ ဤရောင်ခြောက်သွယ် ရောင်တော်အလျှံ
ကို ချီးကြူးဘွင့်ဆိုရသည့်အတိုင်း၊ သဗ္ဗညုရှင်သိ၊
အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတကြောင်း
အခမောင်းတချက် မြူးပြက်ငွါးငွါး ခြောက်ပါးရောင်
ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင်ရရှိတော်မူပေသော၊
ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူ၍
အောင်သူညွတ်ရှိုး အထွတ်ဆုံးလည်းဖြစ်တော်မူပေ
ထသော၊ သော၊ ထိုသုံးလောကညွန့်ဖူး နိဗ္ဗာန်မှူး
ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်၊ မေ၊
ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ၂၄ စည်းက
လာင် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏
သိရေး ဆံပင်ဂနိုင်ပန်းမြိုင်တောညီ ပိန်းရိုန့်နှောင်း
ဦးခေါင်းထွင်ခေါ် တောင်ထွတ်ပေါ်၌၊ ဌာတု၊
ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နားကိန်း
ဝပ်တော်မူလျှပ သုံးလောက,ကောသျှောင် ရွှေဘုန်း
ခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

ဘဂဝန်ဘုန်းလျှင် နှန်းမြိုင်ဝရကင်း အဘော်
ကွာ၍ ကြောမင်း အစစ် ဖြစ်ကြီးဖြစ်တော်မူသော
တိဘဝပါရဂူ သယာမ္ဘူ၊ ရှင်တော်မြတ်ဘုရားသည်,
ငါးပါးမာရ်နှိုင် ပလ္လင်ဘွဲ့ထွတ် မြေတပွတ်ဝယ်
ရွှေဝတ်ထွာနှံ့ ကြာပရိုသို့ အစုန်လေးသီ နိုင်နှင်းဆီ

No. 2

WWW.DHAMMARANSI.COM


ကို ဟှမ်းမိုးဆွတ်ချွေ၍ ကဋ္ဌုတ်ဒွေဝန်စက်မှ လွှတ် ထွက်တော်မူပြီးနောက်......

သဋ္ဌာသဋ္ဌ နဝတာသိ ကိန်းယာသ်ဖြင့် နိမ့် ပြောင်းစံတော်မူသဲအခါရေတနာယံရသဋ္ဌာဟာဝယ် မနွှာက်ကျယ် သမုဒ်နှယ်သို့ ဆန်းကြယ်နက်ဖွမ်း ပဋ္ဌာန်းကျမ်းကို ဝေဘက်ဟွမ်းမြူးကွန့် ရွှေဉာဏ် တော်လွှန့်လေသော် ရောင်ညွှန့်ရောင်ငွယ် ရွှေဘုန်း တော်ချယ်သောကြောင့် သပ္ပါယ်တို့ရှုမဆုံး မိုးလုံး တပြင် ဝေဟင်အပြန့် မရေဝ်တန့်ဘဲ မဆန့်နိုင်တဝေ ဝေ ညို့,ရွှေ,နီ,ဖြူ အဆုဆုတွေးယှက်လျှက် နီမောင်း ရောင်အထွက် လျှပ်စည်းတွေ့ လက်သလို ပြိုးပြိုး ပြက် တငွါးငွါး ရောင်ခြောက်ရုံကစားလျှက် လော ကဓာတ်တိုက်အများကို ဖြန့်သွားအုပ်မိုးတော်မူကြ လေကုန်သတည်း။

ရောင်ခြည်တော်ဖူးညွှန့် တွေးယှက်လိမ်လူးလွှန့် လျှက် မြူးကွန့်တော်မူစေရန် အကြောင်းရင်း သမု ဋ္ဌာန် ဇာကန်-ဇာက ပဋ္ဌာနဟာ နယထူးဆန်း မြတ် ပဋ္ဌာန်းကို နှုင်လန်းသောဉာဏ်ကသိုဏ်း သမာဓိ ဖလ်,တံတိုင်းဖြင့် ဋ္ဌာန်ကရိုဏ်းပြီသစ္စာ စေတနာ ထွတ်အမြုတ်ဖြင့် ရွှတ်ဘတ် သရဏ္ဍာယ်တော်မူကြ ပါကုန်လော။

WWW.DHAMMARANSI.COM

# ပ ဋ္ဌာန်း — အ မေး အ ဖြေ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

.............................

## ပကာသ

{၁} ညို့,ရွှေ့,နီဖြူ၊ ရောင်မောင်းဟူ၊ ခြောက်ဆူ ဖြိုးဖြိုးပြက်။

{၂} ပဋ္ဌာန်းအရှိန်၊ တထိန်ထိန်၊ မှု နှိန် ရောင် တော်စက်။

{၃} ရွှေအိမ်ရတနာ၊ စံနေခါ၊ ဦးစွာဆင်ခြင် ချက်။

{၄} ပဋ္ဌာဖြဘွေ၊ ဝတ်နှိုခြေ၊ ပင်ခြေ့ကသစ် ထက်။

{၅} နှစ်ဆဲ့လေးခန်း၊ မြတ်ပဋ္ဌာန်း၊ ရွှင်လန်း မိန့်တော်မြွက်။

{၆} ကမ္ဘာ ဆိမ့်ဆိမ့်၊ ရွှေ ခွန်း လှိမ့်၊ သံမြိမ့် နှုတ်တော်ထွက်။

{၇} သိမ်မွေ့ထူးချွန်၊ နည်းတသွန်၊ အာဟုန် ဆန်းကြွယ်နက်။

WWW.DHAMMARANSI.COM



{၈} ပဋ္ဌာန်းဒိန့်ကြွား၊ ရှင်တော်ဖျား၊ ဝတ်ထွားဦးနှိမ်လျက်။

{၉} ပဋ္ဌာန်းအမွန်၊ ကျမ်းကိုညွန်၊ အကျွန်ုပ်ရှိခိုးလျက်။

{၁၀} သာဓိပုဂ္ဂြာ၊ တော်လကျာ၊ ပဏာရှိခိုးဆက်။

{၁၁} လယ်တီဘုန်းမော်၊ ကျေးဇူးတော်၊ ကော်ရော်မြတ်နိုးလျက်။

{၁၂} ပဋ္ဌာန်း, ဖြေ, မေး၊ ကျွန်ုပ်ရေး၊ မထွေးမရှုပ်ရှက်။

{၁၃} ပစ္စည်းပြုရိုး၊ ဖြစ်ပေါ်ကျိုး၊ နှစ်မျိုးဉာဏ်စွယ်ထွက်။

{၁၄} ပဋ္ဌာန်းမေးဖြေ၊ လေ့ကျင့်ပေ၊ သိလေမခဲခက်။

{၁၅} တကဲ့အနှစ်၊ ဉာဏ်ဘွင့်ဘှစ်၊ တက်သစ်နေသို့လက်။

{၁၆} ဝိပဿနာ၊ ဉာဏ်ပညာ၊ လွယ်စွာလင်းမှန်တက်။

WWW.DHAMMARANSI.COM


မေး။ ။ဘုန်းတော် ခြောက်ဆူ ပန်းမဟူ့ဖြင့်လျှင် ကြွကြွည့်အား သုံးတန်ဝေးကို ဖြန့်ဝေ့ဆွေးတော် မူစေနိုင်သော ရှင်တော်မြတ်ဘုရားသည် ပဋ္ဌာန်းဒေသနာတော်မြတ်ကို အဘယ်အခရင်၌ ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ဘုန်းတော်မကိုဋ် အောင်လံစိုက်၍ သုံးတိုက်ဝေနေ မျှားဗိုလ်ခြောက်ရ၏ ရှိသေ ဦးညွှတ်ရာ ဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ယုဇနာတသောင်းကျယ်သော တာဝတိံသာနတ်မြို့တော်ကြီးအတွင်း ပင်လယ်ကာသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်ထူးဆန်းနက်နဲသွပ်စွါသော ပဋ္ဌာန်းဒေသနာတော်မြတ်ကို အကျယ်အားဖြင့်ဟောကြားတော်မူပါသည်။

မေး။ ။ပဋ္ဌာန်းဒေသနာ၏ ဟောကြားရာ ဌာနကိုသိရပါပြီ။ ရှင်တော်မြတ်ဘုရားသည် ထိုပဋ္ဌာန်းဒေသနာတော်မြတ်ကို အဘယ်ကာလ, အဘယ်အရပ်ဌာနတွင် ရှေးဦးစွာဆင်ခြင်သုံးသပ်တော် မူပါသနည်း။

ဖြေ။ ။ဗောဓိမဏ္ဍိုင်ဝယ် လေးရိုင်သောသစ္စာပန်းကို ဆင်မြန်းတော်မူပြီး၍ သုံးလောက ထွတ်

WWW.DHAMMARANSI.COM

ထား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရှစ်ပါးသောအရပ်ဌာနတို့၌ သတ္တာဟ စံနေတော်မူစဉ်အခါ စတုတ္ထသတ္တာဟ, ရတနာဃရ ရွှေအိမ်နန်းတွင် ပဋ္ဌာန်းဒေသနာတော်မြတ်ကိုသုံးသပ်ဆင်ခြင်တော်မူပါသည်။

မေး။ ။ဓမ္မသင်္ဂဏီအစရှိသော အဘိဓမ္မာခုနစ်ကျမ်းတို့တွင် ဤပဋ္ဌာန်းကျမ်းသည် အဘယ်ဌာန၌ တည်ရှိပါသနည်း။

ဖြေ။ ။ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓါတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်းဟူ၍ အဘိဓမ္မာ ခုနစ်ကျမ်းရှိရာတွင် ဤပဋ္ဌာန်းကျမ်းသည် ခုနစ်ခုမြောက် သတ္တမဌာန၌တည်သော ကျမ်းကြီးဖြစ်ပါသည်။

မေး။ ။ရတနာဃရ, သတ္တာဟ၌ ထိုပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ် ဆင်ခြင်တော်မူသော အခါ ရှင်တော်မြတ်ဘုရား၏သန္တာန်တော်မှာအဘယ်ကဲ့သို့ ထူးတွေ့သော အခြင်းအရာတော်များ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ဓမ္မသင်္ဂဏီ အစရှိသောအောက်ခြောက်ကျမ်းတို့ကို သုံးသပ် ဆင်ခြင်တော်မူသော *အခါ ရှင်တော်ဘုရား၏သန္တာန်မှ ရောင်ခြည်တော်ခြောက်

WWW.DHAMMARANSI.COM


ပါးထွက်ပေါ် မြူးကွန့်ခြင်းမရှိပါ။ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၌ သာလျှင် ရောင်ခြည်တော်ခြောက်ပါး ထင်ရှားစွာထွက်ပေါ် မြူးကွန့်၍လာပါသည်။

မေး။ ။အဘယ် အကြောင်းကြောင့် ပဋ္ဌာန်းကျမ်းမြတ်ကိုသုံးသပ်ဆင်ခြင်တော်မူမှ ရောင်ခြည်တော်ခြောက်ဆူ မြူးကွန့်တော်မူပါသနည်း။

ဖြေ။ ။ပဋ္ဌာန်း ကျမ်းမြတ်သည် အခြားသော အဘိဓမ္မာကျမ်းတို့ထက် သဘောသဘာဝ ဓမ္မ,နည်းနိသျအားဖြင့် ကြီးကျယ်နက်နဲလှပါသည်။ သဗ္ဗညု ရွှေဉာဏ်တော်သည် အခြားသော အဘိဓမ္မာခြောက်ကျမ်းတို့၌ အစွမ်းရှိသမျှလူးလွန့်,မြူးကွန့်ခွင့်ကို မရပါ။ နည်းပေါင်းများစွာတို့ဖြင့် ကျယ်ဝန်းနက်နဲလှ၍ နယသာဂရမည်သော ပဋ္ဌာန်းကျမ်းကြီး၌သာ အစွမ်းရှိသမျှ လူးလွန့်, မြူးကွန့်ခွင့်ကိုရပါသည်။

သမုဒ္ဒရာကြီးသဖွယ် ကြီးကျယ်နက်နဲလှသော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးအတွင်း၌ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး ကျက်စားကွန့်မြူးလေသောအခါ ရေးဦးစွာ ရွှေဉာဏ်တော်တည်းဟူသော နှလုံးခေတ်များသည် အထူးသဖြင့် ကြည်လင်တော်မူကြပါသည်၊ ဉာဏ်တော်၏ ကြည်လင်ခြင်းကြောင့်

WWW.DHAMMARANSI.COM

ထိုဉာဏ်တော်အရှိန်ကို ရိုးရွံ့၍ ဖြစ်ကြ ကုန်သော ရုပ်ခါတ်အပေါင်းတို့သည် ကောင်းစွာ ကြည်လင်ကြပါသည်၊ ထိုအခါ ကိုယ်တော်မြတ်၏ ရုပ်ခါတ်သဏ္ဍာန်တော်မှ ရောင်ခြည်တော် ခြောက်ဆိုင်တို့သည် အဖြိုင်ဖြိုင်အဖြိုင်ဖြိုင် ထွက်ကြွကွန့်မြူးကြပါသည်၊ ဤသည်ကား ပဋ္ဌာန်းဒေသနာကို ဆင်ခြင်တော်မူရာ၌ ရောင်ခြည်တော်ခြောက်ဆူတို့၏ထွက်တော်မူပုံ သဘောဖြစ်ပါသည်။

မေး။ ။ကျမ်းဂန်တို့၌ ပြဆိုအပ်သောအတိုင်း မဟာ သမုဒ္ဒရာသဘွယ် ကြီးကျယ် နက်နဲ လှသော သာဂရ လေးပါးသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ဇလသာဂရ၊ သံသာရသာဂရ၊ ဉာဏသာဂရ၊ နယသာဂရ၊ ဤသည်ကား သာဂရ လေးပါး၏ သရုပ်ဖြစ်ပါသည်။

မေး။ ။ထိုသာဂရ လေးပါး၏ သဘော အဓိပ္ပါယ်ကို ထိလွယ်ရုံဖော်ပြပါ။

ဖြေ။ ။ကမ္ဘာ လောကကို ဝန်းရံ၍နေသော သမုဒ္ဒရာရေပြင်ကျယ်ကြီးကို ဇလသာဂရခေါ်ပါသည်၊ သတ္တဝါတို့၏ ကျင်လည်ကြက်စားရာ ရှည်လျား ကျယ်ဝန်းလှစွာသော သံသရာကြီးကို သံသာရသာဂရခေါ်ပါသည်၊ အလွန်ကျယ်ဝန်းလှစွာ

WWW.DHAMMARANSI.COM


သော သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဉာဏ သာဂရ ခေါ်ပါသည်၊ နည်းပေါင်းများစွာတို့ဖြင့် နက်နဲကျယ်ဝန်းလှသော ပဌာန်းကျမ်းကြီးကို နယ သာဂရ ခေါ်ပါသည်။

မေး။ ။ပဌာန်းကျမ်းမြတ်ကို သုံးသပ် ဆင်ခြင် တော်မူရာ၌ ထွက်ပေါ်လာသော ရောင်ခြည်တော် ခြောက်ပါးတို့၏ သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။(၁) နီလ=စိမ်းညိုသော ရောင်ခြည် တော်၊ (၂) ပီတ=ဝါရွှေသော ရောင်ခြည်တော်၊ (၃) လောဟိတ=နီမြန်းသော ရောင်ခြည်တော်၊ (၄) ဩဒါတ=ဖြူဖွေးသော ရောင်ခြည်တော်၊ (၅) မဉ္ဇိဋ္ဌ=မောင်းသောရောင်ခြည်တော်၊ (၆) ပဘဿ ရ=အရောင်စုံ ရောယှက်၍ ဖြိုးဖြိုးဖြက်ဖြက် ထွန်း လင်းသော ရောင်ခြည်တော်၊ ဤသည်ကား ရောင် ခြည်တော် ခြောက်ပါးတို့၏ သရုပ် အဓိပ္ပါယ်များ ဖြစ်ပါသည်။

မေး။ ။ထိုရောင်ခြည်တော် ခြောက်ပါးတို့တွင် 'နီလ' ရောင်ခြည်တော်သည် အဘယ် ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါ သနည်း။

ဖြေ။ ။ဆံတော်, မုတ်ဆိတ်တော်, မျက်နက်

WWW.DHAMMARANSI.COM

တော်မူစဉ် စိမ်းညိုသော အရပ်ဌာနတို့မှ နီလ ရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်။ ထို အခါ အနန္တ လောကဓာတ် အပြင်နှင့် အဇဋာဂွင် ကောင်းကင်အလုံးမှာ အောင်မဲညိုပန်း, ကြာညို ပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို, နီလာကျောက်,မြ ကျောက်တို့ဖြင့် ကြဲဖြောက်၍ထားသလို, နီလာယပ် တောင် ဖြယပ်တောင်တို့ဖြင့် တ ပြောင် ပြောင် လွှဲခပ်၍နေသလို,ပဲပြားရဆိုးကိုဖြန့်ရိုး၍ထားသလို, စိမ်းညိုသော အရောင်တို့ဖြင့် တပြောင်ပြောင် ထိန် လင်း၍နေပါသည်။

မေး။ ။ 'ပီတ' ရောင်ခြည်တော်သည် အဘယ် ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူး တော်မူပါသနည်း။

ဖြေ။ ။ အရေတော်နှင့်အသားတော်မှုစဉ် ဝါရွှေ သော အရပ် ဌာန တို့မှ 'ပီတ' ရောင် ခြည် တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တ လော ကဓာတ်အပြင်နှင့် အဇဋာဂွင် ကောင်းကင် အလုံး မှာ မဟာလှေကားပန်း, စကားပန်း, ပိတောက် ပန်း တို့ဖြင့် ဖုံးလွှမ်း၍ထားသလို, ရွှေရေတံခွန် စီး သွန်းချသင်းကာ ရွှေမိုးတွေ ရွာသလို, ရွှေနှာခုနီ သိင်္ဂီယပ်တောင်တို့ဖြင့် တပြောင်ပြောင် လွှဲခပ်၍

WWW.DHAMMARANSI.COM


နေသလို၊ ရွှေပြတန် ရွှေဝါဆိုင်းတို့ဖြင့် ဖြန့်ဖိုးဝန်းရံ၍ ထားသလို၊ ထိုနည်းတူစွာ ဝါရွှေသော အရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည်။

မေး။ ။ 'လောဟိတ' ရောင် ခြည် တော် သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ။ အသွေးတော်၊ လက်သည်းတော်၊ ခြေသည်းတော်၊ ခြေဘဝါးတော်၊ လက်ဘဝါးတော်၊ နှုတ်ခမ်းတော်၊ လျှာတော်မှစ၍ နီမြန်းသော အရပ်ဌာနတို့မှ လောဟိတ ရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်။ ထိုအခါ အနန္တ လောကဓာတ် အပြင်နှင့် အဇ္ဈောသွင် ကောင်းကင်အလုံးမှာ ကြာနီ ပန်း၊ နှင်းဆီပန်း၊ ခေါင်ရန်းပန်း တို့ဖြင့် ဖုံးလွှမ်း၍ ထားသလို၊ ပတ္တမြားကျောက်တို့ကို ကြဲဖြောင်၍ ထားသလို၊ ပတ္တမြားယပ်တောင်တို့ဖြင့် တပြောင် ပြောင် လှဲခပ်၍နေသလို၊ ကမ္ဗလာနီ ရုံးကို ဖြန့် ဖိုးဝန်းရံ၍ထားသလို၊ ထိုနည်းတပြေးနီထွေးသော အရောင်တို့ဖြင့် ပြောင်ပြောင် ထိန်လင်း၍ နေပါ သည်။

မေး။ ။ 'ဩဒါတ' ရောင်ခြည်တော်သည် အ

WWW.DHAMMARANSI.COM


ဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့ အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ။သွားတော်,စွယ်တော်, အရိုးတော်,မျက်ဖြူတော်, ဥဏ္ဏာလုံမွေရှင်တော် စသော ဖြူသော အရပ်ဌာနတို့မှ ဩဒါတ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တ လောကဓာတ်အပြင်နှင့် အဇဋာကာသင်ကောင်းကင်အလုံးမှာ ကြာဖြူပန်း, မြတ်လေးဖြူပန်း, ဇွန်ပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို, ပုလဲနှင့်စိန်ကျောက်တို့ဖြင့် ကြဲဖြောက်၍ထားသလို, ငွေရေတံခွန် စီးသွန် ကျဆင်းကာငွေမိုးတွေရွာသလို, ငွေပြားသင်တောင်တို့ဖြင့် တပြောင်ပြောင်ထွဲခင်း၍နေသလို, ငွေပြတန်ဆာဖြူပုဆိုးတို့ဖြင့် ဖြန့်ရိုး၍ထားသလို, ထိုနည်းအတူ ဖြူသော ရောင်ခြည်တော်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည်။

မေး။ ။'မဉ္ဇိဋ္ဌ' ရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ။ရှင်တော်မြတ် ဘုရား၏ ထို ထို ကိုယ်တော် အပိတ်ပိတ်မှ မဉ္ဇိဋ္ဌ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ်

WWW.DHAMMARANSI.COM


အပြင်နှင့် အဇ္ဈတ္တခွင် ကောင်းကင်အလုံးမှာ သပြေသီးမှည့်ရောင်, မိုးကြိုးရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည်။

မေး။ ။'ပဘဿရ' ရောင်ခြည်တော်သည် အဘယ်ဋ္ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့အားဖြင့် ကွန့်မြူးတော်မူပါသနည်း။

ဖြေ။ ။ရှင်တော်မြတ်ဘုရား၏ ရွှေကိုယ်တော်အလုံးမှ ပဘဿရ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။ ထိုအခါ အနန္တလောကဓာတ် အပြင်နှင့် အဇ္ဈတ္တခွင် ကောင်းကင်အလုံးမှာ နီ, ဖြူ, ညို, မှောင်, အရောင်အမျိုးစုံရှိသောပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို, နီ, ဖြူ, ညို, မှောင်, အရောင် အမျိုးစုံရှိသော နဝရတ်ကျောက်တို့ဖြင့် ကြဲမြောက်၍ထားသလို, ကောင်းကင်တရိုးမှ နဝရတ်မိုးကြီး ဖြိုးဖြိုးစေသွန်၍ ရေတံခွန် ကျဆင်းသလို, နဝရတ်ကိုးသွယ် စီခြယ်အပ်သော ပုဆိုးဖြင့် ဖြန့်မိုး၍ထားသလို, အရောင်မျိုးစုံရှိသော မီးပန်း, မီးရှူးတို့ဖြင့် အထူးထူးအထွေထွေ ညှိထွန်း၍ ထားသလို, ထိုနည်း၍ပုံ ရောင်စုံထွေးယှက် ဖြိုးဖြိုးဖြက်သော အရောင်တို့ဖြင့်တပြောင်ပြောင်ထိန်လင်း၍နေပါသည်

မေး။ ။ရောင်ခြည်တော်ခြောက်ရုံအကုန်ထွက်

WWW.DHAMMARANSI.COM

၍ကွန့်မြူးကြသောအခါ အခြား အရောင်များသည် ရောင်ခြည်တော် ခြောက်ဆိုင်းနှင့် မြိုင်ဆိုင်၍ ကွန့်မြူး တောက်နိုင်ပါမည်လော။

ဖြေ။ ။အနန္တ လောကဓာတ်အတွင်းမှာ ရောင်ခြည်တော်ခြောက်ဆိုင်းနှင့် မြိုင်ဆိုင်၍တွန်းတောက်နိုင်သော အရောင်အလင်းတခုမျှမရှိပါ။ ရောင်ခြည်တော် ခြောက်သွယ်တို့ တင့်တယ်စွာ ကွန့်မြူးလာသောအခါ နေရောင်, လရောင်,ကြယ်တာရာရောင်, ရတနာရောင်, နတ်ဗြဟ္မာတို့၏ ဘုံဗိမာန် အရောင်တို့သည် မတွန်း မပြောင်နိုင်ကြကုန်ဘဲ အရောင်တန်ခိုး၏ ယှဉ်မရိုးခြင်းကိုသာ ခံကြရ ပါသည်။ စကြာဝဠာပေါင်း တသောင်းကုံ ကိုယ်ရောင် ဖြင့် ထွန်းပနိုင်သော ဗြဟ္မာ ကြီးတို့၏ အရောင်များသည်လည်း နေဝန်း ထွက်ပြူ လာသောအခါ ပိုးစုန်းကြူးရောင်ကဲ့သို့ဖြစ်ကြရပါသည်။ ရောင်ခြည်တော် ခြောက်ပါး၏ တန်ခိုးသည် ဤမျှလောက် ယှဉ်မရိုးနိုင်ပါသည်။

မေး။ ။ထိုရောင်ခြည်တော်ခြောက်ပါးတို့သည် အဘယ်မျှလောက်ဖြန့်နှံ့၍ထွန်းလင်းနိုင်ပါသနည်း။

ဖြေ။ ။ရှင်တော်ဘုရား၏ ကိုယ်တော်မှ ထွက်ကြွကွန့်မြူးသော ရောင်ခြည်တော်ခြောက်ရုံ ရှုပါမှ

တို့သည် ထက်ဝန်းကျင် အရပ် ဆယ်မျက်နှာသို့ ပြန့်နှံ့၍ အနန္တ လောကဓာတ်များသို့ တိုင်အောင် လွှမ်းမိုး၍ထွန်းလင်းနိုင်ပါသည်။

မေး။ ။ထိုရောင်ခြည်တော် ခြောက်ပါးတို့သည် ယခုအခါသို့တိုင်အောင် ထွန်းလင်းဆဲရှိကြပါသေးသလော။

ဖြေ။ ။အဆုံးမရှိသော အနန္တ လောကဓာတ်များသို့ ပျံ့သန်း ကွန့်မြူးကြသော ရောင်ခြည်တော်တို့သည် ယခုအခါသို့ တိုင်အောင် ချုပ်ကွယ်ခြင်း မရှိဘဲ ထွန်းတောက်ဆဲ ဖြစ်ကြသည်ဟု ကျမ်းဂန်တို့၌ ပြဆိုပါသည်။

မေး။ ။သာဓု, သာဓု, သာဓု! ပဋ္ဌာန်း ဒေသနာတော်ကို ဆင်ခြင်ရာဌာနမှစ၍ ရောင်ခြည်တော် ခြောက်ရုံတို့၏ ထွန်းတောက် ကွန့်မြူးပုံများကို အကျယ်အားဖြင့် ဖြေကြား ပေးသောကြောင့် ဝမ်းမြောက် ဝမ်းသာစွာ 'သဒ္ဓါကြည်ညိုရပေပြီ။ ထို့ပြင်တဘန် မေးမြန်းရန် ရှိပြန်သည်မှာ ရှင်တော်မြတ်ဘုရားသည် ထိုပဋ္ဌာန်းတရားကို အဘယ် အခါကာလ၌ ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ခြောက်ဝါအတွင်း ခုနစ်ဝါမြောက် ကာ

WWW.DHAMMARANSI.COM

လ၍ ထိုပဋ္ဌာန်းတရားကို ဟော ကြား တော် မူ ပါ သည်။

မေး။ ။အဘယ်အရပ်ဌာနမှာဟောကြားတော်မူပါသနည်း။

ဖြေ။ ။တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူပါသည်။

မေး။ ။ပဋ္ဌာန်းတရားကိုဟောကြားရန်အလို့ငှါ ဘယ်အရပ်ဌာနမှ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူပါသနည်း။

ဖြေ။ ။ဘုန်းတော် ခြောက်ဆူ အောင်လံ ထူ၍ ပြိုင်သူဘက်ကင်း မင်းထက်မင်း ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည် ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ခါနီးတွင် သာဝတ္ထိနေပြည်တော် ကြီးနှင့် တိတ္ထိအပေါင်းတို့ကို နှိမ်နင်းတော်မူခြင်းငှါ တန်ခိုး ဖျာဋိဟာကို အံ့ဩဘွယ်ရာပြတော်မူပါသည်။ ထို တန်ခိုးပြာဋိဟာကိုပြတော်မူ၍အပြီးတွင် ဘန်ခင်း အင်ခေသာ ရတနာဝကြိုကြီးမှ တာဝတိံသာနတ် ပြည်သို့တက်ကြွတော်မူပါသည်။

မေး။ ။တာဝတိံသာ နတ်ပြည်သို့ တက်ကြွ တော် မူရာတွင် အဘယ်သို့ တက်ကြွတော် မူပါ သနည်း။

WWW.DHAMMARANSI.COM 

ဖြေ။ ။ နှစ်လှမ်း, သုံးဘဝါး, တန့်ခိုးတော်အားဖြင့် တက်ကြွတော်မူပါသည်။

မေး။ ။ နှစ်လှမ်း,သုံးဘဝါး, တက်ကြွတော်မူပုံကို ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ ။ တန့်ခိုး ပြတော်မူရာဖြစ်သော ရတနာစင်္ကြံထက်မှ လက်ျာခြေတော်ကိုကြွ၍ ယုဂန္ဓိုရ်၏ တောင်ထိပ်၌ တဘဝါး နင်းတော်မူပါသည်။ ထို့နောင် ရတနာစင်္ကြံထက်မှ လက်ဝဲခြေတော်ကိုကြွ၍ မြင့်မိုရ်တောင်ထိပ်၌တဘဝါးနင်းတော်မူပါသည်။ ရတနာစင်္ကြံထက်မှ ယုဂန္ဓိုရ် တောင်ထိပ်သို့ တလှမ်း, ရတနာ စင်္ကြံထက်မှ မြင့်မိုရ် တောင်ထိပ်သို့ တလှမ်း, ရတနာ စင်္ကြံထက်၌ ဘဝါးတော် တခု, ယုဂန္ဓိုရ်၏ တောင်ထိပ်၌ ဘဝါးတော်တခု, မြင့်မိုရ်တောင်ထိပ်၌ ဘဝါးတော်တခု ဤသည်ကား နှစ်လှမ်း, သုံးဘဝါး ကြွတော်မူရာဝယ် ထင်ရှားစွာ သိလွယ်အောင် အဓိပ္ပါယ်ဖော်ပြချက်ဖြစ်ပါသည်။

မေး။ ။တာဝတိံသာ နတ်ပြည်၌ ပဋ္ဌာန်းတရားကို ဟောကြားတော်မူသည်ဟုဆိုရာတွင် အဘယ်နေရာထက်၌ ထိုင်၍ ဟောကြားတော် မူပါသနည်း။

ဖြေ။ ။ပင်လယ် ကသစ်ပင်ရင်း၌ ခင်းထား

WWW.DHAMMARANSI.COM

အင်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီတင်းသုံး၍ ဟောကြားတော် မူပါသည်။

မေး။ ။ထိုပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အလျား, အနံ, အထု, ယူဇနာ, အားဖြင့် အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာ ခြောက်ဆယ်, အနံ အားဖြင့် ယူဇနာငါးဆယ်, အထုအားဖြင့် တဆယ့်ငါးယူဇနာရှိပါသည်။

မေး။ ။အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ ပဋ္ဌာန်းဒေသနာတော် တရားကို ဟောကြားတော် မူပါသနည်း။

ဖြေ။ ။မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားကို အမှူးထား၍ ဟောတော်မူပါသည်။

မေး။ ။ထိုအခါ အဘယ်မျှလောက်သော စကြာဝဠာတို့မှ နတ်ဗြဟ္မာ အပေါင်းတို့ လာရောက်၍ ပဋ္ဌာန်းတရားကို ကြားနာကြပါသနည်း။

ဖြေ။ ။တသောင်းသော စကြာဝဠာတိုက်တို့မှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်၍ ကြားနာကြပါသည်။

မေး။ ။အဘိဓမ္မာ ရှုနှိပ်ကျမ်းကို အဘယ်မျှ

WWW.DHAMMADOWNLOAD.COM


လောက် ကာလအပိုင်းအခြားတို့ဖြင့် ပြီးဆုံးအောင် ဟောကြားတော်မူပါသနည်း။

ဖြေ။ ။ရှနှစ်ဝါခြောက်သောအခါ ဝါခင်လပြည့် ကျော်တရက်နေ့က စ၍သီတင်းကျွတ်လပြည့်နေ့သို့ တိုင်အောင် သုံးလအပိုင်းအခြားဖြင့် ဟောကြား တော်မူပါသည်။

မေး။ အဘယ် ခုနှစ် သက္ကရာဇ် တွင် ပဋ္ဌာန်း တရားကို ဟောကြားတော်မူပါသနည်း။

ဖြေ။ ။မဟာသက္ကရာဇ်, ၁၀၉-ခုနှစ်တွင်ပဋ္ဌာန်း တရားကိုဟောကြားတော်မူပါသည်။

မေး။ ။မြတ်စွာဘုရား ပဋ္ဌာန်းအဆုံး ရှိသော အဘိဓမ္မာခုနစ်ကျမ်းတို့ကို ဟောကြားတော် မူပြီး သောအခါ အဘယ်မျှ အရေအတွက်ရှိသော နတ် ဗြဟ္မာ အပေါင်းတို့သည် တရားထူးကို သိမြင်၍ ကျွတ်တန်းဝင်ကြပါသနည်း။

ဖြေ။ ။နတ်ဗြဟ္မာအပေါင်း ကုဋေရှစ်သောင်း တို့သည် တရားထူးကိုသိမြင်၍ ကျွတ်တန်းဝင်ကြ ပါသည်။

မေး။ ။မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားသည် အဘိဓမ္မာတရားပွဲကြီး ပြီးဆုံး

WWW.DHAMMARANSI.COM

သောအခါ အဘယ်သို့သော အကျိုးထူး များကို ခံစားရပါသနည်း။

ဖြေ။ ။သဒ္ဓါ၊ သာဓုတနုတ်သားသည် ဒိဋ္ဌိနှင့် ဝိဒ္ဓိကိလေသာကို ရှင်းလင်းအောင်ပယ်ခွါ၍ သောတာပန်ဖြစ်ခြင်းတည်းဟူသော အကျိုးထူးကို ခံစားရပါသည်။

မေး။ ။တာဝတိံသာနတ်ပြည်မှာ ဟောသောပဋ္ဌာန်းတရားသည် လူ့ပြည်လောကမှာ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထွန်းကားလာပါသနည်း။

ဖြေ။ ။ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို အကြောင်းပြု၍ ထွန်းကားလာပါသည်။

မေး။ ။ထိုအကြောင်းကို ထင်ရှားစွာ ဖော်ပြပါ။

ဖြေ။ ။ရှင်တော်မြတ်ဘုရားသည်တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထား အပ်သောပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ ဝါကပ်တော်မူပြီးလျှင် အဘိဓမ္မာခုနစ်ကျမ်းကိုဟောကြားတော်မူရာ ဆွမ်းခံချိန်အခါ၌ တရားဟော မပျက်စေရန် နိမ္မိတကိုယ်တော်ပွားကိုဖန်ဆင်း၍ ထားခဲ့ပြီးမှ မြောက်ကျွန်းသို့ ဆွမ်းခံ ကြွတော် မူရန်

WWW.DHAMMARANSI.COM

ဟိမဝန္တာ-အနောတတ်အိုင်သို့ ဆင်းသက်တော်မူ ပါသည်။ထိုအခါရှင်သာရိပုတ္တရာ ကိုယ်တော်မြတ် ကြီးသည် ရှင်တော်မြတ်ဘုရားအား ဝတ်ကြီးဝတ် ငယ်အသွယ်သွယ်တို့ကို ပြုလုပ်ဆောင်ရွက်တော်မူ ပါသည်။ ရှင်တော်မြတ် ဘုရားက တာဝတိံသာ နတ်ပြည်၌ ဟောကြားပြီးသမျှသော အဘိဓမ္မာ တရားတော်များကို ရှင်သာရိပုတ္တရာအား နေ့စဉ် ပြန်၍ ဟောကြားတော်မူပါသည်။

ထိုနောက်တဖန် ရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးက ငါးရာသော တပည့် ရဟန်းတော်တို့ အားနေ့စဉ်အားဖြင့် သင်ကြားပို့ချတော်မူပါသည်။ ထိုအခါကစ၍ အဘိဓမ္မာ ဒေသနာတော်ကြီးသည် လူ့ပြည် လောက၌ ထွန်းကား ပြန့်ပွား၍ လာ ပါသည်။

## နိဒါန်းအမေးအဖြေပြီး၏။

မေး။ ။ဘုန်းတော်ခြောက်သွယ် ပန်းမဥ္ဇူဖြင့် လျှံ ကြွေ တိုက်တဝေးကို ပြန့်မွှေးတော် မူစေနိုင် သော သုံးလောကဥသျှောင် ဘုန်းခေါင်မြတ်ဘုရား သည် ယမိုက် ကျမ်းကို ဟောပြီးသည့် အဆုံး၌ ပဋ္ဌာန်းဒေသနာကို အဘယ်သို့စတင်ကာ ဟော ကြားတော်မူပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ဘုန်းတော်အကြိုက် မကိုဋ်သရဖူ ဆောင်းတော်မူသော တဆူထွတ်ထား သဗ္ဗညု ရှင်တော်မြတ်ဘုရားသည် ယမိုက်ကျမ်းကို ဟော တော်မူပြီးသည့်၏အဆုံး၌ ဟေတု ပစ္စယော အာ ရမ္မဏပစ္စယော, အဓိပတိပစ္စယော, ဤသို့ စသော အားဖြင့် ပဋ္ဌာန်းဒေသနာကို စတင်ကာဟောကြား တော်မူပါသည်။

မေး။ ။ပဋ္ဌာန်း ကျမ်းကြီး၌ ပစ္စယုဒ္ဒေသ ခေါ်သော ပစ္စည်းအချုပ် သရုပ်ပေါင်းမည်မျှရှိသည်ဟု ဖော်ပြပါ။

ဖြေ။ ။(၁)ဟေတုပစ္စည်း။(၂)အာရမ္မဏပစ္စည်း (၃)အဓိပတိပစ္စည်း။ (၄)အနန္တရပစ္စည်း။ (၅)သမ နန္တရပစ္စည်း။(၆)သဟဇာတပစ္စည်း။(၇)အညမည ပစ္စည်း။ (၈)နိဿယ ပစ္စည်း။ (၉)ဥပနိဿယ ပစ္စည်း။ (၁၀)ပုရေဇာတပစ္စည်း။ (၁၁)ပစ္ဆာဇာတပစ္စည်း။ (၁၂)အာသေဝနပစ္စည်း။ (၁၃)ကမ္မပစ္စည်း။(၁၄) ဝိပါက ပစ္စည်း။ (၁၅)အာဟာရ ပစ္စည်း။ (၁၆) ဣန္ဒြိယ ပစ္စည်း။ (၁၇) ဈာန ပစ္စည်း။ (၁၈)မဂ္ဂ ပစ္စည်း။ (၁၉)သမ္ပယုတ္တ ပစ္စည်း။ (၂၀)ဝိပ္ပယုတ္တ ပစ္စည်း။(၂၁)အတ္ထိပစ္စည်း။(၂၂)နတ္ထိပစ္စည်း။(၂၃) ဝိဂတပစ္စည်း။ (၂၄)အဝိဂတပစ္စည်း။ ဤသို့အား

WWW.DHAMMARANSI.COM


ဖြင့် ပစ္စယုဒ္ဒေသခေါ်သော ပဋ္ဌာန်းအကျဉ်း သင်္ချုပ် ၂၄ ပါးရှိပါသည်။

## ဟေတုပစ္စည်း အမေး-အဖြေ

မေး။ ။ပဋ္ဌာန်းနှစ်ဆဲ့လေးပစ္စည်းတို့တွင်ပထမ ဆုံးဖြစ်သော ဟေတုပစ္စည်း၏ သင်္ချုပ်ကို ဖော် ထုတ်၍ပြပါ။

ဖြေ။ ။လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ, ဤတရား ခြောက်ပါးသည် ဟေတုပစ္စည်း သချုပ်ဖြစ်ပါသည်။

မေး။ ။ ထိုဟိတ် ခြောက်ပါးတို့တွင် ကုသိုလ် ဟိတ်မည်မှု, အကုသိုလ်ဟိတ်မည်မှု, အဗျာကတ ဟိတ်မည်မှု ရှိကြောင်းကိုဖော်ပြပါ။

ဖြေ။ ။ အလောဘ, အဒေါသ, အမောဟ, ဤ တရားသုံးပါးကို ကုသိုလ်ဟိတ်ခေါ်ပါသည်။လော ဘ, ဒေါသ, မောဟ, ဤတရား သုံးပါးကို အကု သိုလ်ဟိတ်ခေါ်ပါသည်။ အလောဘ, အဒေါသ, အ မောဟ, ဤတရားသုံးပါးကို အဗျာကတဟိတ် ခေါ် ပါသည်။ ကုသိုလ်, အကုသိုလ်, အဗျာကတ အား ဖြင့် ဝေဘန်လိုက်သောအခါ ဟိတ်ပေါင်း ကိုးပါး ဖြစ်လာပါသည်။

WWW.DHAMMARANSI.COM


မေး။ ။ ဟေတုပစ္စည်းသည် အဘယ်သို့သော သတ္တိအားဖြင့် ကျေးဇူးပြုတတ်ပါသနည်း။

ဖြေ။ ။ရေသောက်မြစ်သည် သစ်ပင်ကြီးအား အစဉ်ကြီးပွား၍ စည်ကားအောင် ကျေးဇူး ပြုဘိသကဲ့သို့ ဟိတ်ခြောက်ပါး တရားတို့သည် အတူတကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ် တို့အား ကြီးပွားခိုင်မြဲစေရန် အကြောင်းမူလ သတ္တိဖြင့် ကျေးဇူးပြုတတ်ကြပါသည်။

**ဆောင်ပုဒ်လင်္ကာ**

ရေသောက်မြစ်နှယ်၊ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ။

မေး။ ။ ဟေတုပစ္စည်း၏ အကျိုးဖြစ်သော ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ဟိတ်နှင့်တကွ ဖြစ်သော သဟိတ်စိတ် ၇၁, စေတသိက် ၅၂, သဟိတ်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေနှင့်တကွဖြစ်သောကမ္မဇရုပ်,ဤတရားများသည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်များဖြစ်ကြပါသည်။

မေး။ ။လောဘဟိတ်တရား၏ ကျေးဇူးပြုပုံ သဘောကို အဓိပ္ပါယ် အားဖြင့် သိလွယ်အောင် အမြွက်အား ဖော်ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။လောဘပယ်တ်ဖြစ်လာသောအခါ ဖြင့်နှင့် အတူတကွဖြစ်သော စိတ်, စေတသိက်တို့ကို သာယာတပ်မက်ခြင်းဖြစ်အောင် သွေးဆောင်ပါသည်။ ထိုစိတ်ကြောင့် ဖြစ်သော ဝိညာဉ်ရုပ်တို့ ကလည်း လောဘအမှုအရာကို ရွက်ဆောင်ကြပါသည်။ ကာယဝိညတ်ရုပ်ရှား၍ ကာယကံဖေါက်ပြားဖြီးချင် သူ့ဥစ္စာကိုခိုးယူခြင်း, သူတပါးတို့၏ သားမယားတို့၌ ဖြစ်မှားကျူးလွန်ခြင်းစသော ကာယ ဒုစရိုက်မှုတို့ကို ပြုလုပ်ကျူးလွန်ပါသည်။ ဝစီဝိညတ်ရုပ်ရှား၍လောဘအမှုအရာပါသောစကားတို့ကိုပြောခြင်း, မဟုတ်မတရား မှုသားပြောဆိုခြင်းမှ စ၍ ဝစီဒုစရိုက်မှုတို့ကို ပြုလုပ်ကျူးလွန်ပါသည်။ ဤသည်ကား ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံ သဘော အချက်ကို အမြွက်မျှဖြေဆိုခြင်းဖြစ်ပါသည်။

## အာရမ္မဏပစ္စည်း အမေး-အဖြေ။

မေး။ ။အာရမ္မဏပစ္စည်း သရုပ်ကို ဖော်ပြပါ။

ဖြေ။ ။အလုံးစုံသော အာရုံခြောက်ပါး တရားတို့ကို အာရမ္မဏပစ္စည်း ခေါ်ပါသည်။ ပစ္စည်း သရုပ်မှာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်, အကုန်ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။အာရမ္မဏ ပစ္စည်း၏ ကျေးဇူး ပြု ပုံ သဘောကို ဖော်ပြပါ။

ဖြေ။ ။ကြိုးတန်း၊ တောင်ဝှေးတို့သည် အားအင် နည်းသောသူတို့အား ဆွဲကိုင် မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုဘိသကဲ့သို့ အာရုံခြောက်ပါး တရားတို့ သည် စိတ်၊ စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့်ကျေးဇူးပြုကြပါသည်။

## ဆောင်ပုဒ်လင်္ကာ

ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။

မေး။ ။အာရမ္မဏ ပစ္စည်း၏ အကျိုး ဖြစ်သော ပစ္စယုပ္ပန်သရုပ်ကိုဖော်ထုတ်၍ပြပါ။

ဖြေ။ ။စိတ်(၈၉) စေတသိတ် (၅၂) ဤတရား တို့ကို အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်ခေါ်ပါသည်။

မေး။ ။အာရမ္မဏ ပစ္စည်း၏ ကျေးဇူးပြုပုံ သ ဘောကို အဓိပ္ပါယ်အားဖြင့်သိလွယ်အောင် အခြွက် နှင့်ဖော်ပြပါ။

ဖြေ။ ။ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား မှီ တွယ်ရာအဖြစ်ဖြင့်ကျေးဇူးပြုပါသည်။ ထိုအခါစက္ခု ဝိညာဉ်စိတ်သည် အတူတကွဖြစ်သောစေတသိက် တို့နှင့်တကွ မြင်ခြင်းကိစ္စဖြင့် ဖြစ်ပေါ်လာပါသည်။

ရူပါရုံကို အာရုံပြု၍ မြင်မှုဝီထိကို အစချင်းခံ၍ ဇော ၀ ကျွန္နါ ရ ပိ ယံ ဖြစ်ပေါ်လာပါသည်။ ထိုအခါ အကုသိုလ်ဇောကျခဲ့ပါလျှင် သာယာခြင်း,စိတ်ဆိုးခြင်းစသော အကုသိုလ်အမှုအရာများ ဖြစ်ပေါ်လာပါသည်။ ။ကုသိုလ်ဇောကျခဲ့ပါလျှင် ကြည်ညိုခြင်း, မသာယာခြင်း, မေတ္တာဖြင့်ချစ်ခင်ခြင်း, ကရုဏာဖြင့် သနားခြင်း, မုဒိတာဖြင့် ဝမ်းမြောက်ခြင်း, ပညာဖြင့် လိမ္မာခြင်း, ဤသို့စသော ကုသိုလ်အမှုအရာများ ဖြစ်ပေါ် လာပါသည်။ ဤသည်ကား အာရမ္မဏ ပစ္စည်း၏ ကျေးဇူး ပြုပုံ အချက်ကို အမြွက်မျှ ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ ။အာရုံနှင့် စိတ် ယှဉ်တွဲ၍ အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ။ရူပါရုံသည် စက္ခုဝိညာဏ် စိတ်အား, သဒ္ဒါရုံသည် သောတဝိညာဏ် စိတ်အား, ဂန္ဓာရုံသည် ဃာနဝိညာဏ်စိတ်အား, ရသာရုံသည် ဇိဝှါဝိညာဏ် စိတ်အား, ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်စိတ်အား, အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အာရုံငါးပါးသည်မနောဓာတ်စိတ်အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ဓမ္မာရုံသည်

WWW.DHAMMARANSI.COM

မနောဝိညာဏ်ဓာတ်စိတ်မဝတ်အား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ။စိတ်တို့သည် မှီတွယ်ရာ အာရုံနှင့်ကင်း၍ဖြစ်နိုင်ပါသလော။

ဖြေ။ ။မဖြစ်နိုင်ပါ။ အာရုံကို မှီတွယ်ရမှ ဖြစ်ပေါ်နိုင်ကြပါသည်။

## အဓိပတိပစ္စည်း အမေးအဖြေ

မေး။ ။အဘယ် သတ္တိဖြင့် ကျေးဇူး ပြုသောပစ္စည်းကို အဓိပတိပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။ကြီးကဲလွှမ်းမိုး အစိုးရခြင်း သတ္တိဖြင့် ကျေးဇူး ပြုသော ပစ္စည်းကို အဓိပတိပစ္စည်း ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

စကြာဘုန်းလျှ၊ အုပ်စိုးမူသို့၊ ပြိုင်တူမရှိ၊အုပ်စိုးဘိ၊ အဓိပတိ ခေါ်သတည်း။

မေး။ ။ထိုအဓိပတိ ပစ္စည်းသည် အဘယ်မျှအပြားရှိပါသနည်း။

ဖြေ။ ။အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ အားဖြင့် နှစ်ပါး အပြားရှိပါသည်။

မေး။ ။ အာရမ္မဏာ ဓိပတိ ပစ္စည်း သရုပ်ကိုဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.COM


ဖြေ။ ။ ဣဋ္ဌရုပ်,ဣဋ္ဌနာမ်များသည် အာရမ္မဏာဓိပတိ ပစ္စည်းသချုပ် ဖြစ်ပါသည်။

မေး။ ။ ဣဋ္ဌရုပ်, ဣဋ္ဌနာမ် များကို ခွဲခြား၍ ဖော်ပြပါ။

ဖြေ။ ။ အလိုရှိအပ်သော နိပ္ဖန္နရုပ် (၁၈)ခု, ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကြဉ်သော စိတ် (၇၄), ဒေါသ - ဣဿာ- မစ္ဆရိယ-ကုက္ကုစ္စ-ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်(၄၇), နိဗ္ဗာန်၊ ဤတရားများသည် အာရမ္မဏာ ဓိပတိ ပစ္စည်း၌ ဣဋ္ဌရုပ်, ဣဋ္ဌနာမ်များဖြစ်ပါသည်။

မေး။ ။ အာရမ္မဏာ ဓိပတိ ပစ္စည်းကြောင့်ဖြစ်သော ပစ္စယုပ္ပန်တရားသချုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ လောဘမူစိတ်(၈), မဟာကုသိုလ်စိတ် (၈), မဟာကြိယာဉာဏသမ္ပယုတ်(၄), ဤတရားတို့သည် အာရမ္မဏာ ဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန်များဖြစ်ကြပါသည်။

မေး။ ။ အာရမ္မဏာ ဓိပတိ ပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို အဓိပ္ပါယ်သိလွယ်အောင် အမြွက်၍ ဖော်ပြပါ။ '

ဖြေ။ ။ ဣဋ္ဌဖြစ်သော အဆင်းရူပါရုံသည် အာရုံပြုသော လောဘစိတ်ကို လွှမ်းမိုး ဒုင်စိုး၍ မခွါ

WWW.DHAMMARANSI.COM

နိုင်ဘဲ ငြွငြွလည်လည်းဖြစ်အောင်ကျေးဇူးပြုပါသည်။ အာရမ္မဏာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံမှာ စကြာ မင်း၏ အာဏာကဲ့သို့လွှမ်းမိုး ထက်မြက်လှပါသည်။ ဤသည်ကား အာရမ္မဏာ ဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံအချက်ကို အမြွက်မျှဖြေဆိုခြင်း ဖြစ်ပါသည်။

မေး။ ။ အာရမ္မဏ ပစ္စည်းနှင့် အာ ရ မ္မ ဏာ ဓိပတိ ပစ္စည်းသည် အဘယ်ကဲ့သို့ ထူးခြား ပါသ နည်း။

ဖြေ။ ။ သာမည အာရုံသဘောအားဖြင့် ကျေးဇူးပြုသောပစ္စည်းကိုအာရမ္မဏပစ္စည်း ခေါ်ပါသည်။ အာရုံပြုသော စိတ်တို့ကို လွှမ်းမိုး၍ အစိုးရသော အာရုံသဘောအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အာရမ္မဏာဓိပတိပစ္စည်း ခေါ်ပါသည်။

မေး။ ။ အာရမ္မဏ, အာရမ္မဏိက ခေါ်သော စကားနှစ်လုံး၏ အဓိပ္ပါယ်ကို ကွဲပြားအောင် ဖော်ပြပါ။

ဖြေ။ ။ အာရုံခြောက်ပါးတို့ကို အာရမ္မဏ ခေါ် ပါသည်။ ထိုအာရုံ ခြောက်ပါးတို့ကို ငြွလည်း၍ ဖြစ် ပေါ်သော စိတ်,စေတသိက်တရားတို့ကိုအာရမ္မဏိ က ခေါ်ပါသည်။

မေး။ ။အာရမ္မဏာ ဓိပတိပစ္စည်း၏ သဒ္ဒိ သ

WWW.DHAMMARANSI.COM


ဝေဒနာများကို ကောင်းစွာ ဖြေကြား သောကြောင့် သိရပေပြီ။ သဟဇာတာဓိပတိ ပစ္စည်းသရုပ် ကို ဖော်ထုတ်၍ပြပါဦး။

ဖြေ။ ။ဆန္ဒ, စိတ္တ, ဝိရိယ, ဝီမံသာ၊ ဤ လေးပါးသည် သဟဇာတာ ဓိပတိ ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။သဟဇာတာဓိပတိပစ္စည်းကြောင့် ဖြစ်ပေါ်သော ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။မောဟမူဒွေး, ဟသိတုပ္ပါဒ် ကြဉ်သော ဒွိဟိတ်ဇော-တိဟိတ်ဇော-(၅၂)-ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်(၅၁), ဒွိဟိတ်ဇော တိဟိတ်ဇော ကြောင့်ဖြစ်သော စိတ္တဇရုပ်, ဤတရား များသည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်များ ဖြစ်ကြ ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ဒွိဟေ-တိဟေ၊ ဇောနှစ်ထွေ၊ ရစေဓိပတိ။

မေး။ ။သဟဇာတာဓိပတိပစ္စည်း၏ ကျေးဇူး ပြုပုံသဘောကို အဓိပ္ပါယ်အကျဉ်းချုံ့ ဖော်ပြပါ။

ဖြေ။ ဝီမံသာဓိပတိခေါ်သော ပညာသည် သဟဇာတာဓိပတိပစ္စည်းတင်သောအခါ၌ မိမိနှင့်အတူ

 WWW.DHAMMARANSI.COM

တကွဖြစ်သော စိတ်စေတသိက်တရားတို့ကို လွှမ်းမိုးအုပ်စိုး၍ မိမိသဘောနှင့်အညီဖြစ်လိုက်လာအောင် ရွက်ဆောင် ကျေးဇူးပြုပါသည်။ မိမိကြောင့် ဖြစ်သော စိတ္တဇရုပ်တို့ကိုလည်း လိမ္မာသော အမှုအရာအားဖြင့် ဖြစ်ပွားလေအောင် ရွက်ဆောင် ကျေးဇူးပြုပါသည်။ ဤသည်ကား သဟဇာတာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံအချက်ကိုအမြွက်မျှ ဖြေဆိုခြင်းဖြစ်ပါသည်။

မေး။ ။အာရမ္မဏာဓိပတိနှင့်သဟဇာတာဓိပတိတို့၏ ကျေးဇူးပြုပုံသဘောသည် အဘယ် ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ။အာရုံပြုသောစိတ်,စေတသိက်တို့ အပေါ်၌ လွှမ်းမိုး အုပ်စိုး၍ကျေးဇူးပြုခြင်းကို အာရမ္မဏာဓိပတိပစ္စည်း ခေါ်ပါသည်။ ။အတူတကွ ယှဉ်ဘော် ယှဉ်ဘက် ဖြစ် သော စိတ်, စေတသိက်တို့ အပေါ်၌ လွှမ်းမိုး အုပ်စိုး၍ ကျေးဇူး ပြုခြင်းကို သဟဇာတာဓိပတိပစ္စည်း ခေါ်ပါသည်။

## အနန္တရပစ္စည်း၊ အမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘောဖြင့် ကျေးဇူးပြုသောပစ္စည်းကို အနန္တရပစ္စည်း ခေါ်ပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ဒိဋ္ဌိ ချုပ်ဆုံးပြီးနောက် အခြားမဲ့၌ စိတ်စေတသိက် တရားတို့ ဖြစ်ပွါးအောင် ရွက်ဆောင်သမှု ကျေးဇူးပြုသော ပစ္စည်းကို အနန္တရပစ္စည်း ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ခြားမဲ့နာမ်တွေ၊ ဖြစ်ပေါ်စေ၊ မှတ်လေ နန္တရ။

မေး။ ။အနန္တရ၌ ပစ္စည်းပစ္စယုပ္ပန် သရုပ်တို့ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ရှေ့ရှေ့၌ ဖြစ်သော နာမ် တရားတို့ကို အနန္တရပစ္စည်း ခေါ်ပါသည်။ နောက်နောက်၌ ဖြစ်သော နာမ်တရားတို့ကို အနန္တရပစ္စယုပ္ပန် ခေါ်ပါသည်။ ပစ္စည်း ပစ္စယုပ္ပန်သရုပ်မှာ အလွန်လွယ်ကူပါသည်။

မေး။ ။အနန္တရပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို အဓိပ္ပါယ်သိလွယ်အောင် အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ။စုတိစိတ်သည် ပဋိသန္ဓေ စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပဋိသန္ဓေစိတ်သည် ပထမဘဝင် စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပထမဇောသည် ဒုတိယဇော အားအနန္တရသတ္တိဖြင့်ကျေးဇူးပြုပါသည်။ မဂ်စိတ်သည် ဖိုလ်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု

WWW.DHAMMARANSI.COM

ပါသည်။ ။ဤသို့ စသော အားဖြင့် ရှေ့ရှေ့စိတ်သည် နောက်နောက်စိတ်အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပုံ အချက်မှာ လွန်စွာ ကျယ်ဝန်းလှပါသည်။

မေး။ ။အတိမဟန္တာရုံ စက္ခုဒွါရဝီထိ တခုကို မှတည်၍ အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံအချက်ကို ဖော်ပြပါ။

ဖြေ။ ။အတီတဘဝင်စိတ်သည်၊ ဘဝင်စလနစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ဘဝင်စလန စိတ်သည် ဘဝင်ုပစ္ဆေဒ စိတ်အား, ဘဝင်ုပစ္ဆေဒစိတ်သည် ပဉ္စဒွါရာဝဇ္ဇန်း စိတ်အား, ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ် စိတ်အား, စက္ခုဝိညာဏ်စိတ်သည် သမ္ပဋိစ္ဆိုင်း စိတ်အား, သမ္ပဋိစ္ဆိုင်းစိတ်သည် သန္တီရဏစိတ်အား, သန္တီရဏစိတ်သည် ဝုဋ္ဌောစိတ်အား, ဝုဋ္ဌောစိတ်သည် ပဌမဇောစိတ်အား။ ပ။ ဆဋ္ဌမ ဇော စိတ် သည် သတ္တမဇောစိတ်အား,သတ္တမဇောစိတ်သည် ပဌမတဒါရုံစိတ်အား, ပဌမ တဒါရုံစိတ်သည် ဒုတိယတဒါရုံစိတ်အား, ဒုတိယ တဒါရုံ စိတ်သည် ဘဝင်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ။သတ္တဝါတို့၏ သန္တာန်၌ ရံဖန် ရံဖန်

WWW.DHAMMARANSI.COM


နာမ်တရားတို့၏ အနန္တရပစ္စည်း ဆက်သွယ်ခြင်း သဘောသည် ဖြစ်ကောင်းနိုင်ပါသလော။

ဖြေ။ ။နိဗ္ဗာန်သို့မရောက်သေးသမျှကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ နာမ်တရားတို့၏ အနန္တရပစ္စည်း ဆက်သွယ်ခြင်း မကောင်းနိုင်ပါ။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ် နောက်သို့ ရောက်မှသာလျှင် အနန္တရပစ္စယသတ္တိ ဖြတ်ကောင်းပါသည်။

မေး။ ။နိရောဓ သမာပတ်ကို ဝင်စားခိုက်, အသညသတ်ပုဂ္ဂိုလ်ဖြစ်ခိုက်, ထိုအခိုက်အခါတို့၌နာမ်တရားမရှိသောကြောင့် အနန္တရပစ္စယသတ္တိ ကင်းသည် မဟုတ်ပါလော။

ဖြေ။ ။ထိုသို့ အချိန်ကာလ ခြားမှုဖြင့် အနန္တရပစ္စယသတ္တိပြတ်ကောင်းသည်ဟု မဆိုရပါ။ နိရောဓသမာပတ်ကိုဝင်စားသောအခါ၌နိရောဓသမါပတ်မဖြစ်မှီက အဆုံးစွန်ချုပ်နေသောစိတ်သည် နိရောဓသမာပတ်မှထသောအခါ ရှေးဦးစွာ ဖြစ်ပေါ်လာသော စိတ်အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ။အသညသတ်ပုဂ္ဂိုလ် မဖြစ်မှီ အဆုံးစွန်ချုပ်ခဲ့သော စုတိစိတ်သည် အသညသတ်ပုဂ္ဂိုလ်ဖြစ်ပြီးနောက် တဘန်ဘဝသစ်၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါ

WWW.DHAMMARANSI.COM

သည်။ ။ထို့ကြောင့် နိဿယမရှေးသော်မှ ကာလ ပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ အနန္တရပစ္စယ သတ္တိမကင်းနိုင်ကြောင်းကို ဖြေဆိုခဲ့ပါသည်။

အနန္တရပစ္စည်း အမေးအဖြေပြီး၏။

မှတ်ချက်။ ။သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် ကျေးဇူးပြုပုံ အလုံးစုံ တူမျှသောကြောင့် အမေးအဖြေ ရေး သားရန် မလိုတော့ချေ။

## သဟဇာတပစ္စည်း အမေးအဖြေ

မေး။ ။ဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို သဟဇာတ ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။အတူတကွ ဖြစ်ပေါ်စေရန် ကျေးဇူးပြုသောပစ္စည်းကို သဟဇာတပစ္စည်း ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ။

မေး။ ။သဟဇာတ ပစ္စည်း သရုပ်ကို ဘော်ထုတ်၍ပြပါ။

ဖြေ။ ။အလုံးစုံသော စိတ်-၈၉, စေတသိက်-၅၂, မဟာဘုတ် ၄-ပါး, ပဋိသန္ဓေကာလရုပ်ဒွိသဖွဲ

WWW.DHAMMARANSI.COM

နှင့် ဟာဒယဝတ္ထု၊ ဤတရားစုသည် သဟဇာတ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ။သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။စိတ်-၈၉, စေတသိက်-၅၂, ရုပ်-၂၈, ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် ဟာဒယဝတ္ထု ဤတရားစုသည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ။သဟဇာတပစ္စည်း၏ ကျေးဇူးပြုပုံ သဘောကို ဖော်ပြပါ။

ဖြေ။ ။နာမ်ခန္ဓာလေးပါးဟုဆိုအပ်သော စိတ်စေတသိက်တို့သည် သဟဇာတသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်။ စိတ်, စေတသိက်တို့သည် စိတ္တဇ ရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ မဟာဘုတ် လေးပါးတို့သည် သဟဇာတ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုပါသည်။ မဟာဘုတ် လေးပါးတို့သည် ဥပါဒါရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပဋိသန္ဓေစိတ်နှင့် ဟာဒယဝတ္ထုရုပ်သည် သဟဇာတ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုပါသည်။

မေး။ ။မဟာကုသိုလ် ပဌမ စိတ် ဖြစ် ခိုက်

WWW.DHAMMARANSI.COM

သတ္တဝါတို့၏ သန္တာန်၌ ရုပ်နာမ်တို့၏ သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပုံသဘောကို ဖော်ပြပါ။

ဖြေ။ ။မဟာကုသိုလ်ပထမစိတ်ဖြစ်သောအခါ စေတသိက်(၃၈)ပါးယှဉ်ပါသည်၊ ထိုစိတ်ကြောင့် စိတ္တဇရုပ်များလည်း ဖြစ်ပေါ်ကြပါသည်၊ ထိုရုပ်နာမ်တရားတို့တွင် စိတ်နှင့်စေတသိက်တို့သည် သဟဇာတ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြပါသည်၊ ထို စိတ်, စေတသိက်တို့က စိတ္တဇ ရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူး ပြုပါသည်၊ စိတ္တဇရုပ်တို့၌ပါရှိသော မဟာဘုတ်ဓာတ်လေးပါးတို့သည် သဟဇာတ သတ္တိဖြင့် အချင်းချင်းကျေးဇူးပြုကြပါသည်၊ ထိုမဟာဘုတ် ဓာတ်ကြီး လေးပါးတို့သည် ကလာပ်တူဖြစ်သော ဥပါဒါ ရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူး ပြုပါသည်၊ ဤသည်ကား မဟာကုသိုလ် ပထမစိတ်ဖြစ်ခိုက်၌ ရုပ်နာမ်တရားတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံသဘောကို ဖော်ပြချက် ဖြစ်ပါသည်။

မေး။ ။ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေ တည်နေခိုက်အခါ ရုပ်,နာမ်, နှစ်ပါးတို့၏ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပုံ သဘောကို ဖော်ပြပါ။

ဖြေ။ ။ပဉ္စဝေါကာရ ပဋိသန္ဓေအခိုက်၌ ပဋိ

WWW.DHAMMARANSI.COM

သန္ဓေ စိတ်စေတသိက်နှင့် ဟာဒယ ဝတ္ထု တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြပါသည်။ ထိုဥပ်နာင်တရားတို့တွင် ပဋိသန္ဓေ ဝိညာဉ်စိတ်သည် ယှဉ်ဘက်ဖြစ်သော ပဋိသန္ဓေစိတ်နှင့် မှီရာဖြစ်သောဟာဒယဝတ္ထုရုပ်အား သဟဇာတသတ္တိဖြင့် အချင်းချင်းကျေးဇူးပြုပါသည်။ ဟာဒယဝတ္ထုရုပ်သည် ပဋိသန္ဓေဝိညာဉ်စိတ်နှင့် စေတသိက်တို့အား သဟဇာတ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုပါသည်။ ဝတ္ထုဒသက ကလာပ်၌ပါရှိသော မဟာဘုတ် လေးပါးတို့သည် အချင်းချင်း သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ထိုမဟာဘုတ် လေးပါးတို့သည် ကလာပ်တူဖြစ်သော ဥပါဒါရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

မေး။ ။ပဉ္စဝေါကာရဘုံနှင့် ပဉ္စဝေါကာရ ပဋိသန္ဓေကို သိလွယ်မှတ်လွယ်အောင် အကျဉ်းအား ဖြင့် ဖော်ပြပါ။

ဖြေ။ ။ ကာမ (၁၁)ဘုံ, အသညသတ် ကြဉ်သော ရူပ (၁၅) ဘုံ၊ ဤ (၂၆)ဘုံကို ခန္ဓာငါးပါး အစုံအလင်ရှိသောကြောင့် ပဉ္စဝေါကာရဘုံ ခေါ်ပါသည်။ ထိုပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခိုက်၌ ဖြစ်ပေါ်သော ကာမ ပဋိသန္ဓေစိတ် (၁၀), ရူပ ပဋိ

WWW.DHAMMARANSI.COM

သန္ဓေစိတ် (၅), ဤ ၁၅-ပါးကို ပဉ္စဝေါကာရ ပဋိသန္ဓေခေါ်ပါသည်။

(သဟဇာတပစ္စည်း အမေး-အဖြေ ပြီး၏။)

## အညမညပစ္စည်း အမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အညမည ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။သစ်သား သုံးခုကို ထောင်၍ ထားရာ မလဲမပြိုအောင် အချင်းချင်း ကျေးဇူးပြုဘိသကဲ့သို့ ရုပ်, နာမ်, အချင်းချင်း အပြန်အလှန်အားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အညမည ပစ္စည်း ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

အချင်းချင်းပြန်လှန်၊ ပြုလေပြန်၊ မှတ်ရန် အညမညတည်း။

မေး။ ။အညမညပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။စိတ် (၈၉), စေတသိက် (၅၂), မဟာဘုတ် (၄)ပါး, ပဉ္စဝေါကာရပဋိသန္ဓေနှင့် ဟဒယ

WWW.DHAMMARANSI.COM

ဝံ ဣ၊ ဤတရားရသည့် အညာ မညာ ပစ္စည်း ထိုက်သော တရားများဖြစ်ပါသည်။

မေး။ ။ အညမည ပစ္စည်း၏ ပစ္စယုပ္ပန် တရားများကို ဖော်ပြပါ။

ဖြေ။ ။ ယခင်ပြခဲ့ပြီးသော ပစ္စည်းတရားတို့သည်ပင်လျှင် အညမညပစ္စည်း၏ ပစ္စယုပ္ပန်တရားများဖြစ်ပါသည်။

မေး။ ။ အညမည ပစ္စည်း၌ အဘယ် ကြောင့် ပစ္စည်းနှင့် ပစ္စယုပ္ပန် သရုပ်ချင်းတူ၍နေပါသနည်း။

ဖြေ။ ။ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်မှ အညမညပစ္စည်းတွင် ပါဝင်ခွင့် ရသောကြောင့် ပစ္စည်းနှင့် ပစ္စယုပ္ပန် မကွဲပြားဘဲ သရုပ်အားဖြင့် တူမျှ၍နေပါသည်။

မေး။ ။ မဟာဘုတ် ဓာတ်ကြီး လေးပါးကို မှီတည်၍ အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ အချက်ကို အကြွက်မျှဖြေဆိုပါ။

ဖြေ။ ။ မဟာဘုတ် လေးပါးတို့တွင် တေဇောဓာတ်က ပစ္စည်းတပ်လျှင် ကြွင်းသော ဓာတ်သုံးပါးတို့က ပစ္စယုပ္ပန် ဖြစ်ကြပါသည်။ ကြွင်းသော ဓာတ်သုံးပါးတို့က ပစ္စည်း တပ်လျှင် တေဇောဓာတ်က ပစ္စယုပ္ပန်ဖြစ်ပါသည်။ ပထဝီဓာတ် တေ

WWW.DHAMMARANSI.COM

ဇောဓာတ်တို့က ပစ္စည်းတပ်လျှင် အာပေါဓာတ်, ဝါယောဓာတ်တို့ကပစ္စယုပ္ပန်ဖြစ်ကြပါသည်၊ အာပေါဓာတ်, ဝါယော ဓာတ်တို့က ပစ္စည်းတပ်လျှင် ပထဝီဓာတ်, တေဇောဓာတ်တို့က ပစ္စယုပ္ပန် ဖြစ်ကြပါသည်၊ နာမ်ခန္ဓာတို့၌လည်း ဤနည်းအတိုင်း အညမညသတ္တိဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပုံတို့ကို သိရပါသည်။ ။ဧကံ မဟာဘူတံ ပဋိစ္စတယော မဟာဘူတာ၊ တယော မဟာဘူတေ၊ ပဋိစ္စဧကောမဟာဘူတော၊ ဒွေမဟာဘူတေ၊ ပဋိစ္စဒွေမဟာဘူတာ၊ ။ဤသို့ စသည်ဖြင့် ဟောတော်မူအပ်သော ပဋ္ဌာန်း ပါဠိတော်သည် အညမည ပစ္စယသတ္တိဖြင့် အချင်းချင်း အပြန် အလှန် ကျေးဇူးပြုပုံကို ဖွင့်ဟောကြားတော် မူအပ်သော ပါဠိတော်ဖြစ်ပါသည်၊ ဤသည်ကား အညမည ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ,အချက်ကို အကြမ်းမျှ ဖြေဆိုခြင်းဖြစ်ပါသည်၊

မေး။ ။အညမည ပစ္စည်းသဘောနှင့် သဟဇာတ ပစ္စည်းသဘော အဘယ်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ။အချင်းချင်း အပြန် အလှန် ကျေးဇူးပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ အတူတကွဖြစ်ပေါ်

ခဲ့ပါလျှင် သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်ပါမှ အညမည ပစ္စည်းတွင် ပါဝင်နိုင်ပါသည်၊ ဤသည်ကား သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း ခြားနားချက်ဖြစ်ပါသည်။

(အညမည ပစ္စည်း အမေးအဖြေပြီး၏)

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို နိဿယ ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းကို နိဿယပစ္စည်းခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

မှီရာဖြစ်ပေ၊ ဖြစ်တုံပေ၊ မှတ်လေနိဿယ။

မေး။ ။နိဿယပစ္စည်းသည် အဘယ်မျှအပြား ရှိပါသနည်း။

ဖြေ။ ။သဟဇာတနိဿယ, ဝတ္ထုပုရေဇာတ နိဿယ, ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယအားဖြင့် သုံးပါးအပြားရှိပါသည်။

မေး။ ။ထိုသုံးပါးတို့တွင် သဟဇာတနိဿယ

WWW.DHAMMARANSI.COM

၏ ပစ္စည်း, ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ သဟဇာတ နိဿယသည် ဖြေဆိုခဲ့ပြီးသော သဟဇာတ ပစ္စည်းနှင့် အလုံးစုံ တူသည် ဖြစ်သောကြောင့် ဤအရာ၌ အထူးထပ်မံ၍ ဖြေဆိုရန်မလိုတော့ပါ။

မေး။ ။ ဝတ္ထုပုရေဇာတ နိဿယ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ စက္ခုဝတ္ထု အစရှိသော ဝတ္ထုရုပ်ခြောက်ပါးသည် ဝတ္ထုပုရေဇာတ ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။ ဝတ္ထုပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ဆိုင်ရာဆိုင်ရာ ဝတ္ထုရုပ်ခြောက်ပါးကို မှီ၍ဖြစ်သော အရူပဝိပါက်လေးခုကြဉ်သော စိတ် (၈၅) ခု, စေတသိက် (၅၂), ဤတရားစုသည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါသည်။

မေး။ ။ ဝတ္ထုပုရေဇာတပစ္စည်းမှာ အင်္ဂါဘယ်နှစ်ပါးရှိပါသနည်း။

ဖြေ။ ။ ပစ္စယုပ္ပန်တရား၏ ရှေ့၌ဖြစ်ခဲ့ခြင်း, မှီရာဖြစ်ခြင်း, ဤသို့အားဖြင့် အင်္ဂါနှစ်ပါး ရှိပါသည်။

WWW.DHAMMARANSI.COM

မေး ။ ။စက္ခုဝတ္ထုနှင့် စက္ခုဝိညာဉ် စိတ်တို့၏ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံကို အမြွက်အားဖြင့် ဖော်ပြပါ။

ဖြေ။ ။စက္ခုဝိညာဉ်စိတ်သည် စက္ခုဝတ္ထုကို မှီ၍ ဖြစ်ပေါ်ဥပါဒ်ပါသည်။ ထိုသို့ဖြစ်ရာ၌ စက္ခုဝတ္ထုက အကြောင်းပစ္စည်း, စက္ခုဝိညာဉ် စိတ်က အကျိုး ပစ္စယုပ္ပန် ဖြစ်ပါသည်။ စက္ခု ဝတ္ထုသည် စက္ခုဝိညာဉ်စိတ်၏ ရှေးကလည်း ဖြစ်ပါသည်။ မှီရာလည်း ဖြစ်ပါသည်။ ထို့ကြောင့် စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်စိတ်နှင့် ယှဉ်ဘက် ဖြစ်သော စေတသိက် (၇) တို့အား ပုရေဇာတ နိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ စက္ခု ဝတ္ထု သည် အကြောင်း, စက္ခုဝိညာဉ်သည် အကျိုးဖြစ်ပါသည်။ ဤသည်ကား စက္ခုဝတ္ထုနှင့် စက္ခုဝိညာဉ် စိတ်တို့၏ ပစ္စည်းပြုပုံကို ဖြေဆိုချက် ဖြစ်ပါသည်။

မေး။ ။စက္ခုဝိညာဉ်စိတ်၏မှီရာဖြစ်သော စက္ခုဝတ္ထုသည် အဘယ်အခိုက်အတန့်၌ ဖြစ်ပေါ်၍ လာခဲ့ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်မီ ရှေးအဘို့ စိတ္တက္ခဏ လေးချက်မြောက် အတိတဘဝင်နှင့် အတူပြိုင်၍ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုစက္ခု

WWW.DHAMMARANSI.COM

ဝတ္ထုကို စက္ခုဝိညာဉ်စိတ်က မှီ၍ဖြစ်ပေါ်ပါသည်။ ဝတ္ထုပုရေဇာတမှန်လျှင် ဤနည်းအတိုင်းပင် သိရပါသည်။

မေး။ ။ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်း သဘောကို ဖော်ပြပါ။

ဖြေ။ ။မှီရာဝတ္ထုလည်း ဖြစ်ပါမူ, အာရုံလည်း ဖြစ်ပါမူ, ရှေး၌လည်းဖြစ်ခဲ့ပါမူ ဤသဘော လက္ခဏာ သုံးပါးသည် ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း သဘောဖြစ်ပါသည်။

မေး။ ။ဝတ္ထာရမ္မဏ ပစ္စည်းတပ်ပုံ သဘောကို အမြွက်မျှဖော်ပြပါ။

ဖြေ။ ။အကြင်သူတယောက်သည် မိမိအဇ္ဈတ္တသန္တာန်၌ရှိသော ဟဒယဝတ္ထုရုပ်ကိုအာရုံပြု၍ ထိုဟဒယ ဝတ္ထုရုပ်ကို (ဧတံ မမ ဧသော ဟမသ္မိ-ဧသော မေ အတ္တာ) ဤသို့တဏှာ, မာန, ဒိဋ္ဌိ, အားဖြင့် စွဲလမ်းသည်ဖြစ်စေ, ထိုသို့မဟုတ် ဟဒယဝတ္ထုရုပ်သည်မမြဲမှုအမှန်, ဆင်းရဲမှုအမှန်, အလိုလိုမလိုက်မှုအမှန်, ဤသို့ဆင်ခြင်သည်ဖြစ်စေ, ထိုအခါ၌ ထိုဟဒယဝတ္ထုရုပ်သည် အာရုံပြုသော စိတ်,စေတသိက်တို့အား ဝတ္ထာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.COM


(မှတ်ချက်။ ။ယခုပြဆိုခဲ့သော ဝတ္ထာရမ္မဏာပုရေဇာတ သဘောသည် ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီး၏ အလိုတော်အတိုင်းဖြစ်သည်။ ပြောရိုးဆိုရိုး အစဉ်အားဖြင့်မူ ကား၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေသည် ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုသည် ဝတ္ထာရမ္မဏာပုရေဇာတ နိဿယပစ္စည်း မည်၏။ မနောဒွါရာဝဇ္ဇန်းကာမဇော (၂၉)တဒါရုံ (၁၀)အဘိညာဉ် ဒွေး, ဥဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာ ကြဉ် သော စေတသိက် (၄၄) ဤတရားတို့သည်ဝတ္ထာရမ္မဏာပုရေ ဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။ ။ဤသည် ကား ပြောရိုးဆိုရိုးအစဉ်ပေတည်း။)

နိဿယပစ္စည်း အမေး-အဖြေ ပြီး၏။

မေး။ ။အဘယ်သို့သော သဘော သည်ကိုအား ဖြင့် ကျေးဇူးပြုသောပစ္စည်းကိုဥပနိဿယပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူး ပြုသောပစ္စည်းကိုဥပနိဿယပစ္စည်းခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

အားကြီးမှီရာ၊ ပြုတုံပါ၊ မှတ်ပါဥပနိဿယ၊

မေး။ ။ဥပနိဿယပစ္စည်းသည် အ ဘယ် မျှ အပြားရှိပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ,ပကတူပနိဿယအားဖြင့် သုံးပါး အပြားရှိပါသည်။

မေး။ ။ထိုသုံးပါးတို့တွင်အာရမ္မဏူပ နိဿယ၏ ပစ္စည်း,ပစ္စယုပ္ပန်, သရုပ်များကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အာရမ္မဏူပ နိဿယပစ္စည်းသည် ဖြေခဲ့ပြီးသော အာရမ္မဏာဓိပတိပစ္စည်းနှင့် အလုံးစုံတူမျှသောကြောင့် ဤနေရာ၌အထူးဖြေဆိုရန် မလိုတော့ပါ။

မေး။ ။အာရမ္မဏာဓိပတိ ပစ္စည်းကို အဘယ်ကြောင့် အာရမ္မဏူပ နိဿယ ပစ္စည်းဟူ၍ခေါ်ဆိုရပြန်ပါသနည်း။

ဖြေ။ ။သာမာန် အာရုံမျိုးမဟုတ်ဘဲ အားကြီးသော မှီရာအာရုံမျိုး ဖြစ်သောကြောင့် အာရမ္မဏူပနိဿယဟူ၍ ခေါ်ဆိုရပါသည်။

မေး။ ။အနန္တရူပနိဿယ၏ပစ္စည်း,ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အနန္တရူပ နိဿယသည် ဖြေဆိုခဲ့ပြီးသော အနန္တရ ပစ္စည်းနှင့် အလုံးစုံ တူမျှသောကြောင့် ဤနေရာ၌ အထူးဖြေဆိုရန် မလိုတော့ပါ။

WWW.DHAMMARANSI.COM

မေး။ ။အနန္တရ ပစ္စည်းကို အဘယ်ကြောင့် အနန္တရူပနိဿယ ပစ္စည်းဟူ၍ ခေါ် ဆိုရပြန်ပါသနည်း။

ဖြေ။ ။နောက်စိတ်တို့အားအစဉ်မပြတ်ဖြစ်ပေါ်စေရန် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် ရှေ့ရှေ့စိတ်များကို အနန္တရူပနိဿယပစ္စည်းဟူ၍ခေါ် ဆိုရပါသည်။

မေး။ ။အဘယ်ကြောင့် ပကတူပ နိဿယ ပစ္စည်းဟူ၍ ခေါ် ဆိုရပါသနည်း။

ဖြေ။ ။ပကတိသဘောအားဖြင့် အထင်အရှား ကျေးဇူးပြုသောကြောင့် ပကတူပနိဿယပစ္စည်း ဟူ၍ ခေါ် ဆိုရပါသည်။

မေး။ ။ပကတူပနိဿယ၏ ပစ္စည်းသရုပ် ကို ထောင်ထုတ်၍ပြပါ။

ဖြေ။ ။ကာလသုံးပါး၌ ဖြစ်သော စိတ် (၈၉), စေတသိက် (၅၂), ရုပ် (၂၈), နိဗ္ဗာန်, ပညတ်, ဤတရားစုသည် ပကတူပ နိဿယ၏ ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ပကတူပနိဿယ၏ ပစ္စယုပ္ပန်သရုပ်ကို ထောင်ထုတ်၍ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။ပိတ်(၁၉), စေတသိက်(၅၂), ဤတရားရသည် ပကတူပနိဿယ၏ပစ္စယုပ္ပန်တရားရဖြစ်ပါသည်။

မေး။ ။ပကတူပနိဿယသတ္တိဖြင့်ပစ္စည်းပြုပုံအချက်ကို အမြွက်မျှသိလွယ်အောင်ဖော်ပြပါ။

ဖြေ။ ။ပကတူပ နိဿယသတ္တိဖြင့် ပစ္စည်းပြုပုံများသည် လွန်စွာ ကျယ်ဝန်းများပြားလှပါသည်။ အမြွက်မျှ ဖြေဆိုရသည်ရှိသော် ပညာရှိ သူတော်ကောင်းကို မှီဝဲရသဖြင့် ပညာတရား, ကုသိုလ်တရားပွားများသောအခါ ပညာရှိသူတော်ကောင်းသည် ပညာတရား, ကုသိုလ်တရားတို့အား ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ သူမိုက်ကို ပေါင်းသင်းမိသဖြင့် အ ကု သိုလ် တရားပွားများသောအခါ သူမိုက်သည် အကုသိုလ်တရားအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ကောင်းမြတ်ညီမျှသောဥတုကို မှီဝဲရသဖြင့် ချမ်းသာမှု သုခဝေဒနာ ဖြစ်ပေါ်လာသောအခါ ထိုဥတုသည် သုခဝေဒနာအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ အောက်ပြန် ကြမ်းတမ်းသော ဥတုကို မှီဝဲရသဖြင့် ဆင်းရဲမှု ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသောအခါ ထိုဥတုသည် ဒုက္ခ

WWW.DHAMMARANSI.COM


ဝေဒနာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး
ပြုပါသည်။ ဒါန, သီလကို ပြုလုပ်ပြီးသောအခါ ထို
ဒါန, သီလကို ဝမ်းမြောက်စွာ အာရုံပြု၍ ကုသိုလ်
တဆင့် ပွားများ၍ နေပါလျှင် ကုသိုလ်သည် ကု
သိုလ်အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူး
ပြုပါသည်။ ဒါန, သီလကို ပြုလုပ်ပြီးသောအခါ ငါ
အလှူရှင်ကြီး, ငါ သီလသည်ကြီး ဤ သို့ စသော
အားဖြင့် တက်ကြွား ဖြင့်မောက်၍ နေပါလျှင် ကု
သိုလ်သည် အကုသိုလ်အား ပကတူပ နိဿယ
သတ္တိဖြင့် ကျေးဇူးပြုပါသည်။ တစုံတခုသော အ
ကုသိုလ်မှုကို ပြုပြီးသောအခါ ထိတ်လန့်စွာ နောင်
တရသော သဘောမျိုးဖြင့် အကုသိုလ်မှုတို့မှရှောင်
ကြဉ်၍ ကုသိုလ်တရား ပွားများအောင် အားထုတ်
ခဲ့ပါလျှင် အကုသိုလ်သည်ကုသိုလ်အား ပကတူပ
နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ တစုံတခု
သော အကုသိုလ်မှုကို ပြုပြီးသောအခါ ထို အကု
သိုလ်မှုကိုသာယာစွဲလမ်း၍နေပါလျှင် အကုသိုလ်
သည် အကုသိုလ်အား ပကတူပ နိဿယ သတ္တိ
ဖြင့် ကျေးဇူးပြုပါသည်၊ ပွင့် တော် မူ ခဲ့ ပြီး သော
ဘုရားရှင်တို့ကို အာရုံပြု၍ ကြည်ညိုသဒ္ဓါ
တရား ဖြစ်ပွား၍ နေပါလျှင် အတိတ် အာရုံသည်

WWW.DHAMMARANSI.COM

ပစ္စုပ္ပန်စိတ်အား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြုပါသည်။ ပွင့်တော်မူလာအံ့သော အရိမေတ္တေယျ ဘုရားရှင်ကို အာရုံပြု၍ ကြည်ညိုဖွယ်ရာ သဒ္ဓါတရားဖြစ်ပွား၍နေပါလျှင် အနာဂတ် အာရုံသည် ပစ္စုပ္ပန်စိတ်အား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြုပါသည်။ ဤသို့စသောအားဖြင့် ပကတူပနိဿယ၏ ကျေးဇူးပြုပုံမှာ လွန်စွာ များပြားလှပါသည်။ ယခု ဖြေဆိုချက်မှာ အမြွက်မျှသာ ဖြစ်ပါသည်။ ပဋ္ဌာန်း (၂၄) ပစ္စည်းတို့တွင် ပကတူပနိဿယ ပစ္စည်းကို အကျယ်ဝန်းဆုံးဟု ဆိုရပါသည်။

### ဆောင်ပုဒ်လင်္ကာ

နာမ်, ရုပ်, ပညတ်၊ အဇ္ဈတ်, ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာပကတူပ။

(ဥပနိဿယပစ္စည်း အမေးအဖြေပြီး၏။)

---

## ပုရေဇာတပစ္စည်း အမေးအဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ပုရေဇာတပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။ရှေး၌ ဖြစ်ခဲ့သော သဘော အားဖြင့်

WWW.DHAMMARANSI.COM

ကျေးဇူးပြုခဲ့သောပစ္စည်းကို ပုရေဇာတပစ္စည်း ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ရှေးဦးပုံသော၊ ဖြစ်ခဲ့ပေ၊ မှတ်လေပုရေဇာ။

မေး။ ။ ပုရေဇာတပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။ အာရမ္မဏ ပုရေဇာတ, ဝတ္ထု ပုရေဇာတ, ဝတ္ထာရမ္မဏ ပုရေဇာတအားဖြင့် သုံးပါး အပြားရှိပါသည်။

မေး။ ။ ထိုသုံးပါးတို့တွင် အာရမ္မဏ ပုရေဇာတ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည် အာရမ္မဏ ပုရေဇာတ ပစ္စည်းမည်ပါသည်။

ဖြေ။ ။ အာရမ္မဏ ပုရေဇာတ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ကာမစိတ် (၅၄), အဘိညာဉ်ဒွေး, အပ္ပမညာကြဉ်သော စေတသိက်ငါးဆယ်, ဤတရားစုသည် အာရမ္မဏ ပုရေဇာတ၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်။

မေး။ ။ အရူပလေးဘုံ, အသညသတ် ဘုံတို့၌

WWW.DHAMMARANSI.COM

ဤအာရမ္မဏ ပုရေဇာတ ပစ္စည်းကို ရနိုင်ပါမည်လော။

ဖြေ။ ။ မရနိုင်ပါ၊ ပဉ္စဝေါကာရ (၂၆) ဘုံတို့၌သာ ရနိုင်ပါသည်။

မေး။ ။ အဘယ် လက္ခဏာနှင့် ပြည့်စုံမှ အာရမ္မဏ ပုရေဇာတပစ္စည်း ဖြစ်နိုင်ပါသနည်း။

ဖြေ။ ။ ပစ္စယုပ္ပန် နာမ်တရားတို့၏ အာရုံလည်း ဖြစ်ပါမှ, ရှေး၌လည်းဖြစ်ပါမှ အာရမ္မဏပုရေဇာတ ပစ္စည်းဖြစ်နိုင်ပါသည်။

မေး။ ။ ရူပါရုံနှင့် စက္ခုဝိညာဉ်တို့၏ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကို အမြွက်အားဖြင့် ဖော်ပြပါ။

ဖြေ။ ။ စက္ခုဝိညာဉ်စိတ်သည် ရူပါရုံကို အာရုံပြု၍ ဖြစ်ပေါ်လာပါသည်။ ထိုရူပါရုံသည် စက္ခုဝိညာဉ်စိတ်၏ ရှေး၌လည်း ဖြစ်ပါသည်၊ အာရုံလည်းဖြစ်ပါသည်။ ထိုကြောင့် ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ရူပါရုံသည် အကြောင်း, စက္ခုဝိညာဉ်သည် အကျိုးဖြစ်ပါသည်။ ဤသည်ကား ရူပါရုံနှင့် စက္ခုဝိညာဉ်တို့၏ ပစ္စည်းပြုပုံကို ဖြေဆိုချက်ဖြစ်ပါသည်။

WWW.DHAMMARANSI.COM


မေး။ ။ ထိုရုပ်ရုံသည့် အဘယ်အဆိုက်အတန့်၌ ဖြစ်ပေါ်၍ လာခဲ့ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဉ်စိတ် မဖြစ်ပေါ်မီ အတိတ ဘဝင်နှင့်အတူဖြိုင်၍ ဖြစ်ပေါ်လာခဲ့ပါသည်၊ ထိုရူပါ ရုံကိုပင် စက္ခုဝိညာဉ်စိတ်က အာရုံပြုပါသည်။ အာ ရုံမှာ ပုရေဇာတမှန်လျှင် ဤနည်းအတိုင်းပင် သိ ရပါသည်။

(ပုရေဇာတ နိဿယပစ္စည်း အမေးအဖြေ ပြီး၏။)

## ပစ္ဆာဇာတ ပစ္စည်း အမေးအဖြေ

မေး။ ။ အဘယ်သို့သော သဘော သတ္တိအား ဖြင့်ကျေးဇူးပြုသောပစ္စည်းကို ပစ္ဆာဇာတပစ္စည်း ခေါ်ပါသနည်း၊

ဖြေ။ ။ နောက်၌ဖြစ်ခြင်း သတ္တိအားဖြင့် ကျေး ဇူးပြုသောပစ္စည်းကို ပစ္ဆာဇာတပစ္စည်း ခေါ်ပါ သည်။

မေး။ ။ နောက်၌ဖြစ်သောအားဖြင့် ကျေးဇူးပြု ပုံအချက်ကို အကြွက်မျှဖော်ပြပါ၊

ဖြေ။ ။ နောက်နောက်၌ ဖြစ်သော စိတ်, စေတ သိက်တို့သည်, ရှေးရှေး၌ဖြစ်ခဲ့၍ 'ဌီ' အနေအားဖြင့် ထင်ရှားရှိသော ဧတုဇ ရုပ်တို့အား တည် နိုင် စေ

WWW.DHAMMARANSI.COM

ခြင်း၌ ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဤသည်ကား ကျေးဇူးပြုပုံ အကြောင်းကို ဖြေဆိုချက် ဖြစ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

သတ္တာရှိနေ၊ 'ဌီ' ရုပ်တွေအား၊ စိတ်, စေ, နှစ်ဖြာ၊ နောက်နောက်လာ၊ တည်၌ ပစ္ဆာ၊ ဇ။

မေး။ ။ပစ္ဆာဇာတ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အရူပဝိပါက် လေးချက်ကြဉ်သော နောက်နောက်သောစိတ် (၈၅), စေတသိက်(၅၂), ဤတရားရသည် ပစ္ဆာဇာတ၏ ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။ ပစ္ဆာ ဇာတ၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ 'ဌီ'သို့ ရောက်ဆဲဖြစ်သော ရုပ်ဟူသမျှသည် ပစ္ဆာဇာတ၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ။အရူပ လေးဘုံ, အသညသတ် ဘုံတို့၌ ဤပစ္ဆာဇာတ ပစ္စည်းကို ရထိုက်ပါသလော။

ဖြေ။ ။ဤပစ္ဆာဇာတ ပစ္စည်းသည် နောက်က ရုပ်အား ကျေးဇူးပြုသော ပစ္စည်းဖြစ်သောကြောင့်

WWW.DHAMMARANSI.COM

အရူပလေးဘုံ၊ အသညသတ်ဘုံတို့၌ မရနိုင်ပါ။ ရုပ်နာမ် နှစ်ပါးရှိသော ပဉ္စဝေါကာရ(၂၆)ဘုံတို့၌ သာ ရနိုင်ပါသည်။

မေး။ ။ပဋိသန္ဓေစိတ်သည် ပစ္ဆာဇာတပစ္စည်း တပ်နိုင်ပါသလော။

ဖြေ။ ။ထိုပဋိသန္ဓေစိတ်သည် ဘဝတခု၌ အစ ဆုံးသော စိတ်ဖြစ်ပါသည်။ ရှေ့၌လည်း ရုပ် မဖြစ် ခဲ့သေးပါ။ ထို့ကြောင့် ပစ္ဆာဇာတပစ္စည်း မတပ် နိုင်ပါ။

မေး။ ။သတ္တဝါတို့ သန္တာန်၌ အဘယ်စိတ်က စ၍ ပစ္ဆာဇာတပစ္စည်း တပ်နိုင်ပါသနည်း။

ဖြေ။ ။သတ္တဝါတို့ သန္တာန်၌ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်က စ၍ စုတိစိတ် တိုင်အောင် အလုံး စုံသော စိတ်တို့သည် ပစ္ဆာဇာတပစ္စည်း တပ်နိုင် ကြပါသည်။

မေး။ ။နာမ်နှင့် ရုပ်တို့၏ ပစ္ဆာဇာတ ပစ္စည်း တပ်ပုံအချက်ကို သာဓကနှင့်တကွ ရှင်းလင်းစွာ ဆောင်ပြပါဦး။

ဖြေ။ ။ပထမ ဘဝင်စိတ်သည် ပဋိသန္ဓေ စိတ် အခိုက်၌ ဖြစ်ခဲ့သော ကမ္မဇရုပ်နှင့် ဥတုဇရုပ်တို့ အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.COM

နုတ္တိယ ဘဝင်စိတ်သည် ရှေး၌ ဖြစ်ခဲ့သော ကမ္မဇ, ဥတုဇ, စိတ္တဇ ရုပ်တို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ပဝတ္တိအခါ ဝီထိစိတ် ဖြစ်ပေါ်ရာ၌ အတီတ ဘဝင်စိတ်သည် ရှေး၌ ဖြစ်ခဲ့၍ 'ဌီ' အနေအားဖြင့် ထင်ရှားရှိခဲ့သော စတုဇရုပ် တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ဤနည်းကို အမှီပြု၍ နောက်နောက် စိတ်တို့က ရှေးရှေး၌ ဖြစ်ခဲ့သော ရုပ်တို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုပုံကို ဝေဘန်၍ သိနိုင်ပါသည်၊

မေး။ ။ပစ္ဆာဇာတ ပစ္စည်း၏ ကျေးဇူး ပြုပုံ သဘောကို ဥပမာအားဖြင့် ထင်ရှားစွာ ပြပါဦး၊

ဖြေ။ ။နောက်နှစ်,နောက်နှစ် တို့၌ အစဉ်မပြတ် ရွာသွန်းသော မိုးရေတို့သည် ရှေ့နှစ်, ရှေ့နှစ်တို့က ကြီးပွါး တည်တံ့၍လာခဲ့သော သစ်ပင်တို့အား စိမ်းစိုအားရှိအောင် ကျေးဇူးပြုဘိသကဲ့သို့ သတ္တဝါတို့၏ သန္တာန်မှာ နောက်နောက်၌ ဖြစ်သော စိတ်တို့သည် ရှေးရှေး၌ ဖြစ်ခဲ့၍ 'ဌီ'အနေအားဖြင့် ထင်ရှားရှိသောရုပ်တို့အား တည်နိုင် သန်စွမ်းစေသောအားဖြင့် ကျေးဇူး ပြုကြပါသည်၊ ဤသဘောကို ပစ္ဆာဇာတ သတ္တိသဘော ဆိုပါသည်၊

ပစ္ဆာဇာတပစ္စည်း၊ အမေးအဖြေ ပြီး၏။

## အာရမ္မဏပစ္စည်း အမေး အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာရမ္မဏပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။ပွါးခြင်း,ထုံခြင်း, အရှိန်အဟုန် ပေးခြင်း သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အာရမ္မဏ ပစ္စည်း ခေါ်ပါသည်၊ ထိုအာရမ္မဏ ပစ္စည်းကို ဓာတ်တူသော ဇောစိတ်တို့၌သာ ရနိုင်ပါသည်။

မေး။ ။အာရမ္မဏ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ရှေးရှေး ဖြစ်သော ဓာတ်တူ လောကီ ဇော(၄၇), စေတသိက်(၅၂) ၏ တရားစု သည် အာရမ္မဏ၏ ပစ္စည်းသရုပ် ဖြစ်ပါသည်။

### ဆောင်ပုဒ် လင်္ကာ

ရှေ့ဇောအစု ဓာတ်တူမှုကြောင့် ၊ကုသ,အကုသ၊ ကြိယာတဖန် နှစ်တန်ရုံ၊ ပွါးဟန် သေဝန။

မေး။ ။အာရမ္မဏ၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။ဖိုလ်ဇော ကြဉ်သော အလုံးစုံသော ဇော စိတ် (၅၁), စေတသိက်(၅၂)သည် အာရမ္မဏ၏ ပစ္စယုပ္ပန်သရုပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ဇော ဖြစ်ပါလျက် အာသေဝန ပစ္စည်း မတင်သော ထရေး သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။အဆုံးဇော, မဂ်ဇော, ဖိုလ်ဇော ဤဇော စိတ်များသည် အာသေဝန ပစ္စည်း မတင်ပါ။

မေး။ ။အဘယ့်ကြောင့် အာသေဝန ပစ္စည်း မထပ်သည်ဟု သဘောနှင့်တကွ ဖော်ပြပါ။

ဖြေ။ ။အဆုံးဇောသည် နောက်၌ ဆက်လက်၍ ဇောမဖြစ်သောကြောင့် ကျေးဇူးပြုရန် ပစ္စယုပ္ပန် မရှိပါ။ ထိုကြောင့် အာသေဝန ပစ္စည်းမတင်နိုင်ပါ။ မဂ်ဇောသည် နောက်၌ သဘောတူသော ဇော မဖြစ်လာဘဲ ဖိုလ်ဇောဖြစ်လာသောကြောင့် အာသေဝနပစ္စည်း တပ်နိုင်ရန် အခွင့်မရှိပါ။ ဇာတ်တူသော 'ဇော' အချင်းချင်း ဖြစ်ပါမှ အာသေဝန ပစ္စည်း တပ်နိုင်ခွင့် ရှိပါသည်။ ဖိုလ်ဇောသည် ဝိပါက်မျိုး ဖြစ်၍ နေသောကြောင့် အာသေဝန ပစ္စည်း တပ်နိုင်ခွင့်ကို မရပါ။ အကုသိုလ်ဇော, ကုသိုလ်ဇော, ကြိယာဇောတို့ သာလျှင် အာသေဝန ပစ္စည်းတပ်ခွင့်ကို ရနိုင်ပါသည်။

မေး။ ။ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန် မဖြစ်သော ဇော, ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်သော ဇော များကို ဖော်ထုတ်၍ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။ပဌမ စေတနာသည် ပစ္စည်းသာ ဖြစ်၍ ပစ္စယုပ္ပန်မဖြစ်ပါ၊ အဆုံးစေတနာနှင့် မဂ်စေတနာများသည် ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်ပါ၊

အာသေဝနပစ္စည်း အမေး-အဖြေ ပြီး၏။

## ကမ္မပစ္စည်း အမေး-အဖြေ

မေး။ ။အဘယ် သို့သော သဘော သတ္တိဖြင့် ကျေးဇူး ပြုသော ပစ္စည်းကို ကမ္မပစ္စည်း ခေါ်ပါ သနည်း။

ဖြေ။ ။ ယှဉ်ဘော်, ယှဉ်ဘက်ဖြစ်သော သမ္ပယုတ်တရားတို့ကို စေ့ဆော်အားပေးခြင်းသတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို ကမ္မပစ္စည်း ခေါ်ပါသည်၊

မေး။ ။ထိုကမ္မပစ္စည်းသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ ။သဟဇာတကမ္မ, နာနာက္ခဏိက ကမ္မ အားဖြင့် နှစ်ပါးရှိပါသည်၊

### ဆောင်ပုဒ်လင်္ကာ

သဟဇာတ၊ ခဏနာနာ။ စေတနာ၊ မှတ်ပါနှစ် ကမ္မ။

မေး။ ။ သဟ ဇာတ ကမ္မ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ၊

WWW.DHAMMARANSI.COM

ဖြေ။ ။ပိတ်(၁၉)၌ရှိသော စေတနာ(၁၉)သည် သဟဇာတ ကမ္မပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။သဟဇာတ ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ပိတ်(၁၉), စေတနာကြဉ်သော စေတသိက်(၅၁),ဝိပ္ပါကရုပ်,ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် သဟဇာတ ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါသည်။

မေး။ ။သဟဇာတ ကမ္မ၏ ပစ္စည်း တပ်ပုံ သဘောကို သိရအောင် အဖြက်မှ ဖော်ပြပါ။

ဖြေ။ ။မဟာကုသိုလ် ပထမပိတ် ဖြစ်ပေါ်ရာ စေတသိက် (၃၈)ပါး ယှဉ်ပါသည်။ ထိုပိတ်နှင့် တပြိုင်နက် ဝိပ္ပါဇရုပ်လည်း ဖြစ်ပေါ်လာပါသည်။ ထိုအခါ ထိုတရားတို့၌ ပါရှိသော စေတနာ စေတသိက်သည် ယှဉ်ဖော်ယှဉ်ဘက် ဖြစ်သော နာမ်တရား တို့အား ဆိုင်ရာ ကိစ္စတို့၌ အသီး အသီး ဆောင်ရွက်ကြ စေရန် ဆော်အောာခြင်း ကိစ္စဖြင့် ကျေးဇူးပြုပါသည်။ အတူ ဖြစ်ပေါ်သော ဝိညာဇ ရုပ်တို့အားလည်း အားရှိ သန်စွမ်းအောင် ဆော် အောာခြင်း သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပဋိသန္ဓေ အခိုက်၌ ပါရှိသော စေတနာသည် ယှဉ်ဖော်

ယှဉ်ဘက် ဖြစ်သော သမ္ပယုတ်တရားတို့နှင့် တပြိုင်နက် ဖြစ်ပေါ်သော ကမ္မဇရုပ်တို့အား ဆိုခဲ့ပြီးသော နည်းအတိုင်း ဆောင်အောခြင်းသတ္တိဖြင့် ကျေးဇူးပြုပါသသည်၊ ဤပစ္စည်းသည် သဟဇာတ ပစ္စည်းမျိုး ဖြစ်သောကြောင့် ပစ္စည်းပြုပုံမှာ သဟဇာတ ပစ္စည်းကြီးနှင့် အတူတူပင်ဖြစ်ပါသည်၊ ဤကား သဟဇာတ ကမ္မ၏ ပစ္စည်းပြုပုံ အချက်ကို အမြွက်မျှ ဖြေဆိုခြင်း ဖြစ်ပါသည်၊

မေး။ ။နာနာက္ခဏိက ကမ္မ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ၊

ဖြေ။ ။အတိတ် ဖြစ်သော ကုသိုလ် စေတနာ (၂၁)၊ အတိတ်ဖြစ်သော အကုသိုလ်စေတနာ(၁၂) ဤတရားစုသည် နာနာက္ခဏိက ကမ္မ၏ ပစ္စည်း သရုပ် ဖြစ်ပါသည်၊

မေး။ ။နာနာက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ ပြပါ၊

ဖြေ။ ။ဝိပါက်ပိတ် (၃၆)၊ စေတသိက်(၃၈)၊ အလုံးစုံသော ကမ္မဇရုပ် ဤတရားစုသည် သဟဇာတ ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်သရုပ် ဖြစ်ပါသည်၊

မေး။ ။နာနာက္ခဏိက ကမ္မ၏ ကျေးဇူး ပြုပုံ သဘောကို ဖော်ပြပါ၊

WWW.DHAMMARANSI.COM

ဖြေ။ ။ကံမြောက်၍ ချုပ်လေပြီးသော ကုသိုလ်စေတနာ, အကုသိုလ် စေတနာ တို့သည် နောင်အကျိုးပေးချိန် တန်သောအခါ ဝိပါက်နာမက္ခန္ဓာ၃နှင့် ကဋတ္တာရုပ်များကို ဖြစ်ပေါ်အောင် ရွက်ဆောင်ပါသည်။ ဤသည်ကား နာနာက္ခဏိက ကမ္မ၏ ကျေးဇူးပြုပုံသဘော ဖြစ်ပါသည်။

မေး။ ။အဘယ်ကြောင့် နာနာက္ခဏိက ကမ္မဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ကံ ဖြစ်ပေါ်လာခြင်းက အချိန်ကာလ 'ခဏ'တမျိုး၊ အကျိုးဖြစ်ပေါ်လာခြင်းက အချိန်ကာလ'ခဏ'တမျိုး။ ဤကဲ့သို့ ခဏ အသီးအသီးဖြစ်၍ နေခြင်းကြောင့် နာနာက္ခဏိက ကမ္မ ခေါ်ပါသည်။

မေး။ ။သဟဇာတ ကမ္မနှင့် နာနာက္ခဏိက ကမ္မ မည်ကဲ့သို့ ခြားနားပါသနည်း။

ဖြေ။ ။သဟဇာတ ကမ္မသည် ပစ္စုပ္ပန် အနေအားဖြင့် လက်ငင်း ကျေးဇူးပြုပါသည်။ နာနာက္ခဏိက ကမ္မသည် အတိတ်သဘော၌တည်၍ အနာဂတ်ကာလ၌ ဖြစ်ပေါ်သော အကျိုး တရားတို့အား ကျေးဇူး ပြုပါသည်။ ဤသည်ကား သဟဇာတနှင့် နာနာက္ခဏိက ကမ္မ၏ ထူးခြားပုံအချက် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ နာနာက္ခဏိက ကမ္မစေတနာသည် ချုပ်လေပြီးဖြစ်ပါလျက် နောင်အခါ အကျိုးပေးရန် အဘယ်သို့သော သဘော သတ္တိအားဖြင့် တည်ရှိနေပါသနည်း။

ဖြေ။ ။ ကံမြောက်လေပြီးသော စေတနာ ဆိုသည်မှာ လွန်စွာ အာနုဘော်ကြီးမားလှပါသည်၊ စေတနာ ချုပ်၍ သွားသော်လည်း အကျိုး ဖြစ်စေခြင်းတည်းဟူသော ကြိယာအမှုအရာအထူးသည်ကား အလုံးစုံ ချုပ်ငြိမ်း၍ သွားသည် မဟုတ်ပါ၊ အနုသယ သဘောကဲ့သို့ စိတ်အစဉ်၌ အမြဲတွဲကာ လိုက်ပါ၍ နေပါသည်၊ ထိုကြိယာ အမှုအရာ အထူးကိုပင်လျှင် နာနာက္ခဏိက ကမ္မသတ္တိဟူ၍ ခေါ်ဆိုရပါသည်၊ ထိုသတ္တိသည်ပင်လျှင် နောင် အကျိုးပေးချိန် တန်သောအခါ အကျိုး အမျိုးမျိုးကို ဖြစ်ပေါ်စေပါသည်။

မေး။ ။ ကံမြောက်သော ဇော (၇) ကြိမ် ရှိရာတွင် ထိုဇောတို့၏ နာနာက္ခဏိက ကမ္မသတ္တိဖြင့် အကျိုးပေးပုံကို အချိန် ကာလ အားဖြင့် ပိုင်းခြား ဝေဘန်၍ပြပါ။

ဖြေ။ ။ ထိုဇော (၇) ကြိမ်တို့တွင် ပဌမဇောသည် မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်ပါသည်၊

WWW.DHAMMARANSI.COM

သတ္တမဇောသည့် အခြားမဲ့ ဒုတိယဘဝ၌ အကျိုးပေးနိုင်ပါသည်၊ အလယ်ဇော ငါးချက်သည့် နိဗ္ဗာန် မရမီအတွင်း အခွင့်ကြုံသော ဘဝတို့၌ အကျိုးပေးနိုင်ပါသည်၊ ဆိုခဲ့ပြီးသောအချိန်ကာလတို့၌ တစုံတရာမျှအကျိုးမပေးသောကံကို အဟောသိက ကံခေါ်ပါသည်၊

## ဆောင်ပုဒ်လင်္ကာ

(က) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌ, ဇော ဦးသာ၊

(ခ) ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပ,ဆုံးဇောသာ၊

(ဂ) ပရံပရ, အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးတွယ်၊ အလယ်ဇောငါးဖြာ၊

(ဃ) ကံအဟောသိ၊ ကျိုးမရှိ၊ ပြီ-စေတနာ၊

မေး၊ ၊နာနာက္ခဏိက ကမ္မသတ္တိဖြင့် အမျိုးမျိုး အကျိုးပေးနိုင်သောကံများကိုခွဲခြားဝေဖန်၍ပြပါ၊

ဖြေ၊ ၊ထိုကံများသည် ဇနက ကံ, ဥပထမ္ဘက ကံ, ဥပပီဠက ကံ, ဥပဃာတက ကံ အားဖြင့် လေးပါး အပြားရှိပါသည်၊

မေး၊ ၊ထိုကံ လေးပါးတို့၏ အကျိုးပေးပုံ အဓိပ္ပါယ်ကို သိလွယ်ရုံဖော်ပြပါ၊

WWW.DHAMMARANSI.COM


ဖြေ။ ။ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော ကံမျိုးကို ဇနကကံ ခေါ်ပါသည်၊ ထောက်ပံ့တတ်သော ကံမျိုးကို ဥပတ္ထမ္ဘက ကံ ခေါ်ပါသည်၊ ဘိစီး နှိပ်စက်တတ်သော ကံမျိုးကို ဥပပီဠက ကံ ခေါ်ပါသည်၊ ပျက်စီးဆုံးရှုံးအောင် အတင်း သတ်ဖြတ်တတ်သော ကံမျိုးကို ဥပစ္ဆေဒက ကံ ခေါ်ပါသည်၊ ဥပဃာတက ကံလည်းခေါ်ပါသည်၊

## ဆောင်ပုဒ်လင်္ကာ

(က) ဖြစ်ပွားစေမှု၊ကျေးဇူးပြု၊ကု,ဂု,ဇနကာ
(ခ) ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ၊
(ဂ) နှိပ်စက်ညှင်းပန်း၊ညှိုးနွမ်းစေမှု၊ဘိစီးပြု၊ ဥပပီဠကာ၊
(ဃ) ပျက်ဆုံးစေမှု၊အတင်းပြု၊ဥပဃာတကာ၊

မေး။ ။ထို့ပြင် တပါး ကံအပြား အဘယ်မျှ ရှိပါသေးသနည်း။

ဖြေ။ ။ဂရုကံ,အာသန္နကံ,အာစိဏ္ဏကံ ကဋတ္တာကံ အားဖြင့် လေးပါးအပြားရှိပါသည်၊

မေး။ ။ထိုကံလေးပါးတို့၏ သဘော အဓိပ္ပါယ်ကို သိလွယ်ရုံ ဖော်ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။ကံတပါးတို့ မတားဆီးနိုင်အောင် ကြီးကျယ်လေးလံသော ကံမျိုးကို ဂရုကံ ခေါ်ပါသည်၊ သေခါနီးဆဲဆဲ၌ ပြုလုပ် ဖြစ်ပေါ်သော ကံမျိုးကို အာသန္နကံ ခေါ်ပါသည်၊ အစဉ် မပြတ် ပြုလုပ်ဆည်းပူးလေ့ရှိသော ကံမျိုးကို အာစိဏ္ဏကံ ခေါ်ပါသည်၊ ။ထိုကံသုံးပါးမှ အလွတ်ဖြစ်၍ ရံခါရံခါန်မှပြုလုပ် ဖြစ်ပေါ်လေ့ရှိသော ကံမျိုးကို ကဋတ္တာကံ ခေါ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

(က) ကံတပါးတို့၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုကာ။

(ခ) သေဆုံးလုမှ၊ ပြုသော်ရင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

(ဂ) နေ့ရှည်လေ့ကျက်၊ ရက်ရှည်ဖွဲ့မြဲ၊ အထုံသဲ၊ ခေါ်မြဲ အာစိဏ္ဏ။

(ဃ) သုံးပါးမှလျှင်၊ အလွတ်ဝင်၊ သညာကဋတ္တ။

(မေး) နာနာကမ္မကံက ကမ္မသတ္တိ အရာ၌ ကုသိုလ်, အကုသိုလ်, ဟူ၍ နှစ်မျိုးရှိခဲ့ရာ အကျိုးပေးပုံမှာ မည်ကဲ့သို့ ထူးခြားကြပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။အကုသိုလ် ကံသည် အပြစ်နှင့် တကွ ဆင်းရဲသော အကျိုးကို ပေးပါသည်၊ ကုသိုလ်ကံသည် အပြစ်မရှိ, ချမ်းသာသော အကျိုးကိုပေးပါသည်။

မေး။ ။ကုသိုလ်, အကုသိုလ် နှစ်ပါး တို့တွင် အကုသိုလ်ကံ အပြားအဘယ်မျှရှိပါသနည်း။

ဖြေ။ ။ကာယကံ သုံးပါး, ဝစီကံ လေးပါး, မနောကံ သုံးပါးအားဖြင့် အကုသိုလ်ကံ ဆယ်ပါး ရှိပါသည်။

မေး။ ။ထိုဆယ်ပါးတို့၏ သရုပ်နှင့်သဘောကို ဘောင်ထုတ်၍ ပြပါ။

ဖြေ။ ။ပါဏာတိပါတ=သူ့အသက်ကိုသတ်ခြင်း, အဒိန္နာဒါန=အရှင်မပေးသော သူ့ဥစ္စာကိုခိုးယူခြင်း, ကာမေသု မိစ္ဆာစာရ=သူ့သားမယားကို ပြစ်မှား ကြူးလွန်ခြင်း ဤသုံးပါးကို အကုသိုလ် (ကာယကံ) သုံးပါးခေါ်ပါသည်။ ။မုသာဝါဒ=မဟုတ် မမှန် လိမ်လည်၍ ပြောဆိုခြင်း, ပိသုဏာဝါစာ=အချင်းချင်း ကွဲပြားအောင် ကုန်းတိုက် စကားပြောဆိုခြင်း, ဖရုသဝါစာ=ယုတ်မာ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း, သမ္ဖပ္ပလာပဝါစာ=အကျိုး မရှိ သိန်ဖျင်းသော စကားကို ပြောဆိုခြင်း,

WWW.DHAMMARANSI.COM

ဤလေးပါးကို အကုသိုလ် (ဝစီကံ) လေးပါးခေါ် ပါသည်။ ။အဘိဇ္ဈာ=သူတပါးတို့၏ စည်းစိမ်ကို မိမိစည်းစိမ်ဖြစ်အောင် ကြံစည်ခြင်း, ဗျာပါဒ=သူ တပါးတို့၏ အသက်ကို ဆုံးရှုံးအောင်ကြံစည်ခြင်း, မိစ္ဆာဒိဋ္ဌိ=မှားသောအယူကိုယူခြင်း,ဤသုံးပါးကို အကုသိုလ် (မနောကံ) သုံးပါးခေါ်ပါသည်။ ။ဖြေ ဆိုခဲ့ပြီးသော အသုတ်တရား ဆယ်ပါးကို အကုသ လ ကမ္မပထ ဆယ်ပါးဟူ၍လည်း, ဒုစရိုက်ဆယ်ပါး ဟူ၍လည်း ခေါ်ပါသည်။

(က) သက်သတ်,ခိုးမှု,ကာမေသု၊ သုံးခု ကာယကံ။

(ခ) မုသာ,ဖိတ်ခွဲ၊ ဆဲရေး,ပြိန်ဖျင်း၊ အပါယ် ချဉ်း၊ လေးသင်း ဝစီကံ။

(ဂ) သူ့ပိုင်နှင်ကို၊ ကိုယ်ဘက် ညွတ် စေ၊ အသေ တောင့်တ၊ ပါပဒိဋ္ဌိ၊ အယူငြိ၊ ကြံ မနောကံ။

မေး။ ။ထိုဒုစရိုက် ဆယ်ပါးကို ပွားများ ဝေ ဘန်ခဲ့ပါလျှင် အဘယ်မျှ အပြား ရှိနိုင် ပါသနည်း။

ဖြေ။ ။ကိုယ်တိုင် ပြုလုပ်သော ဒုစရိုက်တမျိုး, သူတပါး တို့ကို ပြုလုပ်အောင် တိုက်တွန်းသော ဒုစရိုက် တမျိုး, သူတပါး ပြုလုပ်သည်ကို ဝမ်း

WWW.DHAMMARANSI.COM

ခြောက်ပွား ချီးမွမ်းသော နုစရိုက်တမျိုး,သူတပါးပြု လုပ်သည့်ကို မိတ်အလိုတူသော နုစရိုက် တမျိုး, ဤလေးမျိုးဖြင့် နုစရိုက် ဆယ်ပါးကို ခြောက်ပွါး လိုက်သည့်ရှိသော် နုစရိုက် အကျယ် လေးဆယ် ဖြစ်နိုင်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းမိတ်တူ၊ ပွါးဖြန့် မူ'မှတ်ယူလေးဆယ်ကာ။

မေး။ ။အကုသိုလ်၏ ဆိုင်ရာဖြစ်သော နုစရိုက် ဆယ်ပါးကို ခြားနားစွာ သိရပါပြီ၊ အဘယ်တရား များကို သုစရိုက်ဟု ခေါ်ဆိုပါသနည်း။

ဖြေ။ ။နုစရိုက် ဆယ်ပါးတို့မှ ရှောင်ကြဉ်လျှင် သုစရိုက် ဆယ်ပါး ဖြစ်နိုင်ပါသည်၊ ထိုသုစရိုက် ဆယ်ပါးမှာ ကုသိုလ်အရာဖြစ်ပါသည်။

မေး။ ။သုစရိုက် ဆယ်ပါးကို သိရပါပြီ၊ ကု သိုလ် ပွားများကြောင်းဖြစ်သော ကုသလကမ္မပထ တရား ဆယ်ပါးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ဒါန=ပေးကမ်း စွန့်ကြဲခြင်း, သီလ=အ ကျင့်သီလဆောက်တည်ခြင်း,ဘာဝနာ=ကမ္မဋ္ဌာန်း ဘာဝနာ ပွားများခြင်း, အပစာယန= သက်ကြီး သောသူ,ဂုဏ်ကြီးသောသူတို့ကို ရိုသေပူဇော်ခြင်း

WWW.DHAMMARANSI.COM

ဝေယျာဝစ္စ=ရတနာသုံးပါးနှင့်ဆိုင်သောကိစ္စ, ကုသိုလ်ရေးနှင့်ဆိုင်သော ကိစ္စတို့၌ ကြောင့်ကြစိုက်၍ ကူညီဆောင်ရွက်ခြင်း, ပတ္တိဒါန=မိမိကုသိုလ်အဖို့ကို သူတပါးတို့အား အမျှပေးဝေခြင်း, ပတ္တာနုမောဒန=သူတပါးတို့ကအမျှပေးဝေသောအခါဝမ်းသာစွာ သာဓုခေါ်ခြင်း, ဓမ္မသဝန=ရိုသေစွာ တရားနာခြင်း, ဓမ္မဒေသနာ=ကောင်းစွာ တရားဟောခြင်း, ဒိဋ္ဌိဇုကမ္မ=ကံ, ကံ၏ အကျိုးကို ယုံကြည်ခြင်းမှစ၍ ဖြောင့်မတ်သောအယူကို ယူခြင်း, ဤသည်ကား ကုသလကမ္မပထ တရားဆယ်ပါး ဖြစ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ဒါ, သီ, ဘာ, ပူ, ကြောင့်ကြမှုနှင့်၊ အလှူဝေ၊ အမျှသာခေါ်၊ သူတရားနာ၊ သိရာပြောဆို၊ ကံကိုကိုးရိုး၊ ဆယ်မျိုးဝဋ္ဋု၊ ပုညမှု သုခ ပွါးများရန်။

မေး။ ။ထိုကုသလကမ္မပထ တရားကို ပွါးများခဲ့ပြန်ပါလျှင် အ ဘယ် မျှ အပြားရှိနိုင်ပါသနည်း။

ဖြေ။ ။ဒုစရိုက် ခန်းတွင် ဖြေဆိုခဲ့ပြီးသော အတိုင်း ကိုယ်တိုင် ပြုလုပ်ခြင်း, တိုက်တွန်းခြင်း, ဝမ်းမြောက်ခြင်း, သဘော တူခြင်း ဤ လေးပါးဖြင့် မြောက်ပွားသည့် ရှိသော် ကုသလ ကမ္မပထ အကျယ်လေးဆယ် ဖြစ်နိုင်ပါသည်။

မေး။ ။ဒွါရအရာ၌ ကံဖြစ်သော စေတနာသည် အဘယ်မျှ ရှိပါသေးသနည်း။

ဖြေ။ ။ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာ အားဖြင့် သုံးပါး အပြားရှိပါသည်။

မေး။ ။ထိုစေတနာ သုံးပါး၏ အဓိပ္ပါယ်ကို သိလွယ်အောင် ဖော်ပြပါ။

ဖြေ။ ။မလှူမှီ ရှေးအတိုင်း၌ ဖြစ်ပွားသော စေတနာကို ပုဗ္ဗစေတနာခေါ်ပါသည်။ ။လှူဆဲအခိုက်၌ ဖြစ်ပွားသော စေတနာကို မုဉ္စ စေတနာ ခေါ်ပါသည်။ လှူပြီးသောနောက် ဝမ်းမြောက်စွာ ဖြစ်ပွားသော စေတနာကို ပရစေတနာခေါ်ပါသည်။ အလှူဒါန အရာ၌ ဤစေတနာ သုံးတန် ညီညွတ်မှ ထွတ်မြတ် ကြီးကျယ်စွာ အကျိုးပေးနိုင်ပါသည်။

ကမ္မပစ္စည်း အမေးအဖြေပြီး၏။

---

## ဝိပါက ပစ္စည်း၊ အမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိပါကပစ္စည်းခေါ်ပါသနည်း။

ဖြေ။ ။အကျိုးဝိပါက်ဖြစ်ပေါ်မှု သတ္တိဖြင့် ကျေးဇူးပြုသောပစ္စည်းကို ဝိပါကပစ္စည်း ခေါ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ဝိပါက ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။အလုံးစုံသော ဝိပါက်စိတ် (၃၆), စေတသိက်(၃၈) ဤတရားရသည် ဝိပါက ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အလုံးစုံသော ဝိပါက်စိတ် (၃၆), စေတသိက် (၃၈), ဝိညတ်နှစ်ပါး ကြဉ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားရသည်ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

မေး။ ။အဘယ်ကြောင့် ဝိပါကဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။နာနာက္ခဏိကကံ၏ ရင့်ကျက်မှု အကျိုးသဘောဖြစ်သောကြောင့် ဝိပါကဟု ခေါ်ဆိုရပါသည်။

မေး။ ။ဝိပါက ပစ္စည်း၏ ပစ္စယုပ္ပန် တရားစုတွင် အဘယ်ကြောင့် ဝိညတ်နှစ်ပါးကို ကြဉ်ထားရပါသနည်း။

ဖြေ။ ။ဝိပါက်စိတ် ဟူသမျှသည် ဝိညတ်ရုပ်ကို မဖြစ်စေနိုင်ပါ၊ ထို့ကြောင့် ကြဉ်ထားရပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အကျိုးဖြစ်သော ဝိပါက်စိတ် (၃၆)ပါးရှိခဲ့ရာ အကုသလဝိပါက်မည်မျှ, ကုသလ ဝိပါက်မည်မျှ ရှိကြောင်းကို ဖော်ပြပါ။

ဖြေ။ ။အကုသလ ဝိပါက်မှာ အဟိတ်စိတ်၌ပါရှိသောအတိုင်း ခုနစ်ပါးပင် ရှိပါသည်။ ကုသလ ဝိပါက်တို့မှာ အဟိတ် ကုသလ ဝိပါက် (၈), မဟာဝိပါက်(၈), ရူပါဝစရဝိပါက် (၅), အရူပါဝစရဝိပါက် (၄), လောကုတ္တရာ ဝိပါက် (၄), ဤသို့ အားဖြင့် ကုသလ ဝိပါက်ပေါင်း (၂၉) ပါးရှိပါသည်။

မေး။ ။ထိုဝိပါက်တို့တွင် အဘယ်ကံကြောင့် အဘယ်ဝိပါက်များ ဖြစ်ပေါ်သည်ဟု ခွဲ၍ရာ စေဘန်၍ပြပါ။

ဖြေ။ ။အကုသိုလ် စေတနာ(၁၂)ပါးကြောင့် အကုသလဝိပါက်(၇)ပါးဖြစ်ပေါ်ရပါသည်။ ကာမာဝစရ ကုသိုလ်စေတနာ(၈)ပါးကြောင့် အဟိတ် ကုသလ ဝိပါက် (၈)ခု, မဟာ ဝိပါက် (၈)ခု ဤဝိပါက်စိတ် (၁၆) ခု ဖြစ်ပေါ်သည်။ ရူပါဝစရ ကုသိုလ် စေတနာ (၅) ပါးကြောင့် ရူပါဝစရ ဝိပါက်(၅) ခု ဖြစ်ပေါ်ရပါသည်။ အရူပါဝစရ

WWW.DHAMMARANSI.COM

ကုသိုလ်စေတနာ (၄) ပါးကြောင့် အရူပါဝစရ ဝိပါက် (၄) ခု ဖြစ်ပေါ်ရပါသည်၊ လောကုတ္တရာ ကုသိုလ်စေတနာ (၄) ပါးကြောင့် လောကုတ္တရာ ဝိပါက် (၄) ခု ဖြစ်ပေါ်ရပါသည်၊

မေး။ ။ကံဖြစ်ပြီးသည်၏ အခြားမဲ့၌ လက်ငင်း ဖြစ်ပေါ်သော ဝိပါက်သည် အဘယ်ဝိပါက် ဖြစ်ပါသနည်း။

ဖြေ။ ။လောကုတ္တရာ ဝိပါက်ဟု ဆိုအပ်သော ဖိုလ်စိတ် လေးခု ဖြစ်ပါသည်၊ ထိုဖိုလ်စိတ် (၄)ခု သည် မဂ်ကုသိုလ် ဖြစ်ပြီးသောနောက် အခြားမဲ့၌ လက်ငင်း ဖြစ်ပေါ်လာပါသည်၊ ထို့ကြောင့် ဖိုလ်စိတ်(၄)ခုသည် မဂ်စိတ်(၄)ခု၏ အနန္တရပစ္စယုပ္ပန် ဖြစ်ပါသည်၊

ဝိပါကပစ္စည်း အမေး အဖြေ ပြီး၏။

## အာဟာရပစ္စည်း အမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအား ဖြင့် ကျေးဇူးပြုသောပစ္စည်းကို အာဟာရ ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။ခိုင်ခံ့ တည်တံ့စေမှု သတ္တိဖြင့် ကျေးဇူး ပြုသော ပစ္စည်းကို အာဟာရ ပစ္စည်း ခေါ်ပါ သည်။

စာအုပ်လင့်ပေါင်းစုံ

## ဆောင်ပုဒ်လင်္ကာ

ထောက်ပံ့ခိုင်တွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ် အာဟာရ။

မေး။ ။အာဟာရ ပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း။

ဖြေ။ ။နာမ် အာဟာရ ပစ္စည်း, ရုပ် အာဟာရ ပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိပါသည်။

မေး။ ။ထိုနှစ်ပါး တို့တွင် နာမ် အာ ဟာ ရ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ဖဿ (၈၉), စေတနာ (၈၉), စိတ် (၈၉) ဤတရား စုသည် နာမ်အာဟာရ၏ ပစ္စည်း သရုပ် ဖြစ်ပါသည်။

မေး။ ။နာမ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။စိတ် (၈၉), စေတသိက် (၅၂), စိတ္တဇ ရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားစုသည် နာမ်အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ရုပ် အာဟာရ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အဇ္ဈတ္တ သန္တာန်၌ရှိသော စတုဇ ဩဇာရုပ်,ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇ ဩဇာရုပ် ဤတရားစုသည် ရုပ်အာဟာရ၏ ပစ္စည်း သရုပ်ဖြစ်ပါသည်။

မေး။ ။ရုပ် အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။သတ္တဝါတို့၏ ကိုယ်သန္တာန် အတွင်း၌ ကလာပ်တူဩဇာ ကြဉ်သော အလုံးစုံသော စတုဇ ရုပ် ဤတရားစုသည် အာဟာရ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်။

မေး။ ။အဘယ်ကြောင့် အာဟာရဟူ၍ ခေါ်ဆိုရပါသနည်း။

ဖြေ။ ။ရှည်မြင့်စွာ တည်အောင်,ကြီးပွားအောင် ဆောင်တတ်သောကြောင့် အာဟာရ ဟူ၍ ခေါ်ဆိုရပါသည်။

မေး။ ။နာမ် အာဟာရ သုံးပါးတို့တွင် ဖဿ အာဟာရသည် အဘယ်ကဲ့သို့ ဆောင်ပါသနည်း။

ဖြေ။ ။ဖဿ အာဟာရသည် အာရုံ ခြောက်ပါးတို့၌ ဣဋ္ဌအရသာ,အနိဋ္ဌ အရသာ ပေါ်အောင်

WWW.DHAMMARANSI.COM

ဆောင်ပြီးလျှင် အာရုံ၏ အရသာကို ခံစား တတ်သော ဝေဒနာကိုဖြစ်စေ၍ တဏှာ ကြီးပွါးအောင် ဆောင်ရွက်နိုင်ပါသည်။

မေး။ ။စေတနာ အာဟာရသည် အဘယ်ကဲ့သို့ဆောင်နိုင်ပါသနည်း။

ဖြေ။ ။စေတနာ အာဟာရသည် သတ္တဝါတို့၏သန္တာန်၌ ကာယကံ,ဝစီကံ,မနောကံ သုံးပါးဖြစ်အောင် နှိုးဆော်ပြီးလျှင် သံသရာ တွင်း၌ ဘဝ အမျိုးမျိုးဖြစ်အောင် ဆောင်နိုင်ပါသည်။ထိုစေတနာ အာဟာရသည် ကမ္မပစ္စည်းနှင့်သဘောတူပင်ဖြစ်ပါသည်။

မေး။ ။ဝိညာဏာ ဟာရသည် အဘယ်ကဲ့သို့ဆောင်ပါသနည်း။

ဖြေ။ ။ဝိညာဏာ ဟာရသည် အာရုံကို သိခြင်းကိစ္စ၌ နာမ်တရားတို့၏ ရှေ့ဆောင် ဖြစ်ပြီးလျှင် နာမ်ရုပ်တို့ဖြစ်ပွါးအောင် ဆောင်ပါသည်။

မေး။ ။ရုပ် အာ ဟာ ရသည် အဘယ် ကဲ့သို့ဆောင်ပါသနည်း။

ဖြေ။ ။ရုပ် အာ ဟာ ရသည် သ တ္တ ဝါ တို့ ၏ သန္တာန်၌ ဇဝဇရုပ် တရားတို့ကို ဖည့်ပင်ကြီးပွါး, ကာလ ရှည်လျားအောင် ဆောင်နိုင်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ။ သတ္တဝါတို့ သန္တာန်၌ အဟာရဇရုပ် ဖြစ်ပုံသဘောကို အမြွက်မျှဘော်ပြပါ။

ဖြေ။ ။အစာဘောဇဉ်တို့၌ ပါရှိသော ဩဇာဓာတ်သည် အဇ္ဈတ္တသန္တာန်၌ရှိသော ဩဇာဓာတ်နှင့် ပေါင်းဆုံမိရာ အချင်းချင်း 'ဌီ' သို့ ရောက်သောအခါ အာဟာရဇရုပ်များကိုဖြစ်ပွါးစေနိုင်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ဗဟိဒ်အဇ္ဈတ်၊ နှစ်ရပ်ဩဇာ၊ ရောမိခါ၌၊ 'ဌီ'သို့ ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏာမစဲ၊ တသဲသဲ၊ အမြဲ ရုပ်ဖြစ်စေ၊

အာဟာရ ပစ္စည်း အမေး အဖြေပြီး၏။

## ဣန္ဒြိယ ပစ္စည်း၊အမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဣန္ဒြိယ ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။အစိုးရခြင်းသဘောသတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဣန္ဒြိယ ပစ္စည်းခေါ်ပါသည်၊

မေး။ ။အဓိပတိ ပစ္စည်း အစိုးရပုံနှင့် ဣန္ဒြိယ ပစ္စည်းအစိုးရပုံ အဘယ်ကဲ့သို့ ထူးခြားပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ အဓိပတိ ပစ္စည်းသည် စကြာဝတေး မင်း၏ အစိုးရပုံမျိုးကဲ့သို့ ပြိုင်ဘက် မရှိအောင် တ ပါးတည်းအုပ်ချုပ်၍ အကုန်အစိုးရပါသည်၊ ဣန္ဒြိယ ပစ္စည်းသည် ပဒေသရာဇ်မင်း၏ အစိုးရပုံမျိုးကဲ့သို့ ဆိုင်ရာ ဆိုင်ရာ ဌာနမှာ အစိုးရပါသည်၊

**အဓိပတိနှင့်ဆိုင်သောဆောင်ပုဒ်လင်္ကာ**

(က) ဆန္ဒ,ဝီ,စိတ်,ဝီ၊ ဓိပတိ၊ မရှိတူယှဉ်ပြိုင်၊

**ဣန္ဒြိယနှင့်ဆိုင်သော-ဆောင်ပုဒ်လင်္ကာ**

(ခ) ဆိုင်ရာဌာန၊ စိုးပိုင်ကြ၊ ကိုယ့်ကိုယ်စီစီ၊

မေး။ ။ ဣန္ဒြိယပစ္စည်းသည် အဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ ။ သဟဇာတိန္ဒြိယ, ပုရေဇာတိန္ဒြိယ, ရူပ ဇီဝိတိန္ဒြိယ အားဖြင့် သုံးပါး အပြားရှိပါသည်၊

မေး။ ။ ထိုသုံးပါးတို့တွင် သဟဇာတ တိန္ဒြိယ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် (၈) ပါးသည် သဟဇာတိန္ဒြိယ၏ ပစ္စည်းသရုပ်ဖြစ်ပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန် သချိုင်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ပိဘ်(၈၉),ပေတသိက်(၅၂),ဝိညာဏ်စုဝ်, ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားရသည့် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်သချိုင် ဖြစ်ပါသည်။

မေး။ ။ထိုနာမ်ဣန္ဒြေ တရားကိုယ်(၈)ပါးတို့၏ သိုင်ရာဌာနနှင့် အသီးအသီး အစိုးရပုံ သဘောကို ဖော်ပြပါ။

ဖြေ။ ။ဇီဝိတသည် နာမ်တရားတို့၏ အသက်ရှင်ခြင်းကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရပါသည်။ စိတ်သည် အာရုံကို သိခြင်းကိစ္စ, နာမ်တရားတို့၏ ရှေ့သွားကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရပါသည်။ ဝေဒနာသည် ခံစားခြင်း ကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။ သဒ္ဓါသည် ကြည်ညိုခြင်းကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုး ရပါသည်။ ဝိရိယသည် ရဲရင့်စွာ အားထုတ်ခြင်း ကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရ ပါ သည်။ သတိသည် မမေ့မလျော့ အောက်မေ့ခြင်းကိစ္စဖြင့် သမ္ပယုတ်တရားတို့၌ အစိုးရပါသည်။ ဧကဂ္ဂတာ သည် မပြန့်မလွင့် တည်ကြည်ခြင်း ကိစ္စဖြင့် သမ္ပ ယုတ်တရားတို့၌ အစိုးရပါသည်။ ပညာသည် အ

WWW.DHAMMARANSI.COM


ထူးသိခြင်းကိစ္စဖြင့် သမ္ပယုတ် တရားတို့၌ အစိုးရ ပါသည်။

မေး။ ။ဣန္ဒြိယ ပစ္စည်းအရာ၌ ဣန္ဒြေဟု ခေါ်ရသော ပညာအပြား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေအားဖြင့် လေးပါး အပြား ရှိပါသည်။

မေး ။ ။ထိုလေးပါးတို့ကို အသီး အသီး ခွဲခြား ဝေဘန်၍ပြပါ။

ဖြေ။ ။လောကီ တိဟိတ်စိတ်(၃၉)၌ ယှဉ်သော ပညာကို ပညိန္ဒြေ ခေါ်ပါသည်။ သောတာပတ္တိမဂ်၌ယှဉ်သောပညာကို အနညာတညဿာမိတိန္ဒြေ ခေါ်ပါသည်။ လောကုတ္တရာ အလယ်စိတ်(၆)ခုတို့၌ ယှဉ်သော ပညာကို အညိန္ဒြေ ခေါ်ပါသည်။ အရဟတ္တဖိုလ်စိတ်၌ ယှဉ်သော ပညာကို အညာတာဝိန္ဒြေခေါ်ပါသည်။

မေး။ ။ဣန္ဒြိယ ပစ္စည်း အရာ၌ ဣန္ဒြေဟု ခေါ်ရသော ဝေဒနာအပြား အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေအားဖြင့် ငါးပါး အပြား ရှိပါသည်။

WWW.DHAMMADOWNLOAD.COM

မေး။ ။ ထိုဝေဒနာ ငါးပါးတို့ကို အသီးအသီး ခွဲခြားဖော်ပြပါ။

ဖြေ။ ။သုခ သဟဂုတ် ကာယ ဝိညာဉ် စိတ်၌ ယှဉ်သော ဝေဒနာကို သုခိန္ဒြေခေါ်ပါသည်၊ ဒုက္ခ သဟဂုတ် ကာယ ဝိညာဉ်စိတ်၌ ယှဉ်သော ဝေဒနာကို ဒုက္ခိန္ဒြေ ခေါ်ပါသည်၊ သောမနဿ သဟဂုတ်စိတ် (၆၂)ပါး၌ယှဉ်သော ဝေဒနာကို သောမနဿိန္ဒြေခေါ်ပါသည်၊ ဒေါသမူစိတ် (၂)ခု၌ ယှဉ်သော ဝေဒနာကို ဒေါမနဿိန္ဒြေ ခေါ်ပါသည်၊ ။ ဥပေက္ခာ သဟဂုတ်စိတ် (၅၅) ပါး၌ ယှဉ်သော ဝေဒနာကို ဥပေက္ခိန္ဒြေခေါ်ပါသည်။

မေး။ ။ဝိစိကိစ္ဆာ စိတ်နှင့် ယှဉ်သော ဧကဂ္ဂတာသည် ဈာနပစ္စည်းတပ်နိုင်ပါသလော။

ဖြေ။ ။ထိုဧကဂ္ဂတာသည် သို့လော သို့လော တွေးတောယုံမှားခြင်းစိတ်နှင့် ယှဉ်ရသောကြောင့် ဈာနပစ္စည်းမတပ်နိုင်ပါ။

မေး။ ။ဒွေပဉ္စ ဝိညာဉ်တို့ဈာန ပစ္စည်း သနုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ပဉ္စဝိညာဉ် စိတ်တို့၏ မှီရာ ဖြစ်သော စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်ချုပ်, ဇိဝှါ

WWW.DHAMMARANSI.COM

ဝဇ္ဇာ၊, ကာယဝဇ္ဇာ၊ ဤဝဇ္ဇာ၊ ရုပ် ငါးပါးသည်ပုရေ ဇာတ်ပြီယပစ္စည်း သရုပ်ဖြစ်ပါသည်၊

မေး၊ ။ပုရေဇာတ်ပြီယ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဘော်ထုတ်၍ပြပါ၊

မေး၊ ။ပုရေဇာတ်ပြီယပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကိုဘော်ထုတ်၍ပြပါ၊

ဖြေ၊ ။ဒွေပဉ္စဝိညာဉ် (၁၀), သဗ္ဗ စိတ္တသာ ဓာရဏစိတ် (၇) ဤတရားရသည် ပုရေဇာတ်ပြီယ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်၊

မေး၊ ။ပုရေဇာပြီယ ပစ္စည်း၏ လက္ခဏာ ဘယ်နှစ်ပါးရှိပါသနည်း၊

ဖြေ၊ ။ပစ္စယုပ္ပန် တရားတို့၏ ရှေ့၌ဖြစ်ခြင်း, ပစ္စယုပ္ပန်တရားတို့ကို အစိုးရခြင်းအားဖြင့် နှစ်ပါး အပြားရှိပါသည်

မေး၊ ။ပုရေဇာတ်ပြီယ ပစ္စည်း၏ အစိုးပုံ သဘောကိုဘော်ပြပါ၊

ဖြေ၊ ။စက္ခုဝတ္ထုသည် စက္ခုဝိညာဉ် စိတ် ကို အစိုးရပါသည်၊.....ပ....၊ ကာယ ဝတ္ထုသည် ကာယ ဝိညာဉ် စိတ်ကို အစိုးရပါသည်၊ ။ဤ ပုရေဇာတ်ပြီယ ပစ္စည်းသည် ရုပ်ကနာမ်ကို အစိုး ရသော ပစ္စည်းမျိုးဖြစ်ပါသည်၊

WWW.DHAMMARANSI.COM

မေး။ ။ဟဒယ ဝတ္ထုသည် ဣန္ဒြိယ ပစ္စည်း အရာတွင် အဘယ်ကြောင့် မပါဝင်ပါနည်း။

ဖြေ။ ။ထိုဟဒယ ဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာမျှသာ ဖြစ်ပါသည်၊ ထိုမနောဓာတ်,မနောဝိညာဏဓာတ်တို့ကို အစိုးရခြင်းသဘောမရှိပါ။ ။ထို့ကြောင့် ဣန္ဒြိယပစ္စည်း အရာတွင် မပါဝင်နိုင်ပါ။ ။စက္ခု ဝတ္ထု အစရှိသော ဝတ္ထု ငါးပါးတို့သည်ကား ပဉ္စဝိညာဉ်စိတ်တို့၏ မှီရာလည်းဖြစ်ပါသည်၊ ပဉ္စဝိညာဉ် စိတ်တို့ကိုလည်း အစိုးရပါသည်၊ထို့ကြောင့် ဣန္ဒြိယ ပစ္စည်း အရာတွင် ပါဝင်နိုင်ပါသည်။

မေး။ ။ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ နှစ်ပါးသည် ဣန္ဒြိယ ဟူသော အမည်ကို ရပါလျက် ဣန္ဒြိယပစ္စည်း တွင် အဘယ်ကြောင့် မပါ မဝင်ဘဲ နေပါသနည်း။

ဖြေ။ ။ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ,နှစ်ပါးသည် မိန်းမအသွင်, မိန်းမ အမူအရာ, ယောကျ်ားအသွင်, ယောကျ်ားအမူ အရာ စသည် တို့ကိုသာ အစိုးရသောကြောင့် ဣန္ဒြိယဟူသော အမည်ကို ရရှိကြပါသည်၊သို့ရာတွင်ထိုအသွင်အမူ အရာ စသည်တို့မှာပရမတ်မဟုတ်။ ပညတ်မျှသာဖြစ်ကြပါသည်၊ ပညတ် တရားတို့မည်သည် ဖြစ်ပေါ် ဥပါဒ်ခြင်း မ

ရှိသော ကြောင့် ပစ္စယုပ္ပန်တရား ရတွင် မပါမဝင် နိုင်ကြပါ။ ထို့ကြောင့် ဇာတ္တိန္ဒြေ၊ ပုရိသိန္ဒြေနှစ်ပါး သည် ကျေးဇူးပြုရန် ပစ္စယုပ္ပန် မရှိသောကြောင့် ဇာတိန္ဒြိယ ပစ္စည်းတွင် မပါ မဝင်နိုင်ကြဘဲ ရှိနေကြ ပါသည်။

မေး။ ။ရူပဇီဝိတိန္ဒြိယ၏ ပစ္စည်း သရုပ်ကိုဖော် ထုတ်ချပြပါ။

ဖြေ။ ။အလုံးစုံသော ရုပ် ဇီဝိတသည် ရူပဇီ ဝိတိန္ဒြိယ ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ။ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်ချပြပါ။

ဖြေ။ ။ရူပဇီဝိတိန္ဒြေကြည့်သော ကလာပ်တူ ကမ္မဇရုပ်ဟူသမျှသည် ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်။

မေး။ ။ရုပ်ဇီဝိတသည် အဘယ် တရားတို့ အပေါ်၌ အစိုးရပါသနည်း။

ဖြေ။ ။အတူတကွဖြစ်သော ကမ္မဇရုပ်တို့ အပေါ် ၌ အစိုးရပါသည်။

မေး။ ။ အစိုးရပုံကို သိသာ ထင်ရှားအောင် ရုပ်ကလာပ်နှင့်တကွ ထင်ရှားစွာ ဖော်ပြပါ။

ဖြေ။ ။ စက္ခုဒသက ကလာပ်၌ ကမ္မဇရုပ်

WWW.DHAMMARANSI.COM

ပေါင်းဆယ်ခု ရှိနေရာ ဇီဝိတ ရုပ်သည် မိမိနှင့် အတူ တကွဖြစ်သော ကမ္မဇရုပ် (၉) ခုတို့ အပေါ်၌ အသက်ရှင်ခြင်း သတ္တိဖြင့် အုပ်စိုး၍နေပါသည်။ ပစ္စည်းဖြစ်သောရုပ် ဇီဝိတ၏ အရှိန်ကို ခိုလှုံ၍ ပစ္စယုပ္ပန်ဖြစ်သော ကမ္မဇရုပ် (၉) ခုတို့သည် အသက်ရှင်သော အမှုအရာဖြင့်တည်နေကြပါသည်။ ရုပ်ဇီဝိတသည် ကမ္မဇရုပ် အချင်းချင်းတို့ အပေါ်၌ အစိုးရသောတရားဖြစ်ပါသည်။ အသညသတ်ဗြဟ္မာတို့သည် ဤရုပ် ဇီဝိတဖြင့် အသက် ရှင်သကဲ့သို့ တည်နေနိုင်ကြပါသည်။

ဣန္ဒြိယပစ္စည်း အမေး အဖြေ ပြီး၏။

## ဈာန ပစ္စည်း အမေး အဖြေ

မေး။ ။ အဘယ်သို့သော သဘောသတ္တိ အားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဈာန ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။ သက်ဝင်ရှုစားခြင်းသတ္တိအားဖြင့်ကျေးဇူးပြုသောပစ္စည်းကို ဈာန ပစ္စည်း ခေါ်ပါသည်။

မေး။ ။ ဈာန ပစ္စည်း သဒ္ဒါကို ဘောင် ထုတ်၍ ပြပါ။

WWW.DHAMMARANSI.COM


ဖြေ။ ။ဒွေပဉ္စဝိညာဉ်(၁၀)ကြဉ်သော စိတ်(၇၉)ရပ်ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ ဧကဂ္ဂတာ ဤဈာနင်တရားကိုယ်ငါးပါးသည် ဈာန ပစ္စည်းသရုပ်ဖြစ်ပါသည်။

မေး။ ။ဈာန ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ဒွေပဉ္စဝိညာဉ် (၁၀) ကြဉ်သော စိတ် (၇၉), စေတသိက် (၅၂), စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားရသည်ဈာနပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ်ပါသည်။

မေး။ ။ဒွေပဉ္စဝိညာဉ်(၁၀)၌ ယှဉ်သော ဝေဒနာနှင့် ဧကဂ္ဂတာသည် အဘယ်ကြောင့် ဈာန ပစ္စည်း မတော်နိုင်ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဉ်အစရှိသော ဒွေပဉ္စဝိညာဉ် (၁၀)သည် မိမိတို့ မှီရာဝတ္ထုပေါ်တွင် ထင်လာသော ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် သက်ဝင် ရှုစားမှုဟုဆိုအပ်သော ဈာနသတ္တိမရှိပါ။ ထို့ကြောင့် ဒွေပဉ္စဝိညာဉ်(၁၀)နှင့်ယှဉ်သော ဝေဒနာနှင့် ဧကဂ္ဂတာသည် ဈာနင်တရား ဖြစ်သော်လည်း ဈာနပစ္စည်းကို မရနိုင်ဘဲရှိနေကြပါသည်။

ဈာနပစ္စည်း အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM

## မဂ္ဂပစ္စည်း အမေး အဖြေ

မေး။ ။အဘယ်သို့သော သဘောသတ္တိ အားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို မဂ္ဂပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။သုဂတိဘုံ, ဒုဂ္ဂတိဘုံ, နိဗ္ဗာန်ဘုံသို့ ဆိုက်ရောက်စေနိုင်သော လမ်းခရီးသဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို မဂ္ဂပစ္စည်း ခေါ်ပါသည်။

မေး။ ။မဂ္ဂပစ္စည်း သရုပ်ကို ဖော် ထုတ် ၍ ပြပါ။

ဖြေ။ ။သဟိတ်ဝိတ် (၇၁) ချဉ်း ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ-ဤတရားစုသည် မဂ္ဂပစ္စည်း သရုပ် ဖြစ်ပါသည်။

မေး။ ။ဆိုခဲ့ပြီးသော မဂ္ဂပစ္စည်း သရုပ် တို့ကို စေတသိက်တရားကိုယ် ကောက်လျှင် အဘယ်မျှ ရှိနိုင်ပါသနည်း။

WWW.DHAMMARANSI.COM


ဖြေ။ ။ ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ အားဖြင့် တရားကိုယ် (၉)ပါး ရနိုင်ပါသည်။

မေး။ ။ မဂ္ဂ ပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ သဟိတ်စိတ်(၇၁), စေတသိက်(၅၂), သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ဤ တရားစုသည် မဂ္ဂ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါသည်။

မေး။ ။ အဘယ် မဂ္ဂင်များ သည် သုဂတိဘုံ, နိဗ္ဗာန်ဘုံသို့ရောက်စေနိုင်သော လမ်းခရီးသဘွယ် ဖြစ်ပါသနည်း။

ဖြေ။ ။ သမ္မာဒိဋ္ဌိအစ သမ္မာ သမာဓိ အဆုံးရှိသော မဂ္ဂင်မြတ်(၈)ပါးသည် သုဂတိဘုံနှင့် နိဗ္ဗာန်ဘုံသို့ရောက်စေနိုင်သော လမ်းခရီးသဘွယ်ဖြစ်ပါသည်။

မေး။ ။ အဘယ် မဂ္ဂင် များသည် ဒုဂ္ဂတိဘုံသို့ ရောက်စေ နိုင်သော လမ်းခရီး သဘွယ် ဖြစ်ပါသနည်း။

ဖြေ။ ။ မိစ္ဆာ ဒိဋ္ဌိ အစရှိသော မဂ္ဂင်ဆိုးများ

WWW.DHAMMARANSI.COM

သည့် ဒုဂ္ဂတိဘုံသို့ ရောက်စေနိုင်သော လမ်းခရီး သဘွယ်ဖြစ်ပါသည်။

မေး။ ။ချာန ပစ္စည်း သဘောနှင့် မဂ္ဂပစ္စည်း သဘောကို ယှဉ်တွဲ၍ ခြားနားပုံများကို ထင်ရှား အောင် ဖော်ပြပါ။

ဖြေ။ ။ ဈာန ပစ္စည်းသည် အာရုံ၌ စိတ်ကို ဖြောင့်မတ်စွာရှုစိုက်စေခြင်းကိစ္စ, ဈာန်အဘိညာဉ် သို့ဆိုက်ရောက်စေနိုင်ခြင်းကိစ္စ ဤကိစ္စ နှစ်ပါးကို ရွက်ဆောင်ပါသည်။ ။မဂ္ဂ ပစ္စည်းသည် ဝဋ်သုံးပါး၌ ကျင်လည်ရန် ကံအမျိုးမျိုးကို ဖြစ်မြောက်စေ ခြင်းကိစ္စ,သံသရာဝဋ်မှထွက်မြောက်စေရန် ဘာဝ နာမှုကို ထမြောက်စေခြင်းကိစ္စ ဤကိစ္စ နှစ်ပါးကို ရွက်ဆောင်ပါသည်။

မေး။ ။ကောင်းသောဈာန်, ကောင်းသောမဂ်, မကောင်းသော ဈာန်, မကောင်းသော မဂ်များကို ခွဲခြား၍ ဖြေဆိုပါဦး။

ဖြေ။ ။ကောင်းမြတ်သော ကုသိုလ်တရားတို့၌ ယှဉ်သော ဈာန်နှင့်မဂ်ကို ကောင်းမြတ်သောဈာန်, ကောင်းမြတ်သော မဂ်ဟု ခေါ်ဆိုရပါသည်။ ။ မကောင်းသော အကုသိုလ်တရားတို့၌ ယှဉ်သော ဈာန်နှင့်မဂ်ကိုမကောင်းသောဈာန်,မကောင်းသော

WWW.DHAMMABANSI.COM

မဂ်ဟု ခေါ်ဆိုရပါသည်။ ။ဤသို့လျှင် မဂ္ဂပစ္စည်း, ဈာနပစ္စည်းတို့၌ ကောင်းသောဈာန်,ကောင်းသော မဂ်, မကောင်းသောကျခန်, မကောင်းသော မဂ်များကို ခွဲခြားနာ ၍သိရပါသည်။ ။ဝိပါက်စိတ်,ကြိယာစိတ်တို့၌ယှဉ်သောဈာန်နှင့်မဂ်ကို အဗျာကတဈာန်, အဗျာကတမဂ်ဟု ခေါ်ရပါသည်။

မဂ္ဂပစ္စည်း အမေး အဖြေ ပြီး၏။

## သမ္ပယုတ္တပစ္စည်း အမေး အဖြေ

မေး။ ။အဘယ်သို့သောသဘောသတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို သမ္ပယုတ္တပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။နာမ်တရားတို့၏ အချင်းချင်း အခြွန်အဖွန် ယှဉ်ဘော်ယှဉ်ဘက် သဘောအားဖြင့် ကျေးဇူးပြုသောပစ္စည်းကိုသမ္ပယုတ္တပစ္စည်းခေါ်ပါသည်။

မေး။ ။သမ္ပယုတ္တလက္ခဏာအဘယ်မျှ အပြား ရှိပါသနည်း။

ဖြေ။ ။အတူဖြစ်ခြင်း, အတူချုပ်ခြင်း, အာရုံတူခြင်း, ဝတ္ထုတူခြင်း ဤသို့လျှင် သမ္ပယုတ္တလက္ခဏာ အပြားလေးပါးရှိပါသည်။

WWW.DHAMMARANSI.COM

မေး။ ။သမ္ပယုတ္တ၏ ပစ္စည်းသရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။စိတ်(၈၉), စေတသိက် (၅၂)ဤတရားရှိသည့် သမ္ပယုတ္တပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။သမ္ပယုတ္တပစ္စည်း၏ ပစ္စုပ္ပန် သရုပ်ကို ဖော်ထုတ်၍ ပြပါ။

ဖြေ။ ။စိတ်(၈၉), စေတသိက်(၅၂) ဤတရားရှိသည့် သမ္ပယုတ္တပစ္စည်း၏ ပစ္စုပ္ပန်သရုပ် ဖြစ်ပါသည်။ ဤသမ္ပယုတ္တ၌ ပစ္စည်းပစ္စယုပ္ပန်အတူတူပင် ဖြစ်ပါသည်။

မေး။ ။နာမ် တ ရား တို့ ၏ သ မ္ပ ယုတ် ဖြစ် ပုံ အဓိပ္ပါယ် သဘောကို ထင်ရှားအောင် ဖော်ပြပါ။

ဖြေ။ ။အဓိပ္ပါယ် ဖော် ပြ ရန် မှာ........ စက္ခုဝိညာဉ်စိတ် ဖြစ်သောအခါ စေတသိက် (၇) ပါး ယှဉ်ပါသည်။ စက္ခုဝိညာဉ် စိတ်နှင့်တကွ နာမ်တရား(၈) ပါးဖြစ်ပါသည်။ ထိုနာမ်တရား(၈)ပါးသည် ပဉ္စဒွါရဝဇ္ဇန်း၏ အခြားမဲ့၌ အတူတကွဖြစ်ပေါ်ကြပါသည်။ 'ဘင်' အားဖြင့် ချုပ်သောအခါ အတူတကွ ချုပ်ဆုံးကြပါသည်။ ပစ္စယုပ္ပန် အာရုံ တခုကို အာရုံပြုကြပါသည်။ စက္ခုဝတ္ထုကို အတူတကွ မှီကြပါသည်။ ထိုတရား (၈)ပါး ဖြစ်ပေါ်

WWW.DHAMMARANSI.COM

ကြသောအခါ အသီးသီးခွဲခြား၍မရနိုင်တဲ့ တသား တည်းပင် ဖြစ်နေကြပါသည်၊ ဤသည်ကား....... သမ္ပယုတ္တ သဘောပင်ဖြစ်ပါသည်၊ ဤနည်းကိုအမှီ ပြု၍ နာမ်ကလာပ်တို့၌ သမ္ပယုတ္တသဘောကိုသိနိုင် ပါသည်၊ ဤသမ္ပယုတ္တ ပစ္စည်းသည် နာမ်အချင်း ချင်းနှင့်သာ ဆိုင်သော ပစ္စည်း ဖြစ်ပါသည်၊ အ သညသတ် ဘုံမှတပါး အလုံးစုံသော ဘုံတို့၌ သမ္ပယုတ္တပစ္စည်းကို ရနိုင်ပါသည်၊

သမ္ပယုတ္တပစ္စည်း အမေး အဖြေ ပြီး၏။

## ဝိပ္ပယုတ္တပစ္စည်း အမေးအဖြေ

မေး၊ ။အဘယ်သို့သော သဘော သတ္တိအား ဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဝိပ္ပယုတ္တ ပစ္စည်း ခေါ်ပါသနည်း၊

ဖြေ၊ ။ယှဉ်တော် ယှဉ်ဘက် မဟုတ် သော သဘော အားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဝိပ္ပယုတ္တပစ္စည်းခေါ်ပါသည်၊

မေး၊ ။ထိုဝိပ္ပယုတ္တ ပစ္စည်းသည် အဘယ်မျှ အပြားရှိပါသနည်း၊

WWW.DHAMMARANSI.COM

ဖြေ။ ။ သဟဇာတ ဝိပ္ပယုတ်, ပုရေဇာတ ဝိပ္ပယုတ်, ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်, ပစ္ဆာ ဇာတ ဝိပ္ပယုတ်အားဖြင့် လေးပါး အပြားရှိပါသည်။

မေး။ ။ ထိုလေးပါးတို့တွင် သဟဇာတ ဝိပ္ပယုတ် ပစ္စည်းသရုပ်ကို ဘော်ထုတ်၍ပြပါ။

ဖြေ။ ။ ပဉ္စဝေါကာရဘုံ၌ အရူပ ဝိပါက်လေး ခု, ဒွေပဉ္စဝိညာဉ် (၁၀), ရဟန္တာတို့၏ စုတိစိတ် ကြဉ်သောစိတ် (၇၅), စေတသိက် (၅၂), ပဉ္စဝေါ ကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထု - ဤတရားရသည် သဟဇာတဝိပ္ပယုတ်၏ ပစ္စည်းသရုပ် ဖြစ်ပါသည်။

မေး။ ။ သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန်သရုပ်ကို ဘော်ထုတ်ပြပါ။

ဖြေ။ ။ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇ ရုပ်, ပဉ္စ ဝေါကာရပဋိသန္ဓေနှင့်နာမက္ခန္ဓာဤတရားရသည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန် သရုပ်ဖြစ် ပါသည်။

မေး။ ။ ဝိပ္ပ ယုတ္တ ပစ္စည်း၏ ကျေးဇူး ပြုပုံ သဘောကိုဘော်ပြပါ။

ဖြေ။ ။ ရုပ်ကနာမ်အား ကျေးဇူးပြုခြင်း,နာမ်က ရုပ်အား ကျေးဇူးပြုခြင်းဟု ဝိပ္ပယုတ္တ ကျေးဇူးပြုပုံ နှစ်မျိုးရှိပါသည်။ နာမ်က ရုပ်အား ကျေးဇူးပြုပုံကို

WWW.DHAMMARANSI.COM


သာဓကအဖြေ အမြွက်မျှ ဖြေဆိုရသည် ရှိသော် မဟာကုသိုလ် ပဌမ စိတ္တုပ္ပါဒ် ဖြစ်ရာ၌ စိတ္တဇ ရုပ်တို့လည်း အတူတကွ ဖြစ်ကြပါသည်၊ ထိုသို့ ဖြစ်ရာ၌ မဟာကုသိုလ်စိတ် စိတ္တုပ္ပါဒ်က ဝိပ္ပယုတ္တ ပစ္စည်း, စိတ္တဇရုပ်တို့က ဝိပ္ပယုတ္တပစ္စယုပ္ပန် ဖြစ်ပါ သည်။ ။ဤသည်ကား နာမ်ကရုပ်အား ဝိပ္ပယုတ္တ သတ္တိဖြင့်ကျေးဇူးပြုပုံအချက်ဖြစ်ပါသည်။ ပဉ္စဝေါ ကာရဘုံ၌ ပဋိသန္ဓေ တည် နေသော အခိုက်မှာ ပဋိသန္ဓေနှင့်တကွ ဟဒယဝတ္ထုရုပ်လည်း ဖြစ်ပေါ် လာပါသည်၊ ထိုသို့ဖြစ်ရာ၌ ဟဒယ ဝတ္ထုရုပ်က ဝိပ္ပ ယုတ္တ ပစ္စည်း, ပဋိ သန္ဓေ စိတ်က ဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်ပါ သည်။ ဤသည်ကား ရုပ်က နာမ်အား ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပုံ အချက် ဖြစ်ပါသည်။ ပဉ္စဝေါကာရ ပဋိ သန္ဓေ စိတ်နှင့်ဟဒယဝတ္ထုမှာ အချင်းချင်း အပြန် အလှန် ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုနိုင်သော သဘော လည်း ရှိပါသည်။

မေး။ ။ဤဝိပ္ပယုတ္တ ပစ္စည်း၌ အရူပ ဝိပါက် စိတ်(၄)နှင့် ဒွေပဉ္စဝိညာဉ်(၁၀)ကိုအဘယ်ကြောင့် ကြဉ်ထားရပါသနည်း။

No 14

WWW.DHAMMARANSI.COM

ဖြေ။ ။ယိုဝိတ် (၁၄)ခု တို့သည် စိတ္တဇရုပ်ကို မဖြစ်စေ နိုင် သောကြောင့် နာမ်က ရုပ်အား ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူး မပြုနိုင်ပါ၊ ထိုကြောင့် ကြဉ်ထားရပါသည်။

မေး။ ။သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း အကြောင်းကိုကောင်းစွာသိရပါပြီ။ ပုရေဇာတ ဝိပ္ပယုတ်, ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်တို့၏ ပစ္စည်း, ပစ္စယုပ္ပန်, သရုပ် တို့ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အထူးဖော်ထုတ်၍ပြရန်မလိုတော့ပါ။ ပုရေဇာတ ဝိပ္ပယုတ်သည် ရှေး၌ ဖြေဆိုခဲ့ပြီးသော ပုရေဇာတနိဿယ ပစ္စည်းနှင့် အတူတူပင်၊ ဖြစ်ပါသည်။ ။ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်သည် ဖြေဆိုခဲ့ပြီးသော ဝတ္ထာရမ္မဏနှင့် အတူတူ ဖြစ်ပါသည်။ ပစ္ဆာဇာတ ဝိပ္ပယုတ်သည်လည်း ဖြေဆိုခဲ့ပြီးသော ပစ္ဆာဇာတ ပစ္စည်းနှင့် အတူတူပင် ဖြစ်ပါသည်။

မေး။ ။ဤဝိပ္ပယုတ္တ၌ ပစ္စည်း, ပစ္စယုပ္ပန်, သရုပ် တို့မှာ ထူးတော့သည် မဟုတ်ချေ။ သဟဇာတ ပစ္စည်း, နိဿယ ပစ္စည်း, ပုရေဇာတ ပစ္စည်းတို့၌ လာသော အတိုင်းပင် ဖြစ်ချေသည်။ ထိုသို့ ဖြစ်ပါ

WWW.DHAMMARANSI.COM

လျက် ဝိပ္ပယုတ္တပစ္စည်းကို အသီးအခြား အဘယ်ကြောင့် ဟောကြားတော် မူရပါသနည်း။

ဖြေ။ ။အသီးအခြား ဟောကြားတော် မူရခြင်းမှာ အကြောင်းကို ဆိုသော် စိတ်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေ ဝေါကာရပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်-ဤရုပ်, နာမ်တရားတို့သည် တပေါင်းတည်း တပြိုင်နက် ဖြစ်ပေါ်ကြ ပါသည်။ ထိုသို့ဖြစ်ရာ၌ သမ္ပယုတ္တလက္ခဏာဖြင့် ယှဉ်ကြလေ သလောဟု ယုံမှားသင်္ကာ ဖြစ်ဘွယ်ရာ ရှိသောကြောင့် ထိုယုံမှားသင်္ကာကို ပယ်ဖျောက်၍ သမ္ပယုတ္တလက္ခဏာဖြင့် မယှဉ်ကြောင်း, ရုပ်,နာမ် နှစ်ပါး အသီးအခြား ဖြစ်ကြောင်းကို သိစေခြင်းငှါ ဤဝိပ္ပယုတ္တ ပစ္စည်းကို ဟောကြားတော် မူပါသည်။ သမ္ပယုတ္တ ပစ္စည်း၌လည်း ထိုနည်းတူစွာ ပစ္စည်းပစ္စယုပ္ပန် အထူးမရှိပါ။ သဟဇာတပစ္စည်းကြီးမှ နာမ်တရား အချက်တို့ကို အသီးအသီး ထုတ်နှုတ်၍ ဟောကြားအပ်သောပစ္စည်းဝင် ဖြစ်ပါသည်။ သမ္ပယုတ္တပစ္စည်းကို ဟောကြားရခြင်းအကြောင်းမှာ နာမ်ကလာပ်တို့၌ စိတ်နှင့်စေတသိက် တပေါင်းတည်း ဖြစ်ပေါ်ကြရာ ထိုနာမ်တရားတို့သည် သမ္ပယုတ္တလက္ခဏာဖြင့် အချင်းချင်း မယှဉ်ကြဘဲ ကွဲကွဲပြားပြား ဖြစ်လေ

WWW.DHAMMARANSI.COM

သလောဟု ယုံမှားသက်ာ ဖြစ်ခဲ့သည့်ရှိသော် ထို ယုံမှား သက်ာကို ပယ်ဖျောက်ခြင်းငှါ သမ္ပယုတ္တ ပစ္စည်းကို ဟောကြားတော်မူပါသည်။ သမ္ပယုတ္တ ပစ္စည်းနှင့် ဝိပ္ပယုတ္တ ပစ္စည်းသည် သဘောခြင်း ဆန့်ကျင်ဘက်ဖြစ်သော ပစ္စည်းတစုံ ဖြစ်ပါသည်။

မေး။ ။ဝိပ္ပယုတ္တပစ္စည်းသဘောကို ထိထိမိမိ နားလည်ခဲ့ပါလျှင် အဘယ်ကဲ့သို့သော အကျိုးများ ဖြစ်ပေါ်နိုင်ပါသနည်း။

ဖြေ။ ။ဝိပ္ပယုတ္တ ပစ္စည်းကို ထိထိ ရောက်ရောက် နားလည်ခဲ့ပါလျှင် ရုပ်နာမ် နှစ်ပါးတို့၏ အချင်းချင်း မပေါင်းစပ်ဘဲ ဖြစ်နေကြပုံ သဘောကို ကောင်းစွာသိမြင်နိုင်ပါသည်။ ဝိပဿနာ ဆင်ခြင်ရာ၌ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ထက်သန်စွာ ဖြစ်ပွား စေနိုင်ပါသည်။ ရုပ်နှင့် နာမ်တို့၏ သူ့သဘောနှင့်သူ ဖြစ်ပေါ်နေပုံကို သိမြင်သောအခါ အနတ္တ လက္ခဏာ ဉာဏ် ထက်သန်စွာ ဖြစ်ပေါ်နိုင်ပါသည်။

ဝိပ္ပယုတ္တ ပစ္စည်း အမေး–အဖြေပြီး၏။

## အတ္ထိပစ္စည်း အမေး–အဖြေ

မေး။ ။အဘယ်သို့သော သဘောသတ္တိ အား

WWW.DHAMMARANSI.COM


ဖြင့် ကျေးဇူးပြုသောပစ္စည်းကို အတ္ထိပစ္စည်းခေါ်ပါသနည်း။

ဖြေ။ ။ ချုပ်ခြင်းသို့မရောက်သေးဘဲ ထင်ရှားရှိဆဲ သဘော သတ္တိအားဖြင့် ကျေးဇူး ပြုသော ပစ္စည်းကို အတ္ထိပစ္စည်းခေါ်ပါသည်။

မေး။ ။ ထိုအတ္ထိပစ္စည်းသည် အဘယ်မျှအပြား ရှိပါသနည်း။

ဖြေ။ ။ သဟ ဇာတတ္ထိ, ဝတ္ထု ပုရေဇာတတ္ထိ အာရမ္မဏ-ပုရေဇာတတ္ထိ, ဝတ္ထာ ရမ္မဏ ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, ရူပအာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိအားဖြင့် ခုနစ်ပါးရှိပါသည်။

မေး။ ။ ထိုအတ္ထိ ပစ္စည်း (၇)မျိုးတို့၏ ပစ္စည်း ပစ္စယုပ္ပန်သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ သဟဇာတ တတ္ထိသည် ပစ္စည်းပစ္စယုပ္ပန် အားဖြင့် ဖြေခဲ့ပြီးသော သဟဇာတ ပစ္စည်းကြီး နှင့် အတူတူပင် ဖြစ်ပါသည်။ ထို့အတူ ဝတ္ထု ပုရေဇာတတ္ထိသည် ဝတ္ထု ပုရေဇာတ ပစ္စည်းနှင့် အတူတူပင်ဖြစ်ပါသည်၊ အာရမ္မဏ ပုရေဇာတတ္ထိ သည် အာရမ္မဏပုရေဇာတနိဿယနှင့် အတူတူ ပင်ဖြစ်ပါသည်။ ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိသည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယနှင့် အတူတူပင်

WWW.DHAMMARANST.COM

ဖြစ်ပါသည်၊ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတ ပစ္စည်းနှင့် အတူတူပင်ဖြစ်ပါသည်၊ ရူပ အာဟာ ရတ္ထိသည် ရုပ်အာဟာရ ပစ္စည်းနှင့် အတူတူပင် ဖြစ်ပါသည်၊ ရူပဇီဝိတိန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိ ယ ပစ္စည်းနှင့် အတူတူပင် ဖြစ်ပါသည်၊ အတ္ထိ ပစ္စည်း (၇) မျိုးတို့၏ ပစ္စည်း ပစ္စယုပ္ပန် သရုပ်မှာ အထူး မရှိပါ၊ ဆိုခဲ့ပြီးသော ပစ္စည်းအတိုင်းပင်ဖြစ် ပါသည်၊ ပစ္စုပ္ပန် အနေအားဖြင့် ထင် ရှား စွာ တည်ရှိလျက် ကျေးဇူးပြုသော ပစ္စည်းတို့ကို ပေါင်း ရုံး၍ အတ္ထိသဒ္ဒါဖြင့် အထူးပြုပြီးလျှင် အတ္ထိပစ္စယော ဟူ၍ ဟောတော်မူပါသည်၊

မေး၊ ၊ အတ္ထိပစ္စည်း၏ ထင်ရှားရှိသော အနေ အားဖြင့် ကျေးဇူးပြုပုံ သဘောကို သိလွယ်ရုံ အ မြွက်မျှ ဖော်ပြပါ၊

ဖြေ၊ ၊ ချုပ်ခြင်းသို့ မရောက်သေးဘဲ ပစ္စုပ္ပန် သဘောအားဖြင့် ထင်ရှား ရှိသည်ကို အတ္ထိခေါ်ပါ သည်၊ ထိုအတ္ထိသတ္တိဖြင့် ကျေးဇူးပြုသည်ကို အတ္ထိ ပစ္စည်း ခေါ်ပါသည်၊ အကြောင်းပစ္စည်းကလည်း ထင်ရှားရှိဆဲ, အကျိုး ပစ္စယုပ္ပန်ကလည်း ထင်ရှား ရှိဆဲ–ဤလက္ခဏာ နှစ်ပါးသည် အတ္ထိ ပစ္စည်း၏

WWW.DHAMMARANSI.COM

လက္ခဏာဖြစ်ပါသည်၊ ပစ္စည်းပြုပုံအမြွက်ကို ပြဆို ရပါလျှင် ရူပါရုံ, စက္ခုပသာဒ, စက္ခုဝိညာဉ် ဤ သုံးပါးတို့ အချင်းချင်း ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ကြ ရာ၌ စက္ခုပသာဒသည် စက္ခု ဝိညာဉ် စိတ်အား ထင်ရှားရှိဆဲ ဖြစ်သော ဝတ္ထု ပုရေဇာတ တတ္တိ သတ္တိ သဘောအားဖြင့် ကျေးဇူးပြုပါသည်၊ ရူပါရုံသည် စက္ခုဝိညာဉ်စိတ်အား ထင်ရှားရှိဆဲဖြစ်သော အာ ရမ္မဏ ပုရေဇာတတ္ထိ သဘောအားဖြင့် ကျေးဇူး ပြုပါသည်၊ စက္ခု ဝိညာဉ် စိတ်သည် ယှဉ်ဘော် ယှဉ်ဖက် ဖြစ်သော စေတသိက် (၇) ခုတို့အား ထင်ရှားရှိဆဲဖြစ်သော သဟဇာတတ္ထိသဘောအား ဖြင့် ကျေးဇူးပြုပါသည်၊ ပဌမ ဘဝင်စိတ်သည် ပဋိသန္ဓေ စိတ်အခိုက်၌ဖြစ်သော ရုပ်တို့အား ထင် ရှားရှိဆဲဖြစ်သော ပစ္ဆာဇာတ တတ္ထိသဘော အား ဖြင့်ကျေးဇူး ပြုပါသည်၊ ကဗဠီကာရ ·ဆိုအပ်သော ရုပ်အာဟာရသည် သတ္တဝါတို့ သန္တာန်၌ ရှိသော စတုဇရုပ်တို့အားထင်ရှားရှိဆဲဖြစ်သောရူပအာဟာ ရတ္ထိသဘောအားဖြင့် ကျေးဇူး ပြုပါသည်၊ ဇီဝိတ ရုပ်သည် ကလာပ်တူ ဖြစ်သော ကမ္မဇ ရုပ်တို့အား ထင်ရှားရှိဆဲဖြစ်သော ရူပဇီဝိတိန္ဒြိယတ္ထိသဘော အားဖြင့် ကျေးဇူး ပြုပါသည်၊ ဤသည်ကား အတ္ထိ

WWW.DHAMMARANSI.COM

ပစ္စည်း၏ကျေးဇူးပြုပုံအချက်ကို အမြွက်မျှသိလွယ်ရုံ ဖြေကြားခြင်းဖြစ်ပါသည်။

အတ္ထိပစ္စည်း အမေး-အဖြေ ပြီး၏။

## နတ္ထိပစ္စည်းအမေး-အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို နတ္ထိပစ္စည်းခေါ်ပါသနည်း။

ဖြေ။ ။ထင်ရှားမရှိခြင်း သဘောသတ္တိ အားဖြင့် ကျေးဇူးပြုသောပစ္စည်းကို နတ္ထိပစ္စည်း ခေါ်ပါသည်။ ဤနတ္ထိပစ္စည်းသည် အနန္တရ ပစ္စည်းနှင့် အလုံးစုံ တူသောကြောင့် ပစ္စည်း ပစ္စယုပ္ပန် သရုပ်များကို ဖော်ထုတ်၍ အထူး ဖြေဆိုရန် မလိုတော့ပါ။

မေး။ ။ထင်ရှားမရှိပုံ သဘောကို အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ။ထင်ရှား မရှိခြင်းဆိုသည်မှာ ချုပ်လေပြီးသည်ကို ဆိုပါသည်။ ပဌမစောသည် ဒုတိယစောအား နတ္ထိပစ္စည်းတပ်ရာ၌ ပဌမစောသည် ချုပ်ပြီးသော အတိတ်၊ ဒုတိယ စောသည် ဖြစ်ဆဲ ပစ္စယုပ္ပန် ဖြစ်ပါသည်။ အကြောင်းက အတိတ်, အ

WWW.DHAMMARANSI.COM

ကျိုးက ပစ္စယုပ္ပန်ဖြစ်လေရာ အကြောင်းပစ္စည်းမှာ ထင်ရှား မရှိတော့ပါ၊ ဤသဘောကို နတ္ထိပစ္စည်း သဘော ခေါ်ပါသည်၊

မေး။ ။အတ္ထိပစ္စည်း နတ္ထိပစ္စည်း နှစ်ပါးစုံတို့၏ သဘောကို ယှဉ်တွဲ၍ ဖော်ပြပါ၊

ဖြေ၊ ။အတ္ထိ ပစ္စည်းက ထင်ရှား ရှိဆဲ နတ္ထိ ပစ္စည်းက ထင်ရှား မရှိတော့ပြီ၊ ဤကဲ့သို့ သဘော အားဖြင့် ဆန့်ကျင်၍ နေသော ပစ္စည်းတစုံ ဖြစ်ပါသည်၊

မေး၊ ။အတ္ထိပစ္စည်း သဘော နတ္ထိပစ္စည်း သဘောများကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင် အဘယ်သို့သော အကျိုးများ ထွန်းကား ဖြစ်ပေါ် လာနိုင်ပါသနည်း။

ဖြေ၊ ။အတ္ထိပစ္စည်း သဘောကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင်ဖြတ်သည်ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိကို ပယ်ရှားနိုင်ပါသည်၊ နတ္ထိပစ္စည်းကို ပိုင်နိုင်စွာ သိရှိခဲ့ပါလျှင် မြဲသည်ဟု အယူရှိသော သဿတဒိဋ္ဌိကို ပယ်ရှားနိုင်ပါသည်၊ ဤကဲ့သို့ အကျိုးဖြစ် ထွန်းနိုင်ပါသည်၊

နတ္ထိပစ္စည်း ဒုမေး ဒုဖြေ ပြီး၏။

WWW.DHAMMARANSI.COM

## ဝိဂတပစ္စည်း အမေး အဖြေ

မေး။ ။အဘယ်သို့သော သဘော သတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဝိဂတပစ္စည်းခေါ်ပါသနည်း။

ဖြေ။ ။ချုပ်လေပြီး,ကင်းလေပြီးသော သဘောသတ္တိအားဖြင့် ကျေးဇူး ပြုသောပစ္စည်းကို ဝိဂတပစ္စည်း ခေါ်ပါသည်၊ ဤဝိဂတ ပစ္စည်းသည် နတ္ထိပစ္စည်းနှင့် အလုံးစုံ တူမျှသောကြောင့် ပစ္စည်း ပစ္စယုပ္ပန်မှစ၍ အထူး ဖြေဆိုရန် မလိုတော့ပါ။

ဝိဂတပစ္စည်း အမေး အဖြေ ပြီး၏။

## အဝိဂတပစ္စည်း အမေး အဖြေ

မေး။ ။အဘယ်သို့သောသဘောသတ္တိအားဖြင့် ကျေးဇူးပြုသော ပစ္စည်းကို အဝိဂတ ပစ္စည်း ခေါ်ပါသနည်း။

ဖြေ။ ။မချုပ်သေး မကင်းသေးသော သဘောသတ္တိအားဖြင့် ကျေးဇူးပြုသောပစ္စည်းကို အဝိဂတ ပစ္စည်းခေါ်ပါသည်၊ ဤအဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် အလုံးစုံ တူသောကြောင့် ပစ္စည်း, ပစ္စယုပ္ပန်မှစ၍ အထူး ဖြေဆိုရန် မလိုတော့ပါ၊

WWW.DHAMMADOWNLOADS.COM

မေး။ ။ဝိဂတပစ္စည်း, အဝိဂတ ပစ္စည်း နှစ်ပါး ကိုယှဉ်တွဲ၍ ဖြေဆိုပါဦး။

ဖြေ။ ။ဝိဂတပစ္စည်းနှင့် အဝိဂတ ပစ္စည်းသည် သဘောချင်း ဆန့်ကျင်၍ နေသော ပစ္စည်းတစုံ ဖြစ်ပါသည်။ ဝိဂတပစ္စည်း သဘောကိုပိုင်နိုင်စွာ သိရှိပါလျှင် သဿတ ဒိဋ္ဌိကို ပယ်နိုင် ပါသည်။ အဝိဂတပစ္စည်းသဘောကို ပိုင်နိုင်စွာသိရှိပါလျှင် ဥစ္ဆေဒ ဒိဋ္ဌိကို ပယ်နိုင်သည်။

အဝိဂတပစ္စည်း အမေး အဖြေပြီး၏။

## ပဋ္ဌာန်း ၂၄-ပစ္စည်း၌ ဖြီးဖြန်းမှတ်ဘွယ် အဓိပ္ပါယ်

မေး။ ။ပဋ္ဌာန်း(၂၄)ပစ္စည်းတို့၏ ပစ္စည်း ပစ္စယုပ္ပန်များနှင့်တကွ လိုရင်းဖြစ်သော သဘော အချက်ကို ဖြေကြားသောကြောင့် သိရပေပြီ၊ သို့ရာတွင် ဖြေဆိုခဲ့ပြီးသောအချက်များမှာ ပစ္စနိက်မပါလာပါ၊ အဘယ်ကဲ့သို့သောတရားများကို ပစ္စနိက် ဆိုပါသနည်း။

ဖြေ။ ။အကျိုးပစ္စယုပ္ပန်တွင်မပါမဝင်နိုင်သော တရား ဟူသမျှကို ပစ္စနိက် ခေါ်ရပါသည်၊ ပစ္စယုပ္ပန်သရုပ်ကိုကောင်းမွန်စွာ ကောက်ယူနိုင်လျှင်

WWW.DHAMMARANSI.COM

ပစ္စနိက်သရုပ်ကို ကောက်ယူ ရန်မှာ မခဲယဉ်း တော့ပါ။

မေး။ ။ဆိုခဲ့ပြီးသော ပဋ္ဌာန်း (၂၄)ပစ္စည်းတို့တွင် နာမ်က,နာမ်အားသာ ကျေးဇူးပြုသောပစ္စည်း ပေါင်း မည်မျှရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ-ဤပစ္စည်း ခြောက်ပါးသည် နာမ်က နာမ်အားသာကျေးဇူးပြုသော ပစ္စည်းများ ဖြစ်ပါသည်။

မေး။ ။နာမ်က ရုပ်,နာမ်,နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းသည် အဘယ်မျှ ရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ဟေတု, ကမ္မ, ဝိပါက, ဈာန, မဂ္ဂ-ဤပစ္စည်းငါးပါးသည် နာမ်က ရုပ်,နာမ်နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းများ ဖြစ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

နာမ်လျှင် နာမ်အား ခြောက်မျိုးဖြာ၊ ငါးပါး နာမ်,ရုပ်ငှါ။

မေး။ ။နာမ်က ရုပ်အားသာ ကျေးဇူးပြုသော

WWW.DHAMMARANSI.COM


ပစ္စည်း, ရုပ်က နာမ်အားသာ ကျေးဇူး ပြုသော ပစ္စည်း အဘယ်မျှ ရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ပစ္ဆာဇာတ ပစ္စည်း တပါးသည် နာမ်က ရုပ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်ပါသည်။ ပုရေဇာတပစ္စည်းတပါးသည် ရုပ်က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုး ဖြစ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

နာမ်လျှင့်,ရုပ်အား၊ မျိုးတပါး နာမ်အား, ရုပ်ကြောင်း။ ။

မေး။ ။ပညတ်,နာမ်, ရုပ်တို့က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုးအဘယ်မျှ ရှိပါသနည်း။ သရုပ်နှင့် တကွ ဖော်ပြပါ။

ဖြေ။ ။အာရမ္မဏပစ္စည်း, ဥပနိဿယ ပစ္စည်း ဤပစ္စည်းနှစ်ပါးသည် ပညတ်,နာမ်, ရုပ်တို့က နာမ်အားသာ ကျေးဇူးပြုသော ပစ္စည်းမျိုး ဖြစ်ပါသည်။

မေး။ ။နာမ်,ရုပ် နှစ်ပါးတို့က နာမ်ရုပ် နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှ ရှိပါသနည်း။ သရုပ်နှင့် တကွ ဖော်ပြပါ။

ဖြေ။ ။အဓိပတိ, သဟဇာတ, အညမညာ,

WWW.DHAMMADANA.COM

နိဿယ, အာဟာရ,ဣန္ဒြိယ, အတ္ထိ,ဝိပ္ပယုတ္တ, အဝိဂတ ဤပစ္စည်း (၉)ပါးတို့သည် နာမ်ရုပ် နှစ်ပါးတို့က နာမ်ရုပ် နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းမျိုး ဖြစ်ပါသည်။

## ဆောင်ပုဒ်လင်္ကာ

ပညာတ်, နာမ်, ရုပ်၊ နာမ်အားချက်၊ ချက်,ချက်, ကိုးမျိုးသာ။

## ပစ္စည်းအမျိုးမျိုးကို ဝေဘန်ခန်း

မေး။ ။ပဋ္ဌာန်း (၂၄)ပစ္စည်း တို့ကို အမျိုးတူချင်းချင်း ဝေဘန်လျှင် ပစ္စည်း အမျိုးပေါင်း မည်မျှရှိပါသနည်း။

ဖြေ။ ။သဟာဇာတ ပစ္စည်းမျိုး, အာရမ္မဏ ပစ္စည်းမျိုး, အနန္တရ ပစ္စည်းမျိုး, ဝတ္ထုပုရေဇာတ ပစ္စည်းမျိုး, ပစ္ဆာဇာတပစ္စည်းမျိုး, ရုပ်အာဟာရ ပစ္စည်းမျိုး, ရုပဇီဝိတိန္ဒြိယပစ္စည်းမျိုး ဤသို့လျှင် ပစ္စည်းအမျိုးပေါင်း (၇)မျိုးရှိပါသည်။

မေး။ ။ထို(၇)မျိုးတို့တွင် သဟာဇာတ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း။

ဖြေ။ ။သဟာဇာတကြီး (၄)ပါး, သဟာဇာတ

WWW.DHAMMARANSI.COM

လတ်(၄)ပါး,သဟဇာတငယ်(၇)ပါး, ဤသို့လျှင် သဟဇာတ ပစ္စည်းပေါင်း (၁၅)ပါး ရှိပါသည်။

မေး။ ။ထိုသဟဇာတ ပစ္စည်းတို့၏ သဒ္ဒါကို ခေါ်ထုတ်၍ ပြပါ။

ဖြေ။ ။သဟဇာတ,သဟဇာတနိဿယ,သဟဇာတဝိ, သဟဇာတ အဝိဂတ-ဤ(၄)ပါးကို ပစ္စည်းနယ်ကျယ်သောကြောင့် မဟာသဟဇာတကြီး(၄)ပါးခေါ်ပါသည်။ ။အညမည,ဝိပါက,သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ-ဤ(၄)ပါးကို ပစ္စည်းနယ်သဟဇာတလတ် ခေါ်ပါသည်။ ဟေတု,သဟဇာတာဓိပတိ, သဟဇာတကမ္မ,နာမ်အာဟာရ,သဟဇာတိန္ဒြိယ, ဈာန,မဂ္ဂ-ဤ(၇)ပါးကို ပစ္စည်းနယ်ကျဉ်းသောကြောင့်သဟဇာတငယ်ခေါ်ပါသည်။

## ဆောင်ပုဒ် လင်္ကာ

(က) သ,နိ,အတ္ထိ၊ အဝိဂတာ၊ ဤလေးဖြာ၊ မဟာသဟဇ။

(ခ) အည,ဝိ,သံ၊ ဝိပ်လေးတန်၊ မဇ္ဈိသဟဇ။

(ဂ) ဟေ,ဓိ,ဟာ,ကံ၊ ဣန္ဒြေ,မဂ်,ဈာန်၊ မှတ်ရန် ငယ်သဟ။

မေး။ ။သဟဇာတ ပစ္စည်းအရာ၌ နာမ်နှင့်ရုပ်

WWW.DHAMMARANSI.COM

တို့ သဟဇာတ ပစ္စည်းပြုပုံ အချက်ကို အခွက်ဖွဲ့ တော်မူပါ။

ဖြေ။ ။ ပဋိသန္ဓေအခိုက်၌ နာမ်တရားတို့က ကမ္မဇရုပ်တို့အား သဟဇာတသတ္တိဖြင့်ကျေးဇူး ပြုပါသည်၊ ပဝတ္တိအခါ နာမ်တရားတို့အား သဟဇာတသတ္တိဖြင့်ကျေးဇူးပြုပါသည်၊ ။ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုသည် အချင်းချင်း အပြန်အလှန် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

## ဆောင်ပုဒ်လင်္ကာ

(က) သန္ဓိအခါ။ ကမ္မဇာ၊ နောက်မှာ စိတ္တဇ။

(ခ) ဝတ္ထုနှင့်သန်၊အပြန်ပြန်၊သုံးတန်သဟဇ။

မေး။ ။ ရုပ်အချင်းချင်း ဥပါဒါရုပ်နှင့် မဟာဘုတ် လေးပါးတို့သည် သဟဇာတသတ္တိဖြင့် အဘယ်ကဲ့သို့ ကျေးဇူးပြုပါသနည်း။

ဖြေ။ ။ မဟာဘုတ်လေးပါးတို့ကသာ ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်၊ ဥပါဒါရုပ်တို့ကမဟာဘုတ်တို့အား ပြန်လှန်၍ ကျေးဇူးမပြုနိုင်ပါ။

WWW.DHAMMARANSI.COM

## ဆောင်ပုဒ်လင်္ကာ

နှစ်ဆဲ့လေးဖြာ၊ ဥပါဒါ၊ မဟာဘုတ်မှ-ရ၊

မေး။ ။ ထိုသဟဇာတ ပစ္စည်းမျိုးတို့တွင် အချင်းချင်းအပြန်အလှန် ကျေးဇူးပြုနိုင်သော တရားသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် ဟဒယဝတ္ထု၊ တရသောဝိပါက်နာမ်ခန္ဓ အတူတကွ ဖြစ်ပေါ်ကြသောနာမ်တရားရုပ် ကလာပ်တူမဟာဘုတ် ၄ ပါး-ဤတရားစုသည် အချင်းချင်းအပြန်အလှန်ကျေးဇူးပြုနိုင်သောတရားများဖြစ်ကြပါသည်။

မေး။ ။ အာရမ္မဏ ပစ္စည်းမျိုးပေါင်း မည်မျှရှိပါသနည်း၊ သရုပ်နှင့်တကွဖော်ပြပါ။

ဖြေ။ ။ အာရမ္မဏ, အာရမ္မဏာဓိပတိ, ဝတ္ထာရမ္မဏပုရေဇာတနိဿယ, အာရမ္မဏူပနိဿယ, အာရမ္မဏပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏပုရေဇာတ အဝိဂတ-ဤသို့လျှင်အာရမ္မဏပစ္စည်းမျိုးပေါင်း (၈)ပါးရှိပါသည်။

မေး။ ။ အနန္တရ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း၊ သရုပ်နှင့်တကွ ဖော်ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။အနန္တရ,သမနန္တရ,အနန္တရူပနိဿယ, အာသေဝန, နာနာက္ခဏိက ကမ္မ, နတ္ထိ, ဝိဂတ ဤသို့လျှင် အနန္တရ ပစ္စည်းမျိုးပေါင်း (၇)မျိုး ရှိပါသည်။

မေး။ ။နာနာက္ခဏိကကမ္မပစ္စည်းကို အနန္တရ ပစ္စည်းမျိုးတွင် အဘယ်ကြောင့် ထည့်သွင်းရပါသနည်း။

ဖြေ။ ။မဂ်လေးချက် ရှိသော စေတနာကံသည် မိမိဖြစ်ပြီးသည့်မှ အခြားမဲ့၌ ဖိုလ်တည်းဟူသော အကျိုးကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဤမဂ်စေတနာ လေးချက်ကို ရည်ရွယ်၍ နာနာက္ခဏိက ကမ္မကို အနန္တရပစ္စည်းမျိုး၌ထည့်သွင်းရပါသည်။

မေး။ ။ဝတ္ထု ပုရေဇာတ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ဝတ္ထုပုရေဇာတ နိဿယ, ဝတ္ထုပုရေဇာတ, ပုရေဇာတိန္ဒြိယ,ပုရေဇာတ ဝိပ္ပယုတ္တ,ပုရေဇာတအတ္ထိ, ပုရေဇာတ ဤသို့လျှင် ဝတ္ထုပုရေဇာတ ပစ္စည်းမျိုးပေါင်း(၆)မျိုးရှိပါသည်။

မေး။ ။ပစ္ဆာဇာတ ပစ္စည်းမျိုးပေါင်း မည်မျှရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ပစ္ဆာ ဇာတ, ပစ္ဆာဇာတ ဝိပ္ပယုတ္တ,

WWW.DHAMMARANSI.COM

ပစ္ဆာဇာတတ္တိ, ပစ္ဆာဇာတ အဝိဂတ-ဤသို့လျှင် ပစ္ဆာဇာတပစ္စည်းပေါင်း (၄)ပါးရှိပါသည်။

မေး။ ။ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း မည်မျှ ရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ရုပ်အာဟာရ, ရုပ်အာဟာရတ္တိ, ရုပ်အာဟာရအဝိဂတ-ဤသို့လျှင် ရုပ်အာဟာရ ပစ္စည်းမျိုးပေါင်း (၃)ပါးရှိပါသည်။

မေး။ ။ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း မည်မျှရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ရူပဇီဝိတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယတ္တိ, ရူပဇီဝိတိန္ဒြိယ အဝိဂတ-ဤသို့လျှင် ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုးပေါင်း (၃)ပါးရှိပါသည်။ ။ရုပ်အာဟာရပစ္စည်းသုံးမျိုး, ရူပဇီဝိတိန္ဒြိယပစ္စည်း သုံးမျိုး-ဤ (၆)မျိုးကို ဥပသဟာဇာတပစ္စည်းဟူ၍လည်း ခေါ်ပါသေးသည်။

ပစ္စည်းအမျိုးမျိုး ဝေဘန်ခန်းပြီး၏။

## ကာလအားဖြင့်ဝေဘန်ခန်း

မေး။ ။ပစ္စုပ္ပန် ကာလ အားဖြင့် ကျေးဇူးပြုသော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း။ သရုပ်နှင့်တကွ ဖော်ပြပါ။

WWW.DHAMMARANSI.COM

ဖြေ။ ။သဟဇာတပစ္စည်းမျိုး(၁၅)အာရမ္မဏ ပစ္စည်းမျိုး(၈) ပုရေဇာတ ပစ္စည်းမျိုး(၆) ပစ္ဆာ ဇာတ ပစ္စည်းမျိုး(၄), ဥပသဟဇာတ ပစ္စည်းမျိုး (၆) ဤပစ္စည်းတို့သည် ပစ္စုပ္ပန် ကာလ အားဖြင့် ကျေးဇူးပြုသောပစ္စည်းမျိုးဖြစ်ကြပါသည်။

မေး။ ။အတိတ် ကာလ အားဖြင့် ကျေးဇူး ပြုသော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း၊ သရုပ် နှင့်တကွ ဖြေပါ။

ဖြေ။ ။နာနာက္ခဏိက ကမ္မနှင့်တကွ အနန္တရ ပစ္စည်းမျိုးပေါင်း(၇)ပါးတို့သည် အတိတ်ကာလ အားဖြင့် ကျေးဇူး ပြုသော ပစ္စည်းမျိုး ဖြစ်ကြပါ သည်။

မေး။ ။ကာလ သုံးပါး အား ဖြင့် ကျေး ဇူး ပြုသော ပစ္စည်းပေါင်း မည်မျှရှိပါသနည်း၊ သရုပ် နှင့်တကွဖြေပါ။

ဖြေ။ ။အာရမ္မဏ,ပကတူပနိဿယ ဤပစ္စည်း (၂)ပါးသည် ကာလသုံးပါး အားဖြင့် ကျေးဇူး ပြုသော ပစ္စည်းများ ဖြစ်ကြပါသည်။

မေး။ ။အဘယ် ပစ္စည်းများကို ကာလဝိမုတ် ပစ္စည်းဟူ၍ ခေါ်ဆိုရပါသနည်း။

WWW.DHAMMARANSI.COM


ဖြေ။ ။အာရမ္မဏ ပစ္စည်း, ပကတူပ နိဿယ ပစ္စည်း-ဤပစ္စည်း (၂)ပါးကို ကာလဝိမုတ် ဟူ၍ ခေါ်ပါသည်၊ ထိုပစ္စည်းတို့၌ ကာလ ဝိမုတ် ဖြစ်သော နိဗ္ဗာန်နှင့် ပညတ် ပါဝင်လျက် ရှိပါသည်။

မေး။ ။အဘယ် တရားများသည် အကြောင်း ပစ္စည်း၌သာ ပါဝင်၍ အကျိုး ပစ္စယုပ္ပန်၌ မပါဝင်ဘဲ ရှိနေကြပါသနည်း။

ဖြေ။ ။နိဗ္ဗာန် နှင့် ပညတ်သည် အကြောင်း ပစ္စည်း၌သာ ပါဝင်၍ အကျိုး ပစ္စယုပ္ပန်၌ မပါဝင်သော တရားများ ဖြစ်ကြပါသည်။

မေး။ ။အကျိုး ပစ္စယုပ္ပန်တွင် မပါဝင်ခြင်း၏ အကြောင်းကို ဖော်ပြပါ။

ဖြေ။ ။နိဗ္ဗာန်နှင့်ပညတ်သည် ဖြစ်ပေါ် ဥပါဒ်ခြင်းသဘောမရှိပါ၊ ဖြစ်ပေါ် ဥပ္ပါဒ်ခြင်း သဘောရှိပါမှပစ္စယုပ္ပန်တွင်ပါဝင်နိုင်ပါသည်၊ ထို့ကြောင့် နိဗ္ဗာန်နှင့်ပညတ်သည် အကျိုးပစ္စယုပ္ပန်တွင် မပါဝင်နိုင်ဘဲ ရှိနေကြပါသည်။

မေး။ ။အကြောင်းကို အစွဲ ပြု၍ ဖြစ်ပေါ်ကြကုန်သော အကျိုးတရားတို့ကို အဘယ်သို့ ခေါ်ဆိုရပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ထိုအကျိုး တရား တို့ကို အကြောင်းရှိသောကြောင့် "သပ္ပစ္စယ" ဟူ၍၎င်း, ပြုပြင်စီရင်အပ်သောကြောင့် "သင်္ခတ" ဟူ၍၎င်း ခေါ်ဆိုရပါသည်။

မေး။ ။အကြောင်းရှိမှ ဖြစ်ပေါ်လာသော တရားများကို မြဲသည်ဟု ဆိုနိုင်ပါသလော။

ဖြေ။ ။အကြောင်းရှိမှ ဖြစ်ပေါ် လာကုန်သော တရားဟူသမျှကို မြဲသည်ဟု မဆိုနိုင်ပါ၊ ခဏခဏပျက်စီး၍ နေပါသည်၊ မမြဲသောတရားဟူသမျှသည် ဘေးဒုက္ခ အမျိုးမျိုးကို ဖြစ်စေနိုင်ပါသည်၊ မြဲလည်းမမြဲ ဘေးဒုက္ခကိုလည်း ဖြစ်စေတတ်သော တရားဟူသမျှကို ငါ, ငါ့, ဟူ၍ စွဲလမ်းခြင်းငှါ မထိုက်ပါ၊ အနတ္တ အစစ်တို့သာ ဖြစ်ကြပါသည်။

မေး။ ။ပဋ္ဌာန်း ဒေသနာတော် အားဖြင့် ရှင်တော်မြတ်ဘုရားသည် အဘယ်သို့သော သဘော အဓိပ္ပါယ်ကို ပြတော်မူလိုရင်း ဖြစ်ပါသနည်း၊ အကျဉ်းအားဖြင့် ဖော်ပြပါ။

ဖြေ။ ။ရုပ်နာမ် တရားတို့သည် အကြောင်းကို စွဲ၍ ဖြစ်ပေါ်ကြသော သပ္ပစ္စယ, သင်္ခတ တရားတို့သာ ဖြစ်ကြကုန်၏၊ သတ္တဝါတို့၏ အလိုဆန္ဒ အားဖြင့် ဖြစ်ပေါ်ကြသောတရားမျိုး မဟုတ်ကုန်၊

WWW.DHAMMARANSI.COM

သဗ္ဗဝါဒီတို့၏အလိုသို့ မလိုက်သော အဝိသဝဏ္ဏနှ တရားတို့သာ ဖြစ်ကုန်၏၊ တရား တခုတခုဖြစ်ပေါ်ရာ၌ အကြောင်းပစ္စည်းပေါင်း များစွာတို့ဖြင့် ကျေးဇူးပြုကာ ထူထောင်ရကုန်၏။ အနန္တသဘော အချက်ကြီးကို အနုပိတ်အားဖြင့် ပြတော်မူလိုသောကြောင့် ပဋ္ဌာန်း တရားကို ဟောကြား တော်မူပါသည်၊

ကာလအားဖြင့် ဝေဘန်ခန်းပြီး၏။

## ဘုံအားဖြင့်ဝေဘန်ခန်း

မေး၊ ။ပဋ္ဌာန်း(၂၄) ပစ္စည်းတို့ကို ရသင့် ရထိုက်, မရသင့်မရထိုက်သောဘုံအားဖြင့် ဝေဘန်၍ပြပါ၊

ဖြေ၊ ။ပဉ္စဝေါ ကာရ (၂၆) ဘုံ၌ ပဋ္ဌာန်း ပစ္စည်း အလုံးစုံကို အကုန် ရနိုင်ပါသည်၊ စတုဝေါကာရ(၄)ဘုံ၌ ပုရေဇာတ ပစ္စည်းမျိုး, ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်းမျိုး, ပစ္ဆာဇာတ ပစ္စည်းမျိုး, ရုပ် အာဟာရ ပစ္စည်းမျိုး, ရုပဇီဝိတိန္ဒြိယ ပစ္စည်းမျိုး, ဝိပ္ပယုတ္တပစ္စည်းမျိုး-ဤပစ္စည်းမျိုးတို့ကိုမရနိုင်ပါ။ ဧကဝေါကာရဘုံ၌ အာရမ္မဏ,

WWW.DHAMMARANSI.COM

အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ရူပဇီဝိတိန္ဒြိယ, အတ္ထိ, အဝိဂတ ဤပစ္စည်းတို့ကိုသာ ရနိုင်ပါသည်၊ ကြွင်းသော ပစ္စည်းတို့ကို မရနိုင်ပါ။

မေး၊ ။ပဋ္ဌာန်း(၂၄) ပစ္စည်းတို့တွင် အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော ပစ္စည်း များကို ဘော်ထုတ်၍ပြပါ။

ဖြေ၊ ။အာရမ္မဏ, အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ကမ္မ, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတ-ဤပစ္စည်း (၁၅)ပါးတို့သည် စိတ်အလုံးစုံတို့နှင့် အကုန် ဆက်ဆံပါသည်၊

မေး၊ ။အချို့ အချို့သော စိတ် တို့ နှင့် သာ ဆက်ဆံသော ပစ္စည်းတို့ကိုဘော်ပြပါ၊

ဖြေ၊ ။ဟေတု, အဓိပတိ, ပုရေဇာတ အာသေဝန, ဝိပါက, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တ-ဤ(၈)ပါး တို့သည် အချို့ အချို့သော စိတ်တို့နှင့်သာ ဆက်ဆံကြပါသည်၊ ။ပစ္ဆာဇာတ ပစ္စည်း တပါးသည်ကား အသီးအခြား ရုပ်တရားတို့အားသာ ကျေးဇူးပြုသော ပစ္စည်းဖြစ်ပါသည်၊

ဘုံအားဖြင့် ပေဘာနိခန်း ပြီး၏။

# ပစ္စည်းဖြိုင်ကို ပြဆိုခန်း။

မေး။ ။အဘယ် သို့သော သဘော မျိုးကို ပစ္စည်းဖြိုင်ဟူ၍ ခေါ်ဆိုပါသနည်း။

ဖြေ။ ။တခုသော ပစ္စယုပ္ပန်၌ ပစ္စည်းပေါင်း များစွာ ပေါင်းဆုံ၍ ကျေးဇူး ပြုသော သဘော မျိုးကို ပစ္စည်းဖြိုင် ခေါ်ပါသည်၊ တနည်းအားဖြင့် တခု တခုသော စိတ္တုပ္ပါဒ်၌, တခု တခု သော ရုပ်ကလာပ်၌ ဆိုင်ရာဆိုင်ရာ သတ္တိအားဖြင့် ပစ္စည်းပေါင်းများစွာပေါင်းဆုံ၍ ကျေးဇူးပြုပုံသဘောကို ပစ္စည်းဖြိုင် ခေါ်ပါသည်။

မေး။ ။မဟာ ကုသိုလ် ပဌမ စိတ်တခုကို မှုတည်၍ ပစ္စည်း ဖြိုင်ပုံ သဘော ကို သိလွယ် အောင်ဖော်ပြပါ။

ဖြေ။ ။မဟာကုသိုလ်ပဌမစိတ်ဖြစ်သောအခါ စေတသိက် (၃၈)ပါးယှဉ်ပါသည်၊ စိတ်နှင့်တကွ နာမ်တရားပေါင်း (၃၉)ပါး ရှိပါသည်၊ ထို (၃၉) ပါးကို နာမ်ကလာပ်တခုဟု ခေါ်ဆိုရပါသည်၊ ထိုတရား (၃၉)ပါးတို့သည် အချင်းချင်း သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ(၆)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။

WWW.DHAMMARANSI.COM

မဟာကုသိုလ် ပထမစိတ်သည် သမ္ပယုတ်တရားတို့အား အဓိပတိ,အာဟာရ,ဣန္ဒြိယ, ဤ(၃)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ စေတသိက်တို့တွင် ဖဿသည် အာဟာရ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဝေဒနာသည် ဣန္ဒြိယ,ဈာန သတ္တိဖြင့် ကျေးဇူးပြုပါသည်။ စေတနာသည် ကမ္မသတ္တိ,အာဟာရသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

ဧကဂ္ဂတာသည်ဣန္ဒြိယ,ဈာန,မဂ္ဂသတ္တိအားဖြင့် ကျေးဇူးပြုပါသည်။ ဇီဝိတသည် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ဝိတက် စေတသိက်သည် ဈာန,မဂ္ဂ သတ္တိအားဖြင့် ကျေးဇူးပြုပါသည်။ ဝိစာရ ပီတိ စေတသိက်တို့သည် ဈာနသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဝီရိယ စေတသိက်သည် အဓိပတိ, ဣန္ဒြိယ, မဂ္ဂ, သတ္တိအားဖြင့် ကျေးဇူး ပြုပါသည်။ ဆန္ဒစေတသိက်သည် အဓိပတိသတ္တိအားဖြင့်ကျေးဇူးပြုပါသည်။ အမောဟစေတသိက်သည် ဟေတု, အဓိပတိ, ဣန္ဒြိယ, မဂ္ဂ သတ္တိအားဖြင့် ကျေးဇူးပြုပါသည်။ အလောဘ, အဒေါသ စေတသိက်တို့သည် ဟေတုသတ္တိဖြင့် ကျေးဇူးပြုပါသည်။ သဒ္ဓါစေတသိက်သည် ဣန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ သတိစေတသိက်သည်ဣန္ဒြိယ,မဂ္ဂသတ္တိဖြင့်

WWW.DHAMMARANSI.COM


ကျေးဇူးပြုပါသည်၊ ဝိရတီ စေတသိက် သုံးပါးတို့သည် မဂ္ဂ သတ္တိဖြင့် ကျေးဇူးပြုပါသည်၊ မဟာကုသိုလ်စိတ်၌ ကုသလကမ္မပထမြောက်သော စေတနာသည် နောင်ဖြစ်ပေါ်လတ္တံ့သော ဝိပါက် နာမက္ခန္ဓာ တို့အား နာနာက္ခဏိကသတ္တိဖြင့် ကျေးဇူးပြုပါသည်၊ ဤသည်ကား မဟာကုသိုလ်စိတ်တခုကို မှီတည်၍ ပစ္စည်း ပြိုင်ပုံ အချက်ကို ဖြေဆိုခြင်းဖြစ်ပါသည်၊

မေး။ ။ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ရုပ်တရားတို့အား အဘယ်သို့သော ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပါသနည်း။

ဖြေ။ ။မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် အတူတကွဖြစ်ပေါ်သော စိတ္တဇရုပ်တို့အား ဟေတု,အဓိပတိ, သဟဇာတ အစရှိသော ပစ္စယသတ္တိပေါင်းများစွာတို့ဖြင့် ကျေးဇူးပြုပါသည်၊

မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် မိမိရှေး၌ ဖြစ်၍ "ဌီ" အနေအားဖြင့် ထင်ရှားရှိကုန်သောရုပ်တို့အား ပစ္ဆာဇာတ, ပစ္ဆာဇာတ ဝိပ္ပယုတ္တ, ပစ္ဆာဇာတ အတ္ထိ,ပစ္ဆာဇာတ အဝိဂတ သတ္တိအားဖြင့် ကျေးဇူးပြုပါသည်၊

WWW.DHAMMARANSI.COM


မေး။ ။ မဟာ ကုသိုလ် စိတ္တုပ္ပါဒ်၏ မှီရာ ဖြစ်သော ဟဒယ ဝတ္ထုသည် မဟာကုသိုလ်စိတ်အား အဘယ်ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ။ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ။ ထိုမဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဂရု ဖြစ်သောရူပါရုံကို အာရုံပြုသည်ဖြစ်အံ့ ထိုရူပါရုံသည် မဟာ ကု သိုလ် စိတ္တုပါဒ်အား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုပါသနည်း။

ဖြေ။ ။ ထိုဂရု ဖြစ်သော ရူပါရုံသည် မဟာ ကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ, အဓိပတိ, ဥပ နိဿယ, ပုရေဇာတ, အတ္ထိ, အဝိဂတသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

[ယခု ဖြေဆိုခဲ့ပြီးသော မဟာကုသိုလ် စိတ္တုပ္ပါဒ်နှင့် ဆိုင်ရာ ပစ္စည်း ပြိုင်နည်းတို့ကို မှီငြမ်း ပြုပြီးလျှင် အခြားသော စိတ္တုပ္ပါဒ်တို့၌ ပစ္စည်းပြိုင်ပုံ အချက်ကို ဉာဏ် သဘော ရှင်းလင်းစွာ ပေါ်ပေါက်ကြပါစေကုန် သတည်း။]

## ရုပ်တရား အချင်းချင်း
## ပစ္စည်း ပြိုင်ပုံကို ပြဆိုချက်

မေး။ ။ ရုပ်(၂၈)ပါး တို့တွင် အဘယ်ရုပ်များ

WWW.DHAMMARANSI.COM


သည့် ရုပ်တရားအချင်းချင်း၏ ပစ္စည်း ဖြစ်နိုင်ပါ သနည်း။

ဖြေ။ ။မဟာဘုတ် (၄)ပါး, ဇီဝိတရုပ်, အာဟာရရုပ်, ဤရုပ်(၆)ပါးတို့သည် ရုပ်အချင်းချင်း၏ ပစ္စည်းဖြစ်နိုင်ပါသည်။

မေး။ ။ထို ရုပ် တ ရား (၆)ပါးတို့၏ ရုပ်အချင်းချင်း ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ။မဟာဘုတ် (၄)ပါး တို့သည် မဟာဘုတ်အချင်းချင်းတို့အား သဟဇာတ, အညမည, နိဿယ, အတ္ထိ,အဝိဂတ, ဤ(၅)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ မဟာဘုတ်လေးပါးတို့သည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ် တို့အား သဟဇာတ, နိဿယ,အတ္ထိ, အဝိဂတ, ဤလေးပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ဇီဝိတရုပ်သည် ကလာပ်တူဖြစ်သော ကမ္မဇရုပ်တို့အား ဣန္ဒြိယ,အတ္ထိ အဝိဂတ, ဤ(၃)ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ရုပ်အာဟာရသည် အဇ္ဈတ္တ သန္တာန်၌ ရှိသောအလုံးစုံသော စတုဇရုပ်တို့အား အာဟာရ, အတ္ထိ,အဝိဂတ,ဤ(၃)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။

WWW.DHAMMADOWNLOADS.COM

မေး။ ။ ရုပ်(၂၈)ပါးတို့တွင်အဘယ်ရုပ်တရားများသည် နာမ်တရားတို့အား ဝိသေသ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသနည်း။

ဖြေ။ ။ ပသာဒရုပ်(၅)ခု, ဂေါစရရုပ် (၇)ခု, ဟဒယဝတ္ထုရုပ်(၁)ခု, ဤ(၁၃) ပါးသော ရုပ်တရားတို့သည် နာမ်တရားတို့အား ဝိသေသပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ။ ပသာဒရုပ်(၅)ခုတို့၏ ကျေးဇူးပြုပုံကို သိလွယ်ရုံ အမြွက်မျှဖော်ပြပါ။

ဖြေ။ ။ စက္ခုပသာဒ အစရှိသော ပသာဒရုပ် (၅)ပါးတို့သည် စက္ခုဝိညာဉ် အစရှိသော ဒွေပဉ္စဝိညာဉ်စိတ် (၁၀)တို့အား နိဿယ, ပုရေဇာတ ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤပစ္စယသတ္တိ (၆)ပါးတို့ဖြင့် ကျေးဇူးပြုနိုင်ပါသည်။

မေး။ ။ ဂေါစရရုပ် (၇)ပါးတို့၏ ကျေးဇူးပြုပုံကိုသိလွယ်ရုံ အမြွက်မျှဖော်ပြပါ။

ဖြေ။ ။ ဂေါစရရုပ် (၇)ပါး တို့သည် စက္ခုဝိညာဉ်အစရှိသော ဒွေပဉ္စဝိညာဉ်(၁၀)နှင့် မနောဓာတ်(၃)ခုတို့အား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ, ဤပစ္စယသတ္တိ(၄)ပါးတို့ဖြင့် ကျေးဇူးပြုပါသည်။

WWW.DHAMMARANSI.COM


မေး။ ။ပသာဒရုပ် (၅)ခု တို့သည် ဒွေပဉ္စဝိညာဉ် (၁၀)တို့အား အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ။မိခင်သည် သားသမီးတို့အား ကျေးဇူးပြုဘိသကဲ့သို့ ပသာဒရုပ် (၅)ခု တို့သည် ဒွေပဉ္စဝိညာဉ်(၁၀)တို့အား မိခင်သဘွယ် ကျေးဇူးပြုကြပါသည်။

မေး။ ။ဂေါစရရုပ် (၇)ပါးတို့သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုကြပါသနည်း။

ဖြေ။ ။ဖခင်သည် သားသမီးတို့အား ကျေးဇူးပြုဘိသကဲ့သို့ ဂေါစရရုပ်(၇)ပါးတို့သည် ဒွေပဉ္စဝိညာဉ်(၁၀)နှင့် မနောဓာတ်(၃)ခုတို့အား ဖခင်သဘွယ် ကျေးဇူးပြုကြပါသည်။

မေး။ ။ဟဒယဝတ္ထုရုပ်က နာမ် တရားတို့အား ကျေးဇူး ပြုပုံကို သိလွယ်ရုံ အမြွက်မျှ ဖော်ပြပါ။

ဖြေ။ ။ဟဒယဝတ္ထုရုပ်သည် မနောဓာတ်, မနောဝိညာဏဓာတ်တို့အား ပဋိသန္ဓေအခါ သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဟူ၍(၆)ပစ္စယသတ္တိတို့ဖြင့်ကျေးဇူးပြုပါသည်။ ပဝတ္တိအခါ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ,

WWW.DHAMMARANSI.COM

အတ္ထိ,အဝိဂတ-၏ငါးပစ္စယသတ္တိတို့ဖြင့်ကျေးဇူးပြုပါသည်။

မေး။ ။ဟဒယ ဝတ္ထုရုပ်သည် အဘယ်သို့သော ဥပမာအားဖြင့် ကျေးဇူးပြုပါသနည်း။

ဖြေ။ ။သစ်ပင်သည် ရုက္ခစိုးနတ်အား မှီရာ ဘုံဗိမာန်သဘွယ်အားဖြင့် ကျေးဇူး ပြုဘိသကဲ့သို့ ဟဒယဝတ္ထုရုပ်သည် မနောဓာတ်,မနောဝိညာဏဓာတ်တို့အား မှီရာ ဘုံဗိမာန် သဘွယ် အားဖြင့် ကျေးဇူးပြုပါသည်။

မေး။ ။အဋ္ဌကလာပ် ရုပ်တရ အတွင်း၌ ရုပ်တရားတို့၏ အချင်းချင်း ကျေးဇူးပြုပုံကို ဖော်ပြပါ။

ဖြေ။ ။မဟာဘုတ် (၄)ပါး, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-၏ရုပ်(၈)ပါးအပေါင်းအစုကို အဋ္ဌကလာပ် ခေါ်ပါသည်။ ထိုအခါ အဋ္ဌကလာပ်၌ မဟာဘုတ် (၄)ပါးတို့သည် အချင်းချင်း သဟဇာတ,အညမည နိဿယ, အတ္ထိ, အဝိဂတ-၏(၅)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။ မဟာဘုတ် (၄)ပါးတို့သည် အတူတကွ ဖြစ်သော ဥပါဒါရုပ်(၄)ပါးတို့အား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ-၏ (၄)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။ ဩဇာရုပ်သည် အတူတကွဖြစ်သော ရုပ်(၇)ပါးတို့အား

WWW.DHAMMADANSI.COM

အာဟာရ, အတ္ထိ, အဝိဂတ-ဤသုံးပစ္စယ သတ္တိတို့ဖြင့်ကျေးဇူးပြုပါသည်၊ ဤသည်ကား အဇ္ဈတ္တကလာပ်ရုပ်တခုအတွင်း၌ ရုပ်အချင်းချင်း ကျေးဇူးပြုပုံကို ဖြေဆိုချက်ဖြစ်ပါသည်၊

မေး။ ။ဝဏ္ဏဒသက ကလာပ်၌ ရုပ်အချင်းချင်းတို့၏ ကျေးဇူးပြုပုံကို ဖော်ပြပါ၊

ဖြေ။ ။ဝဏ္ဏ ဒသက ကလာပ်၌ မဟာဘုတ်(၄)ပါးတို့၏ ကျေးဇူးပြုပုံ,ဩဇာရုပ်၏ ကျေးဇူးပြုပုံကို ဖြေဆိုခဲ့ပြီးသောအတိုင်းဖြစ်၍ အထူးဖြေဆိုရန်မလိုတော့ပါ၊ ဝဏ္ဏဒသက ကလာပ်၌ ပါသောဇီဝိတရုပ်သည် အတူတကွ ဖြစ်သော ကမ္မဇရုပ်(၉)ခုတို့အား ဣန္ဒြိယ, အတ္ထိ, အဝိဂတ-ဤ(၃)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်၊ ဤသည်ကားဝဏ္ဏဒသက ကလာပ် အတွင်း၌ ရုပ် အချင်းချင်း ကျေးဇူးပြုပုံကို ဖြေဆိုချက်ဖြစ်ပါသည်၊

မေး။ ။ပဋိသန္ဓေ အခိုက်၌ နာမ်တရားတို့ကရုပ်တရားတို့အား ကျေးဇူးပြုပုံကို အမြွက်မျှဖော်ပြပါ၊

ဖြေ။ ။ပဋိသန္ဓေ နာမက္ခန္ဓာသည် ဟဒယဝတ္ထုမှတပါးသော ကမ္မဇရုပ်တို့အား သဟဇာတ,နိဿယ,ဝိပါက ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ, ဤ(၆)

WWW.DHAMMARANSI.COM

ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်၊ ပဋိသန္ဓေနာမက္ခန္ဓာသည်ဟဒယဝတ္ထုရုပ်အား သဟဇာတ, အညမည, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤ(၇)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်၊

မေး။ ။ပဝတ္တိအခါ၌ နာမ်တရားတို့သည် စိတ္တဇရုပ်တို့အား အဘယ်ပစ္စယ သတ္တိတို့ဖြင့်ကျေးဇူးပြုပါသနည်း။

ဖြေ။ ။နာမ် တရားတို့သည် စိတ္တဇ ရုပ်တို့အား သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဤ(၅)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်၊

[မှတ်ချက်။ ။နာမ် တရားတို့က ရုပ်တရားတို့အား ကျေးဇူးပြုပုံကို ပြဆိုခဲ့သည်မှာ ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့် သိမ်းကျုံး၍ အလုံးစုံတို့နှင့် ဆက်ဆံသည်ကိုသာ ပြဆိုခဲ့ခြင်းဖြစ်ပေသည်။ အစိပ်စိပ်ဝေဘန်၍ ပြဆိုရပါလျှင် ဟိတ်တရားတို့က ဟေတုပစ္စယ သတ္တိဖြင့်, အဓိပတိ တရား တို့က အဓိပတိ သတ္တိဖြင့်, စေတနာက ကမ္မသတ္တိဖြင့်, ဝိပါက်စိတ်တို့က ဝိပါကသတ္တိဖြင့်, အဟာရတရားက အဟာရသတ္တိဖြင့်, ဣန္ဒြေတရားတို့က ဣန္ဒြိယသတ္တိဖြင့်, ဈာန်တရားတို့က ဈာနသတ္တိဖြင့်, မဂ်တရားတို့က မဂ္ဂသတ္တိဖြင့်ဆိုင်ရာဆိုင်ရာ ပါဝင်၍ ကျေးဇူးပြုပုံများကိုလည်း မိမိတို့ဉာဏ်သွားဖြင့် ဝေဘန်တော်ကြပါကုန်။]

WWW.DHAMMARANSI.COM


## အလုံးစုံသော ပစ္စည်းတို့ကို ပစ္စည်းကြီးလေးပါး၌ ထည့်သွင်း၍ပြဆိုချက်

မေး။ ။ ပဋ္ဌာန်းပစ္စည်း အလုံးစုံတို့ကို အကုန်သိမ်းရခြင်းရာသွင်းလိုက်ပါလျှင် မဟာပစ္စည်းကြီးလေးပါးတို့၌ အလုံးစုံအကျုံးဝင်၏ဟု အဘိဓမ္မာကျမ်းတို့၌ပြဆိုခဲ့ရာ ထိုမဟာပစ္စည်းကြီး လေးပါးသရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။ အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ၏လေးပါးပင် ဖြစ်ပါသည်။

### ဆောင်ပုဒ် လင်္ကာ

အာ,ဥ,ကံ,အတ်, လေးရပ်၏တွင်၊ အကုန်ဝင်၊ ကုန်စင်ခွဲမိပ်ပြ။ ။

အာရမ္မဏူပ နိဿယ ကမ္မတ္ထိပစ္စယေသု သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ (သင်္ဂြိုဟ်ပါဠိ)။

သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော၊ ပစ္စယာ၊ ပဋ္ဌာန်း ပစ္စည်း တို့သည်၊ အာရမ္မဏူပ နိဿယ ကမ္မတ္ထိပစ္စယေသု၊အာရမ္မဏပစ္စည်း,ဥပနိဿယ ပစ္စည်း,ကမ္မပစ္စည်း,အတ္ထိပစ္စည်းတို့၌၊သမောဓာနံ၊ ပေါင်းဆုံသက်ဝင်ခြင်းသို့၊ ဂစ္ဆန္တိ၊ရောက်ကုန်၏။

WWW.DHAMMARANSI.COM



မေး။ ။ ထို မဟာ ပစ္စည်းကြီး လေးပါး တို့၌ ပစ္စည်းပေါင်း များစွာ သက်ဝင်ကြပုံကို ဆိုင်ရာ ဆိုင်ရာ သက်ဝင်ပုံသရုပ်နှင့်တကွ ဖော်ပြပါ။

ဖြေ။ ။ အာရမ္မဏ ပစ္စည်းမျိုး, ဝတ္ထာ ရမ္မဏ ပစ္စည်းမျိုး–ဤပစ္စည်းတို့သည် အာရမ္မဏ ပစ္စည်း၌ အကျုံး ဝင်ကြပါသည်။ အနန္တရပစ္စည်းမျိုး, ပကတူပ ပစ္စည်းမျိုး– ဤပစ္စည်းတို့သည် ဥပနိဿယ ပစ္စည်း၌ အကျုံးဝင်ကြပါသည်။ နာနာက္ခဏိက စေတနာသည် ကမ္မပစ္စည်း၌ အကျုံးဝင်ပါသည်။ သဟဇာတပစ္စည်းမျိုး–ဥပသဟဇာတ ပစ္စည်းမျိုး, ဝတ္ထုပုရေဇာတပစ္စည်းမျိုး, အာရမ္မဏပုရေဇာတ ပစ္စည်းမျိုး, ဝတ္ထာ ရမ္မဏ ပစ္စည်းမျိုး–ဤပစ္စည်း တို့သည် အတ္ထိပစ္စည်း၌ အကျုံး ဝင်ကြပါသည်။ ဤသည်ကား မဟာ ပစ္စည်းကြီး လေး ပါးတို့၌ ပစ္စည်းပေါင်း များစွာတို့၏ သက်ဝင်ပုံကို ဖြေဆို ချက် ဖြစ်ပါသည်။

## 'ဇနက'စသော ပစ္စည်းသုံးမျိုးကို ဝေဘန်၍ ပြဆိုချက်

မေး။ ။ ပစ္စည်း တို့၏ ကျေးဇူး ပြုပုံ သဘော သည် အဘယ်မျှရှိပါသနည်း။

WWW.DHAMMADANA.COM

ဖြေ။ ။ ပစ္စည်းတို့၏ ကျေးဇူးပြုပုံ သဘောမျိုးသည် ဇနကတမျိုး၊ ဥပတ္ထမ္ဘကတမျိုး၊ ဇနကော ပတ္ထမ္ဘကတမျိုး-ဤသို့အားဖြင့် သုံးမျိုး ရှိပါသည်။

မေး။ ။ ထိုသုံးမျိုး၏ သဘော အဓိပ္ပါယ် ကို သိလွယ်ရုံဖော်ပြပါ။

ဖြေ။ ။ အကျိုးတရားတို့အား ဖြစ်ပေါ်စေခြင်းသတ္တိဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဇနကပစ္စည်း ခေါ်ပါသည်၊ အကျိုး တရား တို့အား ထောက်ပံ့မှုသတ္တိဖြင့်ကျေးဇူးပြုသောပစ္စည်းကို ဥပတ္ထမ္ဘကပစ္စည်းခေါ်ပါသည်၊ အကျိုးတရားတို့အား ဖြစ်ပေါ်စေမှု၊ ထောက်ပံ့မှု သတ္တိ နှစ်မျိုးတို့ဖြင့် ကျေးဇူးပြုသော ပစ္စည်းကို ဇနကော ပတ္ထမ္ဘကပစ္စည်း ခေါ်ပါသည်။

မေး။ ။ပဋ္ဌာန်း (၂၄) ပစ္စည်းတို့တွင် ဇနကပစ္စည်း၊ ဥပတ္ထမ္ဘကပစ္စည်း၊ ဇနကော ပတ္ထမ္ဘကပစ္စည်းတို့၏ သရုပ်ကို ဖော်ထုတ်၍ပြပါ။

ဖြေ။ ။အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-ဤငါးပစ္စည်းကို ဇနကပစ္စည်းခေါ်ပါသည်၊ ပစ္ဆာဇာတပစ္စည်းကို ဥပတ္ထမ္ဘက ပစ္စည်း ခေါ်ပါသည်၊ ထိုမှကြွင်းသောပစ္စည်းပေါင်း (၁၈)ပါးကို ဇနကော ပတ္ထမ္ဘကပစ္စည်းခေါ်ပါသည်။

WWW.DHAMMARANST.COM

# အနုမောဒနာ ပွဲသိမ်း၊

၁၁၀၉-၁၁၁၉-၁၁၁၉၊ မကုဋ္ဋကုဋ္ဌ အတုလ မှန်ကင်း သနင်းလျှာ သုံးလောက ထွတ်ထား ဘုန်းခြောက်ပါး၏သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ငါးပါးမာရ်နှိုင် ပလ္လင်ဗောဓိ သိရိမဏ္ဍိုင်ခရိုင်အောင်မြေ ဇမ္ဗူဟောဝယ် လေးထွေလေးထိ ခိုင်နှိုင်းဆိဟာ သရေဗိမာလာ ပမာနှိုင်းရန် အမှန်ထူးဆန်း သဗ္ဗာပန်းကို ဆင်မြန်းရန် ရွှေယူတော်မူပြီးနောက် ရတနာစာရေ ဌာနရပ်ခန်း ရွှေအိမ်နန်းဝယ် ပဌာန်းနက်ကျယ် ဆန်းတကြယ်ကို တွေ့ဖွယ်ဘန်ဘန် ဖြတ်သော ဉာဏ်ဖြင့် အတန်တန် သုံးသင်ဆင်ခြင်တော်မူလေသောအခါ စိမ်း,ဖြာ,ညို,မှောင်ဝါရောင်,နီ,ဖြူ,သိတဂူမာတ် စိန်သားလျှပ်သကဲ့သို့ဖြတ်ဖြတ်ဖြာကသန်း မီးပန်း မီးရှူး စိန်ဥဏ္ဏာ မြူးသည့်နှယ် အထူး ကြည်လင် ရောင်ရှင်ခြောက်သွယ် ခြယ်ပန်း နွယ်တို့သည် အဆန်း ထကြွယ်ကွန့်မြူးတော် မူကြလေကုန်သတည်း။ ၊

တဘန် ထို့နောက် ခုနစ်ဝါ အခြောက်တွင် ထွန်းတောက် သိဒ္ဓိ သာဝတ္ထိဝယ် မနိဘုန်းလျှံ ထွတ်ထိပ်ပန်လျှင် ယမကံ့စုံ မိုးလုံးမြှောက်ရှ မီးဟုန်ရေ

WWW.DHAMMARANSI.COM


ပန်း တလျှမ်းလျှမ်းလျှင် အဆန်းထွန်းကြွေး တန့်ခိုးတော် အထူးထူးဖြင့် ကွန့်မြူးဝေဆာ ရွှေဘုန်းတော်ပြာဋိဟာကို အံ့ဘွယ်ရာပြတော်မူပြီးသော် တောင်ယုဂန္ဓိုရ် ရွှေမြင့်မိုရ်ရဲ့သို့ ရွှေကိုယ်မြတ်ဖျား တန်းခိုးအားဖြင့် ဘဝါးသုံးဆင့် အဟုမ်းတော် နှစ်ဟုမ်းဘွင့်ပြီးလျှင် တင့်ကြွက်သရေ ၎ုံဖူးဝေသား ရွှေကောဝိလာ သညာတွင်လစ် ပင်ကသစ်၏ အမြစ်ခြေရင်း မြေတလင်းဝယ် ဖြန့်ခင်းမြဲ့သာကမ္ဗလာဟု မဟာပဏ္ဍုကမ်းရ တောက်လွှင် ကျောက် ပလ္လင်ထက် သခင်ဘုန်းဖုန် ဘဂဝန်လျှင် မိမွန်မွေးမယ်လက်ဦးဆွယ်လျက် ရွှေဝယ်ထံပါး ခိုလှုံကြွားသည့် နတ်များတကာ ဖြာဟ္ဗာမာကို မဟာဉာဏ သာဂရဖြင့်နယနက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ဆုံးခန်းတိုင်ထိ ပိုင်ပိုင် မိအောင် မုနိသင်းဘျစ် မမ္မရာဇ်သည့် ဘွင့်ဟစ် ဟောကြွားတော်မူလေသတည်း။ ။

နယသာဂရ ပဋ္ဌာနဟု သာသနအနှစ် ခက်ဆစ်ခဲရပ် ထူးမြတ်အမွန် အလွန်ထိမ်မြေ နက်နဲပေမှုဟု စေ့စေ့ ထင်မြင် ဆင်ခြင် လေတိုင်း အလှိုင်း ပွဲမျိုးဖုံမပြီးသား ကျမ်းကြီးပဋ္ဌာန်း အဖြိုက်ပန်းကို ဉာဏ်စွမ်းအလျောက် သိမြင်ပေါက်အောင် ဝမ်းမြောက်ဘွယ်ရေး ဉာဏ်လှူ ပေးသား၊ အမေး အ

WWW.DHAMMARANSI.COM

ဖြေ့ ကျိုးကြောင်းတွေကို စေ့ခရစုံလင် အကုန်မြင်သော် ဂုဏ်အင်ထူးလွန် သူထက်ချွန်၍ တံခွန်ပမာ သာသနာ့ဝယ် ကသျှာဏပယိတ် ဒွဲ့ တံဆိပ် ဖြင့် ခတ်နှိပ်လွန်ကဲ အာ ဏ္ဏ ခွဲ ကို ဖြဲခွဲခြင်း၍ စွမ်းနိုင်ရာဟု သဒ္ဒါ ရှေ့သွားဉာဏ်ကျက်စားလျက် တရား ရုပ်နာမ် သမုဋ္ဌာန်ကို ဟုတ် မှန်တိုင်း သိ ဉာဏ် လက်ကိုင် ပိုင်ပိုင် ရှိကြအောင် အဓိက ကုသိုလ် နှင့်ယှဉ်ကြီး ကြည်ညိုလျက် ရွတ်ဆို သရဇ္ဈာယ် တော် မူကြပါကုန်လော၊ ။

ပဋ္ဌာန်း အမေးအဖြေပြီး၏။

## နိဂုံး

(က) ပဋ္ဌာန်းကြော၊ ဉာဏ်ရောင်ဝါ၊ ခြောက်ဖြာ ထိန်လို့လင်း၊ ။

(ခ) ကမ္ဘာလုံးရုံ၊ ထွမ်းဒုပ်မြုံ၊ ဒုံးဘုံ တိုက်အတွင်း၊ ။

(ဂ) ကျယ်ဝန်းစွာဘဲ၊ ပဋ္ဌာန၊ နယ-ပင်လယ်မင်း၊ ။

(ဃ) ကွန့်မြူး ကျက်စား၊ ဉာဏ်တော်အား၊ ကြီးမားပါဘိခြင်း၊ ။

WWW.DHAMMARANSI.COM



( ၉ ) ဉာဏ်မရှိပ် ခိုလှုံ၊ ခေတ်ကြီးကြို၊ လူ့ဘုံ နယ်အတွင်း။

( ၀ ) လူဖြစ်ရခြား၊ ဘုန်းငံ့အား၊ ကြီးမား ခေါင်ထိပ်ချင်း။

(၁၀) လူတို့သန္တာန်၊ ပဋ္ဌာန်းဉာဏ်၊ ပေါက် ရန်နှလုံးသွင်း။

( ၈ ) ပဋ္ဌာန်း မေးဖြေ၊ ရေးခဲ့ပေ၊ စိတ်နေ ဖြူဖြောင့်စင်း။

( ၇ ) ထစ်,နှစ်,,ရှစ်,ရှစ်၊ သကရစ်၊ ကုံခေတ် မသတွင်း။

(ည) တပို့တွဲလ၊ဆန်းပက္ခ၊နဝ-ရက်မြတ်မင်း။

( ၃ ) ကြာသပတေး၊ ပြီးအောင်ရေး၊ မွေးနေ့ ကြိုပြန်လျှင်း။

( ၄ ) မွေးလ မွေးရက်၊ မွေးနေ့စက်၊ ကြိုလျှက် ပြီးမြောက်ခြင်း။

[မှတ်ချက်။ ။အကျွန်ုပ် လယ်တီ ပဏ္ဍိတသည် ၁၂၄၀ ပြည့်တပို့တွဲလဆန်း ၉-ရက် ကြာသပတေးနေ့နံနက် အာရုဏ် တက်တွင် ဘွားမြင်ခဲ့ပေသည်။ ယခု ၁၂၈၈ ခု တပို့တွဲ လဆန်း (၉)ရက်နေ့လည်း ကြာသပတေးနေ့ပင် ဖြစ်သည်။ ဤပဋ္ဌာန်း အမေး အဖြေကျမ်းလည်း မွေးလ, မွေးရက်, မွေး နေ့တွင် ပြီးစီးအံ့ဟု ဆိုပိုသည်။]

No. 19

WWW.DHAMMARANSI.COM

(ဍ) မွေ့ဒါန၊ မြတ်ပုညာ၊ သဒ္ဓါထွက်မှန်ကင်း။

(ဎ) ပညာဆိမ်းမိ၊ အလှူကြီး၊ ဝေးနိုးပေးဖြန့် ကျင်း။

(ဏ) အကျွန်ုပ်ကုသိုလ်၊ တောင်းဆုဆို၊ အလို ဆန္ဒရင်း။

(တ) လယ်တီသခင်၊ ကျေးဇူးရှင်၊ အောင်မြင် ရန်ခပင်း။

(ထ) ကိလေခြနံစက်၊ ကုန်ချိုးဖျက်၊ ဝဋ်စက် နယ်မှကျွင်း။

(ဒ) ကျေးဇူးရှင်နောက်၊ တကောက်ကောက်၊ ထုတ်ချောက်ပါလိုခြင်း။

(ဓ) ဆုံးခွန်ဘဝ၊ ပဋ္ဌာန၊ မွေ့အောင်ပွဲခင်း။

(န) ကမ္ဘာလုံးရုံ၊ ဘုံသုံးဘုံ၊ သွမ်းမြို့ ဥာဏ် ရောင်လင်း။

(ပ) များသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာ ရဏ်ပွင့်လင်း။

(ဖ) အမြဲမကွာ၊ ဖြန့်ဝေကာ၊ မေတ္တာ တ သင်းသင်း။

နိဂုံးပြီး၏။

WWW.DHAMMARANSI.COM


# ပဋ္ဌာန်း၊ ဒေသနာနှင့် ဆိုင်သော
# သေလာထေရီဝတ္ထု

မဟာဘဒ္ဒကပ် ဂုဏ်ပွန်ခြောက်ဆိုင် ထွတ်ဆုံးတိုင်သည့် ဘုန်းဖျိုင်ထွတ်ထား၊ ရွှေကိုယ်တော်မြတ်ဘုရားသည်၊ ပြည်သာဝတ္ထိ တိုင်းကြီးတံခွန် ဇေတဝန်မည်ခေါ် ရွှေကျောင်းတော်၌ သီတင်းသုံးနေ့လျှော် စံနေတော်မူစဉ်အခါ သေလာအမည်ရှိတဲ့ ဘိက္ခုနီမကလေး တပါးရယ်လို့ ထင်ရှားစွာရှိတော်မူတယ်၊

တနေ့သောအခါ သေလာထေရီ ဘိက္ခုနီ အရှင်မသည် နံနက်အချိန်တွင် ဆွမ်းအလို့ငှါ သာဝတ္ထိ မြို့တော်ကြီး အတွင်း၌ လှည့်လည်ပြီး ဆွမ်းခံပြန်တဲ့အခါ ချမ်းသာဆိတ်ငြိမ်စွာ နေတော်မူခြင်းငှါ အန္ဓဝန် တောအတွင်းသို့ ကြွသွားတော်မူတယ်၊ အန္ဓဝန်ဆိုတဲ့ တောကြီးဟာ သာဝတ္ထိ ပြည်ကြီး၏ တောင်မျက်နှာ သုံးဂါဝုတ် ကွာတဲ့ အရပ်ဌာနမှာ တည်ရှိတယ်၊ ထိုအန္ဓဝန် တောကြီးဟာ လွန်စွာ ကြီးကျယ်တဲ့ သစ်ပင်တို့ဖြင့် ဆုပ်ဆိုင်း၍ မှိုင်းမှိုင်းညို့ညို့ နေ့မွေလျှော်ဘို့ အလွန်

WWW.DHAMMARANSI.COM

ကောင်းသတဲ့။ လူ့သူ အပေါင်းတို့မှ ဆိတ်ငြိမ်၍ နိဋ္ဌိ အလုပ်ကို အားထုတ် နေကြတဲ့ ယောဂီ ပုဂ္ဂိုလ်အများတို့၏ ပျော်ပါးကိန်းအောင်းရန်အလို့ ငှါလဲ လွန်စွာ သင့်လျော်တယ်။

သေလာဝေထေရ် ဘိက္ခုနီ အရှင်မသည် ဓွမ်း ကိစ္စ ပြီးစီးတဲ့အခါ ထိုတောကြီးအတွင်း ဇာရ သော သစ်ပင်ရင်းမှာ ဖြစ်ခြင်း, ပျက်ခြင်း, အ ကြောင်း မကောင်းကြတဲ့ ရုပ်ကလာပ်,နာမ်ကလာပ် များကို ပဋ္ဌာန်း ဒေသနာနည်းအားဖြင့် ရှုစားဆင် ခြင်၍ နေတော်မူတယ်။ ထိုအခါ တဏှာ, အရတီ, ရာဂီတို့၏ ဘခင်ဖြစ်တဲ့ မာရ်နတ်မင်းက သစ်ပင် ရင်းတခုမှာ ကမ္မဋ္ဌာန်းရှု၍နေတဲ့ သေလာဝေနီကို မြင်ပါရောတဲ့။ မာရ်နတ်ဆိုတဲ့ သဏ္ဍဝါကောင်ကြီး ဟာ သာသနာ၏ ရန်သူတော်ကြီးအစစ်ဖြစ်တယ်။ ဘယ်အခါ မဆို သာသနာကို ဖျက်ဆီးဘို့, သု တော်ကောင်း တို့ကို နှိပ်စက်ဘို့, ယောဂီပုဂ္ဂိုလ် တို့၏ ကမ္မဋ္ဌာန်းအလုပ်ကို နှောင့်ယှက်ဘို့–ဆဲသည့် လို့အလုပ်မျိုးကိုသာ ဆိုးဆိုးဝါးဝါးကြီး ကြံစည်နေ တယ်။ ။တောထဲ,တောင်ထဲမှာ ဝိရိယဇွတ်နှင့်ဖြင့် ရဲရဲရင့်ရင့် အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း တို့ကို ချောင်းမြောင်းရှာမှီး၍ ဖျက်ဆီးလေ့ရှိတယ်။

WWW.DHAMMARANSI.COM


သည့် သဗ္ဗဝါကောင်ကြီးအတွက် ဘာသနာဖေး နှင့်ဆိုင်တဲ့ လုပ်ငန်းတွေမှာ လွန်စွာအရေးပါတဲ့အရှက် များနေတာပေါ့။ ယခုခေတ်အခါမှာလဲ မာရ်နတ် ကောင်ကြီးလာပြီး အလုပ် ဖျက်စီးအောင် မဖျက် ဆီးဘူးလို့ မထင်ကြနှင့်။

အဲ-ပြဆိုပြီးတဲ့ အတိုင်း ဒေသလာထေရီ ဘိက္ခုနီမကို မြင်တော့ မာရ်နတ်ကြီးက သမာဓိပျက် စီးအောင် ဖျက်ဆီးလိုတဲ့ဆန္ဒ၊ ကြောက်မက်ဘွယ် ကောင်းတဲ့ရုပ်အသွင်ကိုဘန်ဆင်ပြီး တောအတွင်း မှ ထွက်ပြေးအောင် ချောက်လှန့်လိုတဲ့ ဆန္ဒ၊ အဲ သည်လို သဘောသဘာဝမျိုးတွေနှင့် ဒေသလာထေရီ ၏အနားသို့ သွားကာနဲ့ ချဉ်းကပ်လာတယ်။ သူဘန် ဆင်းလာတဲ့ ရုပ်သွင်ကြီးကလဲ အလွန် ကြောက် လန့်ဘွယ် ကောင်းသတဲ့။ ဒေသလာထေရီ ဘိက္ခုနီ မကတော့ သမာဓိစရိုက်နှင့် အောက်သို့ စိုက်ပြီး ဈာန်ဝင်စားနေတော်မူတဲ့အတွက် မာရ်နတ်ကြီးကို ရုတ်တရက်မမြင်ဘူး။ မြင်ပင် မြင်ပါစေဦးတော့ ကိလေသာ ခန်းကုန်၍ ရဟန္တာ ဖြစ်တော်မူတဲ့ အတွက် ဘယ်လိုရုပ်သွင်နှင့်ပင် ချောက်လှန့်သော် လဲ ကြောက်လန့်တော်မူမှာ မဟုတ်ဘူးပေါ့။

အဲသည့်လို မတုန်မလှုပ်ဘဲ ဈာန်ဝင်စားရ နေပုံကို

WWW.DHAMMARANSI.COM

မြင်တော့ မာရ်နတ်ကြီးက စတင်၍ သမာဓိ အလုပ်ကို နှောင့်ယှက်လိုတဲ့သဘောနှင့် ဂါထာ ထပုဒ်ကို ဘိက္ကာသို့ ရွတ်ဆို မေးမြန်းလိုက်တယ်။

(၁) ကေနိဒံပကတံဗိမ္ဗံ၊
ကွစိဗိမ္ဗဿကာရကံ။
ကွစိဗိမ္ဗံသမုပ္ပန္နံ၊
ကွစိဗိမ္ဗံနိရုဇ္ဈတိ။ ။

(၁) အယော၊ အိုး-အရှင်မ။ ဣဒံဗိမ္ဗံ၊ ဤကိုယ်ကောင် အထည်ဒြပ်ကြီးကို၊ ကေန၊ အဘယ်ပုဂ္ဂိုလ်သည်၊ ပကတံ၊ ဘန်ဆင်း၍ ထားအပ်ပါသနည်း။ ဗိမ္ဗဿ၊ ဤကိုယ်ကောင်အထည်ဒြပ်ကြီးကို၊ ကာဒ္ရိကံ၊ ဘန်ဆင်းသော ပုဂ္ဂိုလ်သည်၊ ကွစိ၊ အဘယ် အရပ်မှာ တည်ရှိပါသနည်း။ ၊ကွစိ၊အဘယ်အရပ် ဌာနနှိ၊ ဗိမ္ဗံ၊ဤကိုယ်ကောင် အထည်ဒြပ်ကြီးသည်၊ သမုပ္ပန္နံ၊ ဖြစ်ပေါ်၍ လာပါသနည်း။ ကွစိ အဘယ် အရပ်ဌာနနှိ၊ ဗိမ္ဗံ၊ဤကိုယ်ကောင်အထည်ဒြပ်ကြီး သည်၊ နိရုဇ္ဈတိ၊ ချုပ်ဆုံးပါသနည်း။

မာရ်နတ်ကြီး၏ ဆိုလိုရင်း အဓိပ္ပါယ်က သည် လိုတဲ့။ ၊ဤကိုယ်ကောင် အထည် ဒြပ်ကြီးကို ဘယ်ပုဂ္ဂိုလ် ဘန်ဆင်း ပါသလဲ။ ဘန်ဆင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်မှာ တည်နေပါသလဲ။ ဤကိုယ်

ကောင်အထယ်ဖြစ်ကြီးဟာ ဘယ်မှာဖြစ်၍ ဘယ်မှာ ချုပ်ဆုံးပါသလဲ၊ ဆဲသည့်လို ဆိုလိုတယ်၊ သူ့မေးပုံကြီးက ထာဝရ ဘန်ဆင်းတယ် ဆိုတဲ့ အမြင်ပွါယ်နှင့်ကိုက်သွားတာတဲ့မဟုတ်လား။ သည့်မေးပုံကို ထောက်ထားသဖြင့် သည်မာရ်နတ်သားကြီးဟာ ထာဝရဘုရား ဘန်ဆင်းတယ် ဆိုတဲ့ အယူကိုယူကြောင်း ကောင်းစွာ ထင်ရှား သွားတာ ဘဲ မဟုတ်လား။

ဆဲ–သည့်လို သာသနာ့စတော် တရားအချက်နှင့် ဆန့်ကျင်ဘက် မေးမြန်းတဲ့ စကားကို သေလာထေရီမ ကြားတော့ မေ့၍ ကြည့်လိုက်တဲ့အခါ မာရ်နတ်ယုတ်ကြီး ဖြစ်ကြောင်းကို ကောင်းစွာ သိတာနှင့် မလန့် မထိတ် ရဲသော စိတ်ထားဖြင့် အဖြေဂါထာကိုသို့ကလို ပြန်ရွတ်ဆိုတော်မူလိုက်ပါရောတဲ့၊

(၂) နယိဒံအတ္တကတံဗိမ္ဗံ၊
နယိဒံ ပရကတံအဃံ။
ဟေတုံပဋိစ္စသမ္ဘူတံ၊
ဟေတုဘင်္ဂါနိရုဇ္ဈတိ။ ။

(၂) ဟာရေ၊ဟာယ်မာရ်နတ်အယုတ်ထမာကြီး၊ ဗုဒ်မိမ္ဗ၊ ဤကိုယ်ကောင် အထယ် ဖြစ်ကြီးသည်၊

WWW.DHAMMARANSI.COM

အဇ္ဈတ္တံ၊ မိမိကိုယ်တိုင် ဘန်ဆင်း၍ထားအပ်သော အကောင်ကြီးသည့်၊ နဟောတိ၊ စင်စစ် မှတ်လေ မဟုတ်ချေ၊ ဗဟိဒ္ဓါ၊ ဤကိုယ်ကောင်အပယ် ဖြစ်ကြီးသည့်၊ ပရကတ္ထံ၊ သူတပါးတို့ ဘန်ဆင်း၍ ထား အပ် သော အကောင် ကြီး သည် လည်း၊ နဟောတိ၊ စင်စစ်မှတ်လေ မဟုတ်ချေ၊ ဟေတုံ၊ အကြောင်းပစ္စည်းကို၊ ပဋိစ္စ၊ အစွဲပြု၍၊ သမ္ဘူတံ၊ အကျိုး ပစ္စယုပ္ပန်တွေ ဖြစ်ပေါ်၍ နေမှုကြီးသာ တည်း၊ ဟေတုဘင်္ဂါ၊ အကြောင်း ပစ္စည်း တွေ ချုပ်ခြင်းကြောင့်၊ နိရုဇ္ဈတိ၊ အကျိုး ပစ္စယုပ္ပန်တွေ မ ဖြစ် နိုင် ဘဲ ချုပ် စဲ ပျက် စီး ရ လေ တော့ သတည်း။ ။

သေလာထေရီ ရွတ်ဆိုတဲ့ ဂါထာရဲ့ အဓိပ္ပါယ် ကတော့ သည်လိုတဲ့၊ သတ္တဝါတို့၏ ခန္ဓာ ကိုယ် ကောင်ကြီးဟာ မိမိကိုယ်တိုင် ပြုလုပ် ဘန်ဆင်း ထားတဲ့ အကောင်ကြီးလဲ မဟုတ်ဘူး၊ ဘယ်နတ်, ဘယ်ဗြဟ္မာ, ဘယ်သတ္တဝါမှ ပြုလုပ် ထားတဲ့ အကောင်ကြီးလဲ မဟုတ်ဘူး၊ စင်စစ်မှာတော့ အကြောင်းသမုဋ္ဌာန်ကိုအစွဲပြုကာ အကျိုးတရားတွေ ဖြစ်ပေါ်နေတဲ့ ရုပ်ခဲ နာမ်ခဲ ကြီးဗျသာ ဖြစ်တယ်၊ သတ္တဝါ ရယ်လို့ မရှိဘူး၊ သတ္တဝါ တို့၏ ကိုယ်

WWW.DHAMMARANSI.COM


ကောင်ကြီး ရယ်လို့လဲ မရှိဘူး၊ သဏ္ဌာဝါတွေ ဖြစ်အောင်ဖန်ဆင်းတယ်ရယ်လို့လဲ မရှိဘူး၊ အကျိုးအကြောင်းပစ္စည်း ပစ္စယုပ္ပန် ဆက်သွယ်ကာ ဖြစ်ပေါ် ဥပါဒ်နေတဲ့ ရုပ်ကလာပ်, နာမ်ကလာပ် မျှသာ ရှိတယ်၊ အဲ- သို့ကာသို့ မာရ်နတ် ကြီးအား အချုပ်အားဖြင့် ပြောကြားပြီးတော့ ဥပမာ ပုံခင်း၍ အကျယ် တဝင့် ချဲ့ပ ပြောဆိုလိုပြန်တဲ့ အတွက် ဒေသနာ ဂါထာနှစ်ပုဒ်ကို သို့ကာလို ရွတ်ဆိုတော်မူပြန်တယ်။

(၃) ယထာအညတရံဗီဇံ၊
ခေတ္တေဝုတ္တံဝိရူဟတိ။
ပထဝီရသဉ္စာဂမ္မ၊
သိနေဟဉ္စတဒူဘယံ။ ။

(၄) ဧဝံခန္ဓာစ ဓာတုယော၊
ဆစအာယတနာဣမေ။
ဟေတုံ ပဋိစ္စသမ္ဘူတာ၊
ဟေတုဘင်္ဂါနိရုဇ္ဈရေ။ ။

၃။ ဟာရေ၊ ဟာယိမာရ်နတ်အယုတ်တမာကြီး၊ ခေတ္တေ၊ ကောင်းစွာ တည်ထွင် လယ်ကွင်းပြင်၌၊ အညတရံ ဗီဇံ၊ မျိုးစေ့တခုခုကို၊ ဝုတ္တံ၊ စိုက်ပျိုးအပ်သည်ရှိသော်၊ ပထဝီရသဉ္စ၊ မြေဆီဩဇာ အရသာကိုရင်း၊ သိနေဟဉ္စ၊ အေးမြသော့်စိုရေဓာတ်ကိုရင်း၊ တ

WWW.DHAMMARANSI.COM


ဒွါဘယံ၊ ယိုဖြေခေတ် ရေမဘာသွင်ပါးစုံကို၊ အာဂမ္မ၊ ဖွဲ့ တွယ် သမ္မ အကြောင်းပြု၍၊ ဝိရူဟာပ်ယသာ၊ အမြဲအညွှာက် ပေါက်ရောက်စည့်ကား ကြီးပွား သန့်ရွှမ်းလေဘိသကဲ့သို့။

(၄) ပေ၊ ဤနည်း အတူသာလျှင်၊ ခန္ဓာစ၊ ဓုဝ်, ဝေ, သဉ္စ,သင်, ဝိညာဉ် ခေါ်ဌြား ခန္ဓာငါးတို့သည်ရင်း၊ ခေတုနယာစ၊ ခေတ်ဟု ခေါ်ဌြား ဆဲ့ရှစ်ပါးတို့သည်ရင်း၊ ဆ အဇ္ဈတ္တိကာ၊ ယတနခြောက်ပါး, ဗာဟိရာ၊ ယတနခြောက်ပါးဟု ဆိုအပ်ကုန်သော၊ ဓာမေ အာယ တာနာခနိစ၊ ဤ အာယ တန တရား ဆဲ့နှစ်ပါးတို့သည်ရင်း၊ အဇ္ဈိသန္တိ၊ ပရမတ္ထ သဘော အားဖြင့် ထင်ရှားမသေ့ ရှိကြလေကုန်၏၊ တာနိ၊ ထိုခန္ဓာ အာယတန,ခေတ်အပေါင်းတို့သည်၊ ဟောဘုံ၊ အကြောင်း ပစ္စည်းကို၊ ပဋိစ္စ၊ အညွှဲပြု၍ သမ္ဘူတာ၊ ထပ်တလဲလဲ မဖြတ်စဲဘဲ အမြဲနံသ ဖြစ်ပေါ်၍ နေကြ လေကုန်၏၊ ပဟာသုဘာဂါ၊ အကြောင်းပစ္စည်းတို့၏ ပျက်စီးချုပ်ဆုံးခြင်းကြောင့်၊ နိရုဒ္ဓ ရာ-နိရုဒ္ဓါ၊ အသစ် အသစ် မဖြစ်နိုင် ဘဲ ပြတ်စဲ ချုပ်ဆုံးကြလေကုန် သတည်း၊

ဆဲ-မောင်ရင်ကပ အ ပတ်တမာကြီးအားပဋ္ဌာန်းနည်း အားဖြင့် ငါပြောပြောတဲ့တရားကို သင်နားထောင်

WWW.DHAMMARANSI.COM

စမ်း၊ လယ်ကွင်းထဲမှာ မျိုးစေ့ တရုရကို ကြဲချ စိုက်ပျိုး လိုက်တဲ့အခါ မြေဓာတ်အရသာ၊ ရေဓာတ် အရသာ၊ နှစ်ပါးကို အကြောင်း ပြုပြီး အမြစ် အ ညှောက်ပေါက်ရောက် ကြီးပွါးတယ်မဟုတ်လား၊ ဆဲ-သည့်ဥပမာအတိုင်းဘဲ၊ ခန္ဓာငါးပါးဆိုတဲ့တရား တွေ၊ အာယတန တဆဲ့နှစ်ပါးဆိုတဲ့ တရားတွေ၊ ဓာတ်တဆဲ့ရှစ်ပါးဆိုတဲ့ တရားတွေ၊ ဆဲ-သည့်ရုပ် ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တရားတွေဟာ ဆိုင်ရာ ဆိုင်ရာ အကြောင်းကို အမှီပြုပြီး ဖြစ်ပေါ် ဥပါဒ် လာကြတယ်၊ အကြောင်းမရှိခဲ့ပါလျှင်ဘယ်အခါမှ မဖြစ်ပေါ်နိုင်ကြဘူး၊ ဘယ်လိုပင် ဖြစ်ပေါ်၍နေကြ ပါသော်လဲအကြောင်းတရားတွေချုပ်ငြိမ်း၍ ယုတ် ဘ်မ်း‧လိုက်ပြီလို့ ဆိုပါလျှင် အသစ် အသစ်မဖြစ် နိုင်ဘဲ ပြတ်စဲ ချုပ်ဆုံး ကုန်ကြတယ်၊ အဓိပ္ပါယ် ထင်ရှားစွာ ပြဆိုရပါလျှင် လောဘဆိုတဲ့ ဟိတ် ကြီးက ကျေးဇူးပြုနေတဲ့အခါ လောဘနှင့်ဆိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ် နေကြတယ်၊ ဒေါသ ဟိတ်ကြီးက ကျေးဇူးပြုနေတဲ့အခါ ဒေါသနှင့်ဆိုင် တဲ့ ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ်နေကြတယ်၊ ရူပါရုံ ဆိုတဲ့ အဆင်းက အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု နေပါလျှင် စက္ခုဝိညာဉ်နှင့်ဆိုင်တဲ့ နာမ်ဓာတ်တွေ

WWW.DHAMMARANSI.COM


ဖြစ်ပေါ်နေလိမ့်မယ်၊ စက္ခုဝိညာဉ် ဖြစ်ပေါ်အောင်လဲ စက္ခုပသာဒဝတ္ထုက နိဿယသတ္တိဖြင့် ကျေးဇူးပြုပေးတယ်၊ ဆဲ-သည့်လို အကျိုး အကြောင်း ဆက်သွယ်ကာ ဖြစ်ပေါ်နေမှု ကြီး ကို ပင် မျှင် ပရမတ္ထ သဘောကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါတွေက ငါ မြင်တယ်လို့ မှတ်ထင် စွဲလမ်း နေကြတယ်၊ စင်စစ်မှာတော့ငါမြင်တာမဟုတ်ဘူး၊ အစာအာဟာရကို မျိုသွင်းလိုက်တဲ့အခါ အာဟာရဇရုပ်တွေဖြစ်ပေါ်လာတယ်၊ ဆဲ-သည်ကဲ့သို့ အာဟာရပစ္စည်း ကျေးဇူးပြုပုံကိုမမြင်တဲ့ ပုထုဇဉ်သတ္တဝါတွေက ငါ-အား ရှိ လာ တယ်၊ ငါ သန်စွမ်း လာတယ်လို့ သက္ကာယ ဒိဋ္ဌိ တန်ခိုးကြောင့် အမျိုးမျိုး စွဲလမ်း နေကြတယ်၊ စင်စစ်မှာတော့ ငါနှင့်မဆိုင် ငါပိုင် မဟုတ်ဘူး၊ အာဟာရ ပစ္စယ သတ္တိဖြင့် အာဟာရဇ ရုပ်တွေ ဖြစ်ပွားနေမှုသာ မှန်တယ်၊ ပဋ္ဌာန်းပစ္စည်း သဘောအားဖြင့် အကျိုးအကြောင်း ဆက်သွယ်ဖြစ်ပွားနေကြတဲ့ ရုပ်တရား,နာမ်တရား, အစဉ်တွေကို, ပဋ္ဌာန်းဉာဏ်ကို မမြင်တဲ့ ပုထုဇဉ် သတ္တဝါ အပေါင်းတို့က သက္ကာယ ဒိဋ္ဌိ သဘော အားဖြင့် ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား မိန်းမရယ်လို့ မှတ်ထင်ပြီး ငါလှုပ်ရှားတယ်, ငါခံ

WWW.DHAMMARANSI.COM


စားတယ်၊ ငါသိတယ်၊ ငါမြင်တယ်ရယ်လို့ အကြီး အကျယ် ဘောက်ပြန်ကာ လမ်းလွဲ နေကြတယ်။ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ရယ်လို့မှမရှိဘဲ၊ ဘန်ဆင်းတဲ့သူဟာ ဘယ်မှာ ရှိနိုင်ပမလဲ။ အဲ-သို့ကလို ပဋ္ဌာန်းဉာဏ် အားဖြင့် ပေဘန် ခွဲစိပ်၍ မိန့်ကြားတော်မူကြတယ်။ ။

အဲ သည်အခါ ချောက်လှန့်ရန်လာ ရောက်တဲ့ မာရ်နတ်အယုတ်တမာကြီးဟာ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး "သေလာဝေမိ ဘိက္ခုနီဟာ ငါ့အကြောင်းကိုကောင်းစွာသိကုန်ပါပေါ့ကလား" အဲ-သို့ကလို တွေးတောဆင်ခြင်ပြီး လျှင်လျှင် မြန်မြန် ဘန်ဆင်းတဲ့ ရုပ်သွင်ကို ဖျောက်၍ လွတ်လပ်ရာ အရပ် ဝေးသို့ ထွက် ပြေး တိမ်း ရှောင် လေ သတည်း။ ။

ဤဝတ္ထု၌ "ဟေတုံပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ" ဟူသော ဂါထာပုဒ်သည် ပဋ္ဌာန်းဒေသနာ အချက်နှင့် လွန်စွာ သက်ဆိုင်လှပေသည်။ အကြောင်း ပစ္စည်း အမျိုးမျိုးကိုအစွဲပြု၍ အကျိုးပစ္စယုပ္ပန်အမျိုးမျိုးတွေဖြစ်ပေါ်၍ နေပုံကို ပဋ္ဌာန်းကျမ်းကြီး၌ နည်းအမျိုးမျိုးတို့ဖြင့် ဟောကြား လျက်ရှိပေသည်။ သေလာဝေမိ ဘိက္ခုနီ ဟောစဉ်က မာရ် နတ်ကြီးအား ပဋ္ဌာန်းနည်းအမျိုးစုံဖြင့် ကျယ်ဝန်းစွာ ဟော ကြားပြလိမ့်မည်။ ထိုရာတွင် သင်္ဂါယနာ တင်သောအခါ

WWW.DHAMMARANSI.COM



လွန်စွာ ကျယ်ဝန်းမည်စိုး၍ အချုပ် ဂါထာမျှဖြင့်သာ သင်္ဂါယနာ တင်သည်ဟု ယူဆထိုက်ပေသည်။

သေလာထေရီ ဘိက္ခုနီက ပဋ္ဌာန်းနည်းအားဖြင့် ဟောကြားတော်မူရာမာရ်နတ်အယုတ်တမာကြီးထိတ်လန့်ကြောက်ရွံ့ ရှာထွက်ပြေး ရကြောင်းကို ထောက်ထားသဖြင့် ပဋ္ဌာန်းပါဠိတော် ကြီးများကို ရွတ်ဖတ် သရဇ္ဈာယ် သော အခါ မကောင်းဆိုးဝါး ဘုတ်ပြိတ္တာ , သရဲ, သဘက်များ ကြောက်လန့် ထွက်ပြေး၍ ဘေးအန္တရာယ် အမျိုးမျိုး ကင်းရှင်းနိုင်သည်ဟုရှေးရှေးဆရာကြီးများ မိန့်ကြားတော်မူခဲ့ကြပေသည်။ ဤမိန့်ကြားတော် မူချက်အတိုင်း အစဉ် အဆက် အား ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီးများကို ဗုဒ္ဓဘာသာဝင် လူရှင်အများတို့ ရွတ်ဆို၍ လာခဲ့ ကြပေသည်။ ယခုအခါ ကာလ၌လည်း ပဋ္ဌာန်းပါဠိတော်ကြီးများကို ရွတ်ဆို သရဇ္ဈာယ်တော်မူကြပါကုန်။ ။ဤဝတ္ထုကို ပဋ္ဌာန်း အမေးအဖြေနှင့် သက်ဆိုင်သောကြောင့် သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်ကြီးမှ ထုတ်ဆောင်၍ပြလိုက်ပါသတည်း။ ။

(သေလာထေရီဝတ္ထု ပြီး၏။)

WWW.DHAMMARANSI.COM

# မဟာဂမိယတိဿဝတ္ထု၊

(ပဋ္ဌာန်းဒေသနာကို သုံးသပ် ဆင်ခြင်တော်မူ ခြင်းအားဖြင့် ရဟန္တာအဖြစ်သို့ရောက်ကြောင်းကို ပြဆိုသောဝတ္ထု။)

ရှေးအခါ သီဟိုဠ်ကျွန်းမှာ မဟာဂမိဂမိယ တိဿဒတ္တအမည်ရှိတဲ့ သီလဝန်ပုဂ္ဂိုလ်ကြီးတပါး ထင်ရှား ရှိတော်မူတယ်၊ အဘိဓမ္မာ ခုနှစ်ကျမ်းကို အစအဆုံး အားလုံး ဆောင် ရွက်တဲ့ ပုဂ္ဂိုလ်ကြီး ပေပေါ့၊

ထိုမထေရ်ကြီးသည် တနေ့သောအခါ မြတ်စွာ ဘုရား ပွင့်တော်မူရာ ဖြစ်တဲ့ ဇမ္ဗူဒိပ်ကို ဖူးမြင် ခြင်းအလို့ငှာ သီဟိုဠ်ကျွန်းမှ သင်္ဘောစီး၍ မဇ္ဈိမ တိုင်းကြီးသို့ ထွက်ကြွတော် မူလာတယ်၊ ကမ်း မမြင် တဲ့ သ မုဒ္ဒရာ အ လ ယ် သို့ ရောက် တော့ သင်္ဘောဘက်မှနေ၍ ထိုမှဤမှ ရှုစားတော်မူလိုက် ရာ ဟိုဘက်ကမ်းကိုလဲမမြင်ရ၊ သည်ဘက်ကမ်းကို လဲမမြင်ရ၊ အရပ်ရှစ်မျက်နှာတခွင်မှာ ရေအပြင်ကို သာ မြင်တော်မူရတယ်၊ သမုဒ္ဒရာ ရေပြင်ပေါ်မှာ တငြိမ့်ငြိမ့်, တလိမ့်လိမ့်နှင့် နိမ့်တုံ, မြင့်တုံ, လှုပ်ရှား

WWW.DHAMMARANSI.COM


နေကြတဲ့ ကြောက်မက်ဘွယ် လှိုင်းလုံးကြီးတွေကိုလဲ မြင်တော်မူရတယ်၊

ထိုအခါ မထေရ်ကြီး၏ စိတ်ထဲမှာ ဘယ်လို အကြံဖြစ်လာသလဲဆိုတော့သည့်လိုတဲ့၊ ဤသမုဒ္ဒရာကြီးဟာ ကမ်းမမြင် လမ်းမမြင် အလွန်ပင် ကျယ်ဝန်းပါပေတယ်၊ တောင်ရှိကမ်းရှိ လှိုင်းအိ လှိုင်းလုံးကြီးတွေကလဲ ထဖြုန်းဖြုန်းထကြွ ပုတ်ခတ်လို့ နေကြတယ်၊ အဘိဓမ္မာ ခုနစ် ကျမ်း မှာ ပဋ္ဌာန်းပါဠိတော်ကြီးဟာလဲ လွန်စွာ နက်နဲ ကျယ် ဝန်းတယ်၊ ပဋ္ဌာန်းကျမ်းနှင့်သမုဒ္ဒရာကြီးကို နှိုင်းစာလို့ ကြည့်လိုက် ပါချင် သမုဒ္ဒရာ ကြီးဟာ ဘယ့်ကလောက်ပင် ကျယ်ဝန်းတယ် ဆိုသော်လဲ ဟိုတဘက်ကမ်းမှာ စကြာဝဠာတောင်ကြီးဖြင့် တားဆီးပိုင်းခြား၍ ထားတယ်၊ သည်ဘက်ကမ်းမှာ ဇမ္ဗူဒိပါကမ်းရိုးဖြင့် တားဆီးပိုင်းခြားလို့ ထားတယ်၊ အောက် အပြင်မှာတော့ မဟာပထဝီ မြေကြီးဖြင့် ပိုင်းခြားလို့ ထားတယ်၊ အထက် အပြင်မှာတော့ ကောင်းကင်ဖြင့် ပိုင်းခြားလို့ထားတယ်၊ ဤ-သို့ကလို သမုဒ္ဒရာ၏ အပိုင်း အခြားဟာ ထင်ရှားစွာ ရှိတယ်၊ ပဋ္ဌာန်းကျမ်းကြီး၏ အပိုင်းအခြားမှာတော့ အကျယ်ဝန်းကြီးကျယ်လှသဖြင့် ဘယ်မှာမှအပိုင်း

WWW.DHAMMARANSI.COM


အခြား ရယ်လို့မရှိဘူး။ သဗ္ဗညုတဉာဏ်တော် ၏ မြူးကွန့်လှုံးလွှန့်ရာ အစစ်ကြီး ဖြစ်ပေတယ်။ အဲသို့ကာလိုဆင်ခြင်တော်မူပါသတဲ့။

ထိုအခါ မဟာထေရ်မြတ်ကြီး၏ စိတ်ထဲမှာ လွှန်စွာ နှစ်သိမ့်တဲ့ ပီတိဇောတွေ ဖြစ်ပွါးလာပြီး ပဋ္ဌာန်း ကျမ်းကြီးကို အဖြန်အလှန် သုံးသပ် ဆင်ခြင်တော်မူလိုက်ရာ သဘော်ပေါ်မှာပင် ကိလေသာ ကွာချော၍ မြတ်သောရဟန္တာအဖြစ်သို့ ရောက်တော်မူလေသတည်း။ ထိုအခါလွှန်စွာဝမ်းမြောက်တော်မူလှသဖြင့် ပဋ္ဌာန်း ကျမ်းကြီးကို ဆွဲဆိုပြီး ဥဒါန်း ဂါထာကြီးကို သို့ကာလို ရွတ်ဆိုတော်မူလိုက်တယ်။

အဇ္ဈေဝဂမ္ဘီရ ဂတံသုဒုဗ္ဗုဓံ၊
သယံအဘိညာယ သဟေတုသမ္ဘဝံ။
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံဝ ပဿတိ။ ။

ဘောဓန္ဓော၊ ဒို– လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏၊ နိခိလေန၊ တရား ဥဿုံ အလုံးစုံကို အကုန်မြင်တော်မူပြီးသော၊ မဟေသိနာ၊ ရှင်တော်မြတ် ဘုရား သည်။ သယံ၊ ကိုယ် တော် တိုင်။ သဟေတုသမ္ဘဝံ၊ အကြောင်း အကျိုးနှင့် တကွ။ အဘိညာယ၊ ထိုးထွင်းသိမြင်တော်မူပြီး၍။ ဒေသိတံ။

WWW.DHAMMARANSI.COM


ဟောတော်မူအပ်သော၊ သုဒ္ဓဉ်ဦးမုံ၊ အလွန် တရော ဖြင့်နိုင် ခဲ့ရှာပွားထသော၊ ဂန္ဓီရဂတ်၊ နက်နဲ ခြင်း ကြီးနက်နဲ့သာပေသော ပဋ္ဌာန်း ကျမ်းမြတ်ကို၊ ရှုပ ဂထံ၀၊ လက်၀ယ်တင်ထားပတ္တမြားရှင်သွင်ကဲ့သို့၊ ပဿတ်-ပသသနော္တော၊ ထင်ရှားပိုင်ပိုင်ဖြင့်နိုင်သော ပုဂ္ဂိုလ်ထူးသည်၊ အဖွေ့ဝ၊ ရှိပေသေး သည်ဟော လျှင်ကထည်း။

ဤ၀ဏ္ဏနာ၌ မဟာဂန္ဓယတိသာမထေရ်မြတ်ကြီး သည် သမုဒ္ဒရာကြီးနှင့် နှိုင်းယှဉ်၍ ပဋ္ဌာန်း ကျမ်း ကြီးကို ဆင်ခြင်တော်မူရာတွင် ပဋ္ဌာန်းဉာဏ်တွေ ပွင့်လင်း၍ ကိလေသာကင်းသော ရဟန္တာအဖြစ် သို့ ရောက်တော် မူလေသည်၊ သမုဒ္ဒရာ အလယ် သင်္ဘောပေါ် ၌တည်လျက် ဤမထေရ် ကြီးကဲ့သို့ ရဟန္တာ ဖြစ်သော ပုဂ္ဂိုလ် များသည် သာသနာ တော်မှာ အလွန်ထရာမှ ရှားပါးလှပေသည်။

ဤ၀ဏ္ဏနာကို ထောက်ထား ဆင်ခြင်သော အား ဖြင့် ဉာဏ်ပညာကြီးရင့်ကြောင်း၊ ကိလေသာကွာ ရှင်းကြောင်းဖြစ်သော ပဋ္ဌာန်း ပါဠိတော် ကြီးများ ကို သာသနာတော်နှင့် တွေ့ကြုံဆဲအခါ လူဖြစ်ကျိုး နပ်ကြ လေအောင် လေးလေး စားစား မှတ်သား ဆောင်ရွက်သင့်ကြပေသတည်း။

WWW.DHAMMARANSI.COM

## ရောင်ခြည်တော်ဖွင့်
## ရှစ်လုံးဘွဲ့ မြန်မာကဗျာ

# ပဋ္ဌာန်းဘွဲ့

(၁) ဘုန်းတော်အောင်ပန်း၊ ညောင်နန်းမဉ္ဇိုင်၊
ပလ္လင်ဘူမိ၊ ဗောဓိခရိုင်၊
မြိုင်ဆိုင်ရန်ကျော်း၊ မာန်ဘေးရတ်ချိုင်၊
သဗ္ဗာပန်း၊ ဆင်းမြန်း ရွှေလက်ကိုင်၊ ။

(၂) ရေမြေဘဝင်၊ ပျို့တက်ဆုဝေ၊
နတ်လူညွတ်ဦး၊ ထွန်းဖူးပရမေ၊
သတ္တာသတ္တ၊ ပြောင်းကြွကွန့်ချွေ၊
ရွှေဗိမ်နန်း၊ စံမြန်းခါတဲ့လေ၊ ။

(၃) ဟောတုဟောတု၊ မြေထုလှိုက်ခုံ၊
ရွှေဉာဏ်တော်ထွမ်း၊ ပဋ္ဌာန်းအစုံ၊
ဆင်ခြင်တုံ့ဘိ၊ ပဋိနှုလုံ၊
ကိုယ်ဒီတော်ကြီး၊ ရေမိုးရိုက်သန်းမြို၊ ။

## နီလရောင်ခြည်တော်ဘွဲ့

(၄) ဆံကေဖြကုံး၊ မျက်လုံးမျက်တောင်၊
မုတ်ဆိတ်တောင်များ၊ မြသားအရောင်၊

WWW.DHAMMARANSI.COM


အပိပ်ပိပ်မှ၊ ဘိတ်ဘိတ်ညှိမှောင်၊
ထိန့်ထိန့်လျှမ်း။ တိမ်ပန်းအာကာသောင်။
(၅) မြရောင်ပြိုသ၊ နီလခေါ်ဆို၊
စိမ်းပြာမှောင်ခဲ၊ အောင်မဲအညို။
ထွက်ကွန့်မြူးတော့၊ ကြည်နူးဘွယ်ကို၊
နီလာယာဉ်၊ လွှဲခပ်နေသည်။ ။
(၆) ကြာညိုလိုင်တုန်း၊ မြိုင်လုံးပွင့်ဟန်၊
တိမ်ညိုရဆိုး၊ ဖြန့်မိုးပြာဟန်။
ဥဒေါင်းလည်ရေး၊ မြသွေးသဏ္ဍာန်၊
တခွင့်လုံး၊ ရွှင်ပြုံးမြရေကန်။ ။

## ပီတရောင်ခြည်တော်ဘွဲ့

(၇) အရေတော်ပါး၊ ရွှေသားသင်ဂီ၊
ဝါလျှံထိန့်ဝင်း၊ကိုယ်တွင်းအဆီ။
ကြည်ကြည်ပထို၊ ပီတရုံသီ၊
တလက်လက်၊ ပေါ်ထွက်ဖြန့်ကြဲငြိ။
(၈) နေရောင်ထိုးရက်၊ မြူးပျက်ရွှေတောင်၊
ရွှေခဲရွှေမိုး၊ ငွေပြိုးသယောင်။
ရွှေပြတာန်မိုး၊ ပြိုးပြိုးပြောင်ပြောင်၊
လွှဲလွှဲခပ်၊ ရွှေယာဉ်ရာသောင်းထောင်။
(၉) မဟာလှေခါး၊ စကားရွှေနွယ်။
ရွှေရောင်မောတ်သန်း၊ လျှပ်ပန်းသဖွယ်။

WWW.DHAMMARANSI.COM


ရှုမခန်းပ၊ ဆန်းဆန်းကြယ်ကြယ်၊
တိုက်အလုံး၊ ရွှေကုံးဆင်သချယ်။ ။

## လောဟိတရောင်ခြည်တော်ဘွဲ့

(၁၀) လျှာတော်နှုတ်ခမ်း၊ နှိမြန်းရုံညီ၊
ခြေ,လက်,နှစ်ပါး၊ ဘဝါးအနီ၊
ကိုယ်တော်အသွေး၊ တွေးတွေး ရုံသီ၊
ထွက်ကွန့်မြန်း၊ ခက်ပန်းရိုင်နှိုင်းဆီ။ ။

(၁၁) ပဒ္ဒုမြားကြီး၊ နေမီးတူပြိုင်၊
နီတွေးရောင်လျှမ်း၊ ခေါင်ရမ်းအခိုင်၊
တိမ်ပန်းတိမ်ညွှန့်၊ လိမ်တွန့်ဆိုင်ဆိုင်၊
ရဲရဲပြိုး၊ မဟာကြောက်ဂုယှိုင်။ ။

(၁၂) ကမ္ဗလာပဲ၊ ရဲရဲချစ်ရုံ၊
ပြတာန်ဖြန့်ရိုး၊ နီမျိုးအစုံ၊
မဏိယာပ်ဆွဲ၊ ခပ်လှဲသည်ပုံ၊
တိုက်ခပင်း၊ အလင်းပိုက်သိမ်းခြုံ။ ။

## ဩဒါတ ရောင်ခြည်တော်ဘွဲ့

(၁၃) စွယ်တော်(၄)ခါတ်၊ သွားမြိတ်(၄)ဆယ်
ဥဏ္ဏာလုံမွေး၊ ဖြူဖွေးအနွယ်၊
မျက်ဖြူ တော်မြတ်၊ ရိုးခါတ်သွယ်သွယ်၊
ဩဒါတ၊ ဖြူစွလွန်စင်ကြယ်။ ။

WWW.DHAMMARANSI.COM



(၁၄) စပယ်ကြက်ရုံး၊ ဇွန်ကုံးပန်းမာလ်၊
ဘွဲ့ဖြူပုဆိုး၊ ဖြန့်မိုးဖြတာန်၊
ပုလဲဆင့်လျှို၊ ခြဲနှိုင့်ဖလ်မှန်၊
အရှိန်ဟပ်၊ စိန်ချပ်ပုံသဏ္ဌာန်။ ။

(၁၅) စိန်ကျောက်ခဲ၊ မြောက်ကြမ်မှောက်သွန်၊
သုန်သုန်လေဖြန်း၊ ရေပန်းတံခွန်၊
ငွေရေယဉ်ကြီး၊ ကျစီးငွေပြွန်၊
ဖြူရောင်ဖွေး၊ ရောင်ထွေးလိမ်ရှက်လွှန်။ ။

(၁၆) ငွေပုဏ္ဏိန်စိန်း၊ လနန်းယာဉ်ဆောင်၊
ယုန်ဖြူစက်ဝန်း၊ တက်ထွန်းသယောင်၊
ရွှဲတသိမ့်သိမ့်၊ ငြိမ့်ငြိမ့် ပါအောင်၊
ခပ်လေငြား၊ ငွေသား ငွေယင်တောင်။ ။

(၁၇) ဘုံနယ်တလွှား၊ ဘောင်သားဘောင်ဆိုင်၊
ကြယ်စုံ သောက်ရူး၊ တောက်မြူးအမြိုင်၊
ဖြူရောင်ရှက်ထို၊ ဘဝဂ်ဘုံတိုင်၊
ဆင့်ဆင့်ပြေး၊ ဖြူဖွေး ဘယ်ဆုံးနိုင်။ ။

မဉ္ဇူသရောင်ခြည်တော်ဘွဲ့

(၁၈) ဆံတော်အဖျား၊ ဘဝါးတော်တိုင်၊
ချွေကိုယ်တော်လုံး၊ ပတ်ကုံးထမြိုင်၊
အပိပ်ပိပ်မှ၊ ဘိတ်ဘိတ်ရောင်ဆိုင်၊
မဉ္ဇူသ၊ ထွက်ကြွကွန့်မြူးလှိုင်။ ။

WWW.DHAMMARANSI.COM


(၁၉) သခြေဖြှဲ့ကြီး၊ အသီးရောင်ဖပ၊
မိုးကြိုးရည်ကောင်း၊ နီမောင်းသလေး၊
ခရမ်းရင့်ရင့်၊ ပန်းပွင့်ပုံနေ၊
ရှုမညောင်း၊ ရောင်မောင်းလျှံကွန့်ဝေ၊ ။

ပဘဿရရောင်ခြည်တော်ဘွဲ့

(၂၀) နီတွေးနှုထွား၊ ဘဝါးတော်ရုံ၊
ရောင်လျှံတော်ဆုံး၊ ကိုယ်လုံးအကုန်၊
အပိပ်ပိပ်မှ၊ ဘိတ်ဘိတ်ရောင်ဟုန်၊
ဖြိုးဖြိုးဖြက်၊ ဖြန်းထွက်လေကြွပုံ၊ ။

(၂၁) ဆေးစုံစပ်နှော၊ ဖြတ်သောရောင်ရှိန်၊
မီးပန်းလျှပ်ပန်း၊ နတ်နန်းဝတိန်၊
ဥက္ကာကြယ်ကြွေး၊ ညီးညီးထိန့်ထိန်၊
နေရောင်ရှက်၊ ဒေါင်းကွက်ရတိစိန်၊ ။

(၂၂) ယိမ်းတနွဲ့နွဲ့၊ စိမ်းလွဲ့ဝါရောင်၊
ပန်းရုံဆင်နွဲ့၊ ဖွင့်ကြဲသယောင်၊
မိဿာဆန်းတဲ့၊ တိမ်ပန်းတိမ်တောင်၊
လက်လက်လျှမ်း၊
ဖြက်ဆန်းနေသောင်းထောင်၊ ။

ရောင်ခြည်တော်ခြောက်ပါး ကွန့်မြူးဟန်

(၂၃) ခြောက်ဖြာလျှံလွှန့်၊ မြူးကွန့်ရောင်ဝေ၊

WWW.DHAMMARANSI.COM


ကျောက်မျိုးပိန့်မျိုး၊ မှိန့်ညှိုးသလေ၊
ဘုံ,ဖြာဟွာ,နတ်၊ ဖြာသာဒ်ဆောင်တွေ၊
ထွန်းနိုင်ဘဲ၊ ဖြာပွဲမှောင်ခုချေ၊ ။

(၂၄) မြရောစိန့်ရော၊မှိန့်သောရောင်ခြည်၊
နေ့ဝန်းလဝန်း၊ပထွန်းမကြည်၊
ဖြာဟွာဂိုဏ်းနှင့်၊နတ်တိုင်းရွှေပြည်၊
နေရောင်ဖုံး၊ ပိုးရန်းတူကြသည်၊

(၂၅) လောကဓာတ်လုံး - မဆုံးနိုင်ပေါင်၊
ဗိုဿဆယ်ခန်း-ကြွမြန်းအရောင်၊
မြေထု,ရေထု,-လေထု,ကုန်အောင်၊
ဆင့်ဆင့်စွဲ၊ တင့်ကဲထိန်တောက်လောင်၊

(၂၆) ပဋ္ဌာန်းသိမ်မွေ့-ရှိန့်ငွေ့တော်ပင်၊
ခြောက်ဆူရောင်ဖြိုး-တန်ခိုးအရှင်၊
ဆဗ္ဗညုဟု-မည်ခုကျော်ထင်၊
ဦးညွှတ်တွား-ဘုရားမြတ်သခင်၊ ။

(၂၇) ကြည်ညှိုလေးမြတ်-ရေးစပ်နိုင်းချိန်၊
လယ်တီပဏ္ဍိ-ကာဝိကာဝိန်၊
သဒ္ဓါပွားလို့-နာကြားမြိန်မြိန်၊
ရွတ်ဆိုရေး-လှူပေးဥာဏ်စက်ရှိန်၊ ။

ရောင်ခြည်တော်ဘွဲ့ မြန်မာကဗျာပြီး၏။